ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် – ၆၀၀ ၂၉၈ ၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၀ ၃၀၇ ၀၆၁၀

ဥပုသ်စာဖြေကျောင်းသင်ခန်းစာ
မြန်မာလူကြီးတန်း

အုပ်ရေ – ၄၅၀၀

ဓမ္မဒါန

ပုံနှိပ်သူ။ ဦးဒိုဟင်ပေါင် (၀၇၉၄၅)၊ ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဦးစောမဲမရီထွန်း (ယာယီ–၁၃၆၈)၊ ဥပုသ်စာဖြေကျောင်းသင်ခန်းစာ၊ အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ်

# SABBATH SCHOOL LESSON

မြန်မာလူကြီးတန်း

# **ရောမအဆုံးအမစာမှကယ်တင်ခြင်း**

**Don F. Neufeld ရေးသားသော *REDEMPTION IN ROMANS***
**စာအုပ်ကို အငြိမ်းစားဆရာကြီးဦးစောဂေးလ်ဘတ်ဂျီးက**
**မြန်မာပြန်ဆိုသည်။**

ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ
၂၀၁၀ ခုနှစ်

(ပထမအကြိမ်)

ဥပုသ်စာဖြေကျောင်းသင်ခန်းစာ

## မြန်မာလူကြီးတန်း

# ရောမအဆုံးအမစာမှကယ်တင်ခြင်း

ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ

၂၀၁၀ ခုနှစ်

F-1

## မာတိကာ


၁။ ပေါလုနှင့်ရောမအဆုံးအမစာ------------------၆

၂။ ဂျူးနှင့်တစ်ပါးအမျိုးသား--------------------၁၄

၃။ လူတိုင်းအပြစ်ပြုကြပြီ----------------------၂၃

၄။ ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း---------၃၁

၅။ ဖြောင့်မတ်ခြင်းနှင့်ပညတ်တရား----------------၃၉

၆။ ယုံကြည်ခြင်းကိုရှင်းပြခြင်း--------------------၄၇

၇။ အပြစ်ပေါ်အောင်ပွဲခံခြင်း---------------------၅၅

၈။ ရောမအဆုံးအမစာ (၇) မှပုဂ္ဂိုလ်--------------၆၄

၉။ ခရစ်တော်၌လွတ်လပ်ခြင်း--------------------၇၂

၁၀။ ဂျူးနှင့်တစ်ပါးအမျိုးသားများအတွက်ကယ်တင်ခြင်း---၈၀

၁၁။ ကျေးဇူးတော်၏ရွေးချယ်ခြင်း------------------၈၉

၁၂။ ချစ်ခြင်းမေတ္တာနှင့်ပညတ်တရား---------------၉၇

၁၃။ ဝေဖန်သုံးသပ်ခြင်း------------------------၁၀၆

## ရောမအဆုံးအမစာမှကယ်တင်ခြင်း

“ကျုပ်ဟာ အမှန်တကယ်ခရစ်ယာန်ဘာသာရေးကိုင်းရှိုင်းတဲ့ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးဖြစ်ပါတယ်။ ကျုပ်ရဲ့အသင်းတော်ကစည်းမျဉ်းများကို ကျုပ်ရှင်းပြနိုင်တာထက် ပိုပြီးတိကျစွာလိုက်နာပါတယ်။ အကယ်၍သာကျုပ်လိုလူမျိုးဟာ ကိုယ့်ရဲ့လုပ်အားနဲ့ကောင်းကင်ဘုံကိုရောက်နိုင်မယ်ဆိုရင် ကျုပ်ဟာအမှန်ကို ခံစားထိုက်ပါတယ်။ ကျုပ်ဟာဆက်လက်ကျင့်နေရင် ကျုပ်၏အသက်ကိုပင် စတေးခံမည်။”

သူဘယ်လောက်ပင်ကြိုးစားအားထုတ်လုပ်ကိုင်သော်လည်း ဘုရားသခင်သည် သူ့အားလက်ခံသည်ဟု ဘယ်သောအခါမျှ မခံစားရ။ သူသည် ကယ်တင်ခြင်းရနိုင်သည်အထိ ကောင်းမြတ်သည်ဟု သူ့ကိုယ်ကိုဘယ်သောအခါမျှမယုံကြည်ခဲ့ပါ။ သူသည် အလွန်စိတ်ဓါတ်ကျဆင်းကာ သူ၏ခံစားချက်ကြောင့် သူ၏ကိုယ်ခန္ဓာနှင့်စိတ်သည် ပျက်စီးယိုယွင်းလာပြီဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် နောက်ဆုံးအချိန်၌ ဘုရားသခင်အပြစ်သားများကို စီရင်သည့်အခါ ရင်ဆိုင်ရန် ကြောက်သောကြောင့်ဖြစ်သည်။

ထိုသို့စီရင်ခြင်းကို မည်သူမကြောက်ဘဲနေနိုင်အံ့နည်း။

ထိုနောက်တစ်နေ့သ၌ သူသည် ကျမ်းစာတော်မြတ်ကို လေ့လာနေသည်။ ထိုနောက်၎င်း၏အသက်တာကို ပြောင်းလဲလိုက်ရုံသာကမဘဲ ကမ္ဘာ့သမိုင်းကိုပါ ပြောင်းလဲလိုက်သောကျမ်းပိုဒ်တစ်ပိုဒ်ကိုသူသည်တွေ့ရှိလိုက်သည်။ “ဖြောင့်မတ်သောသူတို့သည် ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်။” (ရောမ ၁း၁၇)။



ဖြောင့်မတ်ခြင်းတရားသည် သူ၏စိတ်နှလုံးတံခါးကို ဖွင့်လိုက်ပြီဖြစ်၏။ ဘုရားသခင်သည် သူ့ကိုလက်ခံလိုက်ကြောင်း ပထမဦးဆုံးခံစားလိုက်ရသည်။ ဤအရာသည် သူ၏အလုပ်နှင့်အပ်နှံမှုကြောင့်မဟုတ်၊ ခရစ်တော်သူ့အတွက် အသေခံခြင်းကြောင့်ဖြစ်သည်ကို သူနားလည်လိုက်ပြီ။

ထိုသူသည် မာတင်လူသာ (Martin Luther) ဖြစ်သည်။ ဘုရားသခင်သည် မာတင်လူသာအား ခရစ်ယာန်တို့၏သမိုင်းတွင် အကြီးကျယ်ဆုံးသောခရစ်ယာန်ဘာသာရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်ရန် အသုံးပြုလိုက်သည်။ (Protestant Reformation) ကိုစတင်လိုက်ခြင်းဖြစ်သည်။

မာတင်လူသာအတွက် ရောမအဆုံးအမစာတွင် အစပြုခဲ့သည်။ ယခုတတိယကွာတာ (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ) တွင် လေ့လာမည့်ခေါင်းစဉ်ဖြစ်သည်။ ရောမအဆုံးအမစာကိုလေ့လာရာ၌ အရေးကြီးသောစည်းမျဉ်းကို လိုက်နာရမည်။ ဤစည်းမျဉ်းသည် ရှေးရောမမြို့သားတို့အား ကျမ်းစာတော်မြတ်ကဘာကိုပြောနေသည်ကို ကြိုးစားရှာဖွေရန်ဖြစ်သည်။ ပေါလုရှင်းတို့အား ဘာကိုပြောနေသနည်း။ အဘယ်ကြောင့်ပြောသနည်း။ ပေါလုသည် ရောမမြို့၌ရှိသောခရစ်ယာန်တစ်စုကို အထူးရေးစရာအကြောင်းရှိသည်။ အချို့သောအကြောင်းအရာများကို ရှင်းလင်းအောင်ပြောရန်ရှိသည်။ သို့သော် ဤဖြောင့်မတ်ခြင်းတရားများသည် ပေါလု၏ရှေးဦးစာဖတ်ပရိသတ်တို့အတွက် သွန်သင်ရုံသာမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား ဤစာများသည် သမိုင်း၏နှစ်ထောင်ပေါင်းများစွာကို ဖြတ်သန်းကျော်သွားကာ ပွဲတင်ရိုက်ခဲ့ပြီး သန်းပေါင်းများစွာသောသူတို့ကို ဧဝံဂေလိသတင်းစကား

## နိဒါန်း

၏အဓိကသဘောတရားဖြစ်သည့် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်းအကြောင်းဖြစ်သည်။ ရောမအဆုံးအမစာမှ ဤအလင်းရောင်ခြည်သည် လူသာနှင့်သန်းပေါင်းများစွာသောသူတို့ကို လွှမ်းခြုံထားသောအမှောင်ထုကြီးကို ဖြိုခွင်းလိုက်သည်။ ဤအလင်းရောင်သည် အပြစ်သားများကို ကြီးမြတ်သောခရစ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ၎င်းတို့၏အပြစ်များကို လွှတ်တော်မူပြီး သန့်ရှင်းအောင်ပြုလုပ်နိုင်သည်ကိုပြသည်။ ထိုနောက် ဤအလင်းရောင်သည် ရောမအဆုံးအမစာ၏စာမျက်နှာများမှ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းအကြောင်းကိုကျွန်ုပ်တို့တွေ့ရှိနိုင်ရန် ထောက်ကူပြုမည်ဖြစ်ပါသည်။

–၀–



## သင်ခန်းစာ (၁)
## ပေါလုနှင့်ရောမအဆုံးအမစာ

ဇွန် ၂၆ – ဇူလိုင် ၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇွန် ၂၆**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** တမန်တော် ၂၈း၁၇–၃၁။ ရောမ ၁း၇။ ၁၅း၁၄၊ ၂၀–၂၇။ ဇေက် ၁။ ဖိလပ္ပိ ၁း၁၂။

**အလွတ်ကျမ်းချက်**

**“သင်တို့၏ယုံကြည်ခြင်းအရာသည် မြေတစ်ပြင်လုံး၌ အနှံ့အပြားကျော်စောသည်ဖြစ်၍ သင်တို့အကြောင်းကြောင့် ယေရှုခရစ်အားဖြင့် ငါ၏ဘုရားသခင်ကျေးဇူးတော်ကို ရှေးဦးစွာငါချီးမွမ်း၏။” (ရောမ ၁း၈)။**

ကျွန်ုပ်တို့ရောမအဆုံးအမစာကို လေ့လာရာ၌ ရှေးဦးစွာစာအုပ်၏သမိုင်းနောက်ခံကိုလေ့လာသင့်သည်။ ထိုသို့ပြုလျှင် ရောမ ၁း၁ မှစပြီး ကျမ်းတစ်ပိုဒ်ပြီးတစ်ပိုဒ်တစ်အုပ်လုံးကို လေ့လာရမည်ဖြစ်၏။ သို့သော် ဤအဆုံးအမစာကို (၃) လနှင့်အပြီးလေ့လာရန် ကန့်သတ်ထားခြင်းကြောင့် အလွန်အရေးကြီးသောအကြောင်းအရာများကိုသာ လေ့လာရန် ရွေးချယ်ရမည်ဖြစ်၏။

ရောမအဆုံးအမစာကို လေ့လာသောသူတစ်ဦးသည် ၎င်းစာအုပ်၏နောက်ခံသမိုင်းကို နားလည်ရန် အလွန်အရေးကြီးပါသည်။ ထိုနောက်ခံသမိုင်းကိုမသိရှိသော် ပေါလုပြောဆိုသောအရာများကို

နားလည်ရန် အလွန်ခက်ခဲမည်ဖြစ်၏။ ပေါလုသည် ခရစ်ယာန်တစ်စုကိုအချိန်တစ်ချိန်၌ အကြောင်းတစ်ခုကြောင့် စာရေးသားနေခြင်းဖြစ်သည်။ ထိုအကြောင်းအရာသည် ကျွန်ုပ်တို့၏လေ့လာခြင်းကို ကြီးစွာသောအထောက်အကူပေးမည်ဟုလည်း သူသိသည်။

ရှေးမဆွကပင် ရေးသားခဲ့သော်လည်း နိုင်ငံအသီးသီးတွင် အခြေအနေအမျိုးမျိုး၌ရှိသောဘုရားသခင်၏လူများအတွက် ယခုနေ့အချိန်မီသတင်းကောင်းတစ်ရပ်လည်းဖြစ်သည်။ ထိုကြောင့် အဆုံးအမစာတွင်ပါသောစကားများကို ဆုတောင်းခြင်းဖြင့် သေချာစွာနားထောင်ပြီးမိမိတို့၏အသက်တာတွင် အသုံးပြုရန် လိုအပ်မည်ဖြစ်၏။

## တနင်္ဂနွေ ဇွန် ၂၇

**နေရာနှင့်ရက်စွဲ။ (တမန်တော် ၁၈:၂၃)။**

(တမန်တော် ၁၈:၂၃) အရ ပေါလု၏တတိယမြောက်ခရစ်ယာန်သာသနာပြုခရီးစဉ်၌ မည်သည့်အရေးကြီးသောမြို့များကို ဝင်ရောက်လည်ပတ်ခဲ့သနည်း။

ပေါလုသည် ဂလာတိပြည်ရှိအသင်းတော်များသို့ ဝင်ရောက်လည်ပတ်နေသည်။ သူသည် အသင်းတော်များနှင့်ဝေးကွာနေစဉ် မှားယွင်းသောအတုအယောင်ဆရာများသည် အသင်းဝင်များအား အရေဖျားလှီးခြင်းမင်္ဂလာကို ခံယူရမည်ဟု အယုံသွင်းသွန်သင်နေသည်ကို ကြားသိရသည်။ ဤမှားယွင်းသောဆရာများသည် မောရှေ၏ပညတ်များသည် အရေးကြီးကြောင်းနှင့်စောင့်ရှောက်ရမည်ဖြစ်ကြောင်း သွန်သင်၏။ ပေါလုသည် ၎င်း၏ရန်သူများဖြစ်သည့် ဤအတုအယောင်ဆရာများရောမမြို့သို့ ၎င်းထက်စောလျင်စွာရောက်ရှိမည်ကို



စိုးရိမ်လျက်ရှိ၏။ ထိုကြောင့်သူသည် ဤကဲ့သို့သောမှားယွင်းမှုမျိုးကို ရောမတွင် သွန်သင်ခြင်းမပြုရန်ကို ရပ်တန့်စေရန်အတွက် စာရေးရခြင်းအကြောင်းဖြစ်သည်။ ပေါလု၏တတိယမြောက်ခရစ်ယာန်သာသနာပြုခရီးစဉ်ကောရိâKမြို့တွင် (၃)လနေထိုင်စဉ်အခါ ဂလာတိအဆုံးအမစာကို ရေးသားခဲ့သည်ဟု ယုံကြည်ရသည်။ ကောရိâK မြို့သို့ရောက်ရှိပြီး မကြာမီစာများကိုရေးသားသည်ဟုထင်ရသည်။

ယနေ့မည်သည့်အကြောင်းအရာများသည် သင်၏အသင်းတော်ကို ကွဲပြားစေသနည်း။ ထိုသို့ခြိမ်းခြောက်မှုများသည် အသင်းတော်၏ပြင်ပ (သို့မဟုတ်) အသင်းတော်၏အတွင်းမှလာပါသလား။ ဤရန်းကန်မှုတွင် သင်ပါဝင်ပါသလား။ သင်ရင်ဆိုင်နေရသောရန်းကန်မှုအကြောင်း၊ သင်၏ခံစားချက် သင်၏ရာထူးနှင့်သင်၏အခန်းကဏ္ဍကို မည်မျှအကြိမ်ပေါင်းရ၍ သင်စဉ်းစားမေးမြန်းပါသနည်း။ ကျွန်ုပ်တို့ကိုယ်ကို ပြန်လည်ဆန်းစစ်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

## တနင်္လာ ဇွန် ၂၈

**ကိုယ်တိုင်ထိတွေ့ခြင်း။ (ရောမ ၁၅:၂၀–၂၇)။**

ပေါလုသည် ရောမမြို့သို့အဘယ်ကြောင့် ပို၍ ဆောလျင်စွာမလည်ပတ်နိုင်ကြောင်း (ရောမ ၁၅:၂၀–၂၇) တွင် အကြောင်းပြသနည်း။ ရောမမြို့သို့လာရန် အဆုံးအဖြတ်ပေးသည့်အရာကား အဘယ်နည်း။ ခရစ်ယာန်သာသနာပြုလုပ်ငန်းသည် ပေါလုအတွက်မည်မျှအရေးကြီးသနည်း။ ပေါလု၏နှုတ်ထွက်စကားမှ ခရစ်ယာန်သာသနာ

ပြုခြင်းနှင့်သက်သေခံခြင်းအကြောင်း ဘယ်ကဲ့သို့သင်ကြားနိုင်သနည်း။ တစ်ပါးအမျိုးသားနှင့် ဂျူးလူမျိုးတို့အကြောင်း (အခန်းငယ် ၂၇) တွင် စိတ်ဝင်စားပြီး အရေးကြီးသောအချက်ကား အဘယ်နည်း။

တစ်ပါးအမျိုးသားများကို ခရစ်ယာန်သာသနာပြုသည့် အကျော်ကြားဆုံး ခရစ်ယာန်သာသနာပြုဆရာပေါလုသည် ဧဝံဂေလိတရားကို နယ်ပယ်အသစ်သို့ယူဆောင်ရန် အလွန်အရေးကြီးကြောင်း အမြဲခံစားရသည်။ ခရစ်ယာန်တို့၏နှစ်အစောပိုင်း၌ အမှုဆောင်များအလွန်နည်း၍ စတင်ဖွင့်လှစ်ပြီးသောအသင်းတော်များတွင် ဆက်၍သာလုပ်ဆောင်နေပါက ၎င်း၏တန်ဖိုးကြီးလှသောခရစ်ယာန်သာသနာပြုလုပ်ငန်းအချိန်သည် အလဟဿကုန်ဆုံးသွားမည်သာဖြစ်မည်။ ထိုကြောင့် သူသည် အခြားသောသူတို့ကို တာဝန်လွှဲအပ်ခဲ့သည်။ ပေါလုဤသို့ဆိုသည်။ "ထိုသို့အခြားသူတည်သောတိုက်မြစ်ပေါ်မှာငါထပ်၍မတည်မဆောက်။ ခရစ်တော်၏နာမကိုမကြားဘူးသောအရပ်၌ ဧဝံဂေလိတရားကိုဟောခြင်းငှါ စေတနာစိတ်နှင့်ငါကြိုးစားအားထုတ်လေ့ရှိ၏။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ထိုသူ၏အကြောင်းကို အဘယ်သူမျှမပြောဘူးသော်လည်း သူတို့သည်မြင်ကြလိမ့်မည်။ မကြားဘူးသောသူတို့သည် နားလည်ကြလိမ့်မည်ဟု လာသတည်း" (ရောမ ၁၅း၂၀–၂၁)။

(ရောမ ၁၅း၂၀–၂၇) ကို တစ်ဖန်ပြန်ဖတ်ပါ။ ပေါလုသည် မည်မျှအမှုထမ်းဆောင်လိုကြောင်းကို စဉ်းစားပါ။ သင်နှင့်သင်၏ လှုပ်ရှားမှုများကို မည်သည့်အရာက တိုက်တွန်းအားပေးသနည်း။ အမှုထမ်းဆောင်ရန် သင်မည်မျှစိတ်ရှိပါသနည်း။



**အင်္ဂါ** **ဇွန် ၂၉**

**ပေါလုရောမမြို့သို့ရောက်ခြင်း။ (တမန်တော် ၂၈း၁၆)။**

ပေါလုရောမမြို့သို့ နောက်ဆုံးဘယ်ကဲ့သို့ရောက်သွားကြောင်း (တမန် ၂၈း၁၆) က ဖေါ်ပြသနည်း။ မလိုလားအပ်သောအရာနှင့်မမျှော်မှန်းထားသောအရာများ ကျွန်ုပ်တို့ဖြစ်ပျက်ရခြင်းအကြောင်းနှင့်ပတ်သက်ပြီး မည်ကဲ့သို့သောသင်ခန်းစာများရယူနိုင်မည်နည်း။

၎င်း၏တတိယခရစ်ယာန်သာသနာပြုခရီးစဉ်အဆုံး၌ ပေါလုသည် ဆင်းရဲသားများအတွက် အလှူငွေများနှင့်တကွ ယေရုရှလင်မြို့သို့ရောက်ရှိလာသည်။ အလှူငွေများကို အာရှနှင့်ဥရောပအသင်းတော်များမှကောက်ခံရရှိခြင်းဖြစ်သည်။ သို့သော် ယေရုရှလင်မြို့၌ ၎င်းမမျှော်မှန်းထားသောအရာသည် သူ့အားစောင့်ဆိုင်းလျက်ရှိသည်။ သူသည် (Caesarea) တွင် (၂) နှစ်သံကြိုးနှင့်ချည်နှောင်ပြီး အကျဉ်းသားအဖြစ်ဖမ်းဆီးခြင်းကိုခံရသည်။ သူသည် (Caesar) ကဲသာဘုရင်ထံအယူခံဝင်ခဲ့သည်။ ဖမ်းဆီးခြင်းခံရပြီး (၃) နှစ်ကြာသော် ပေါလုသည် ရောမမြို့သို့ရောက်ရှိလာခဲ့သည်။ ပေါလုရောမအသင်းတော်သို့ပထမဦးစွာစာရေးနေစဉ် ဤကဲ့သို့ဖြစ်မည်ကို သူမမျှော်မှန်းခဲ့ပါ။

ပေါလုသည် ရောမမြို့၌ရှိနေစဉ် ၎င်း၏အချိန်ကို မည်ကဲ့သို့အသုံးပြုသည်ကို (တမန်တော် ၂၈း၁၇–၃၁) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။ ပို၍အရေးကြီးသည်မှာ ဤကျမ်းပိုဒ်များမှမည်သည့်သင်ခန်းစာများကို ရယူနိုင်သနည်း။

သင်၏အသက်တာတွင် မမျှော်လင့်ဘဲ ကောင်းသောတွေ့ကြုံခံစားရသည့်အဖြစ်အပျက်များ ဘယ်နှစ်ခါခံစားဖူးပါသနည်း။ (ဖိလိပ္ပိ

၁း၁၂ ကိုဖတ်ပါ)။ မမျှော်လင့်သောအကြောင်းအရာများဖြစ်ခဲ့သော် ထိုတွေ့ကြုံခံစားမှုတို့သည် သင့်အား ဘုရားသခင်ကိုကိုးစားရန် မည်ကဲ့သို့ယုံကြည်ခြင်းပေးသင့်သနည်း။

**ဗုဒ္ဓဟူး** **ဇွန် ၂၀**

**"သန့်ရှင်းသူအရာ၌ခန့်ထားခြင်း" (ရောမ ၁း၇)။**

(ရောမ ၁း၇) တွင် ရောမအသင်းတော်၌ ပေါလု၏ နှုတ်ခွန်းဆက်စကားကိုဖတ်ပါ။ ၎င်း၏စကားများမှမည်သည့် ဖြောင့်မှန်ခြင်းသဘောတရားကို သင်ကြားရယူနိုင်သနည်း။

ဘုရားသခင်၏ချစ်နှစ်သက်သောသူတို့၊ ဘုရားသခင်သည် လောကကိုချစ်သည်မှာမှန်၏။ သို့သော် အထူးသဖြင့် သူ့အား ရွေးချယ်သောသူတို့နှင့်သူ၏ချစ်ခြင်းမေတ္တာကို လက်ခံသောသူတို့ကို ချစ်တော်မူ၏။

အင်္ဂလိပ်ကျမ်းစာတွင် (ရောမ ၁း၇) ကို (Called to be Saints) ဟုရေးသားထားရာ၌ to be ဆိုသောစကားလုံးကို (italics) ဖြင့်ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ဆိုလိုသည်မှာထိုစာလုံးကို ဘာသာပြန်ဆိုသူများက ထည့်သွင်းဖြည့်စွက်ခြင်းဖြစ်သည်။ သို့သော် ထိုစာလုံး (to be) ကို ထုတ်လိုက်သော် (Called Saints) ကျန်ခဲ့မည်ဖြစ်၍ အနက်မှာပြောင်းလဲခြင်းမရှိပါ။

(Saints) ဆိုသည့်စကားသည် (သန့်ရှင်းသူ–သူတော်စင်) များဟုဆိုလိုသည်။ သစ္စာရှိသူဟုလည်း ဆိုနိုင်သည်။ ထို့ကြောင့် သန့်ရှင်းသူသည် သစ္စာရှိသောသူဖြစ်ပြီး ဘုရားသခင်က သီးခြား "ဖယ်ထား" ရွေးချယ်ခြင်းခံရသူများဟု အနက်သက်ရောက်သည်။



ပေါလုသည် အချို့သောသူတို့ကို "သန့်ရှင်းသူများ" ဟု ခေါ်ဆိုခြင်းခံရသူများဟုပြောသည်။ ဤအချက်သည် အချို့သော သူများကား သန့်ရှင်းသူများဟု ခေါ်ဆိုခြင်းမခံရဟု ဆိုလိုပါသလား။ ပေါလုဘာကိုဆိုလိုကြောင်းသိရှိရန် (ဧဖက် ၁း၄။ ဟေဗြဲ ၂း၉။ ၂ပေ ၃း၉) ကိုဖတ်ပါ။ ဤအချက်ကိုစဉ်းစားပါ။ ဘုရားသခင်သည် ကမ္ဘာမစမီကပင် သူ၌ကယ်တင်ခြင်းရရှိရန် သင့်အားခေါ်တော်မူပြီ။ ထိုခေါ်တော်မူခြင်းကို နားထောင်ရန် ရပ်တန့်စေသည့်အရာတစ်စုံ တစ်ခုရှိသင့်ပါသလား။ သင်၏အဖြေကိုရှင်းပြပါ။

**ကြာသပတေး** **ဇူလိုင် ၁**

**"မြေတစ်ပြင်လုံး" (ရောမ ၁း၈)။**

(ရောမ ၁၅း၁၄) တွင် ပေါလုသည် ရောမအသင်းတော်ကို ဘယ်ကဲ့သို့ဖော်ပြထားသနည်း။

ပေါလုသည် ရောမမြို့ရှိခရစ်ယာန်များ၏အရေးကြီးသည့် ခရစ်ယာန်အတွေ့အကြုံ (၃) မျိုးဖြင့် ရွေးချယ်ဖော်ပြထားသည်။

၁။ "ကောင်းမြတ်ခြင်းနှင့်ပြည့်စုံခြင်း" အခြားသောသူများ သည် ကျွန်ုပ်တို့၏အတွေ့အကြုံများကို ဤကဲ့သို့ပြောဆိုမည်လား။

၂။ "ပညာဉာဏ်အပေါင်းနှင့်ပြည့်စုံခြင်း" ပညာဉာဏ်နှင့် သတင်းပြန်ကြားချက်တို့၏အရေးကြီးပုံကို ကျမ်းစာတော်မြတ်က ညွှန်ပြထားသည်။ ခရစ်ယာန်များသည် ကျမ်းစာတော်မြတ်ကို သေချာ စွာလေ့လာပြီး ၎င်း၏သွန်သင်ချက်များကို ကောင်းမွန်စွာသိရှိနားလည် ရန် လေ့လာဖို့တိုက်တွန်းသည်။

"အသစ်သောနှလုံးကိုလည်း သင်တို့အားငါပေးမည်" ဟု ဆိုသည့်စကားသည် "အသစ်သောစိတ်သဘောကို ငါပေးမည်ဟု အနက်ရှိသည်။ စိတ်သဘောပြောင်းလဲခြင်းသည် ခရစ်ယာန်တို့၏ ဆောင်ရွက်ရမည့်တာဝန်တို့ကို ရှင်းလင်းပြတ်သားစွာနားလည်ခြင်းနှင့် အမြဲလိုက်ပါလာသည်။ ဖြောင့်မတ်ခြင်းတရားကို နားလည်ခြင်းဖြစ်၏။" E.G.White, My Life Today, p. 24 မှကောက်နုတ်သည်။

၃။ "အချင်းချင်းဆုံးမခြင်းငှါတတ်နိုင်" ယုံကြည်သူအချင်းချင်းခွဲခြား၍ မည်သူမျှဝိညာဉ်ရေးတိုးတက်ကြီးပွားနိုင်မည်မဟုတ်ပါ။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အားပေးစေရန်အလို့ငှါ တတ်နိုင်ရမည်ဖြစ်၏။

သင်၏ရပ်ကွက်ထဲ၌ရှိသောအသင်းတော်သည်လည်း အဘယ်သို့နည်း။ မည်ကဲ့သို့သောသတင်းကျော်ကြားမှုရှိသနည်း။ သို့တည်းမဟုတ် မည်သို့မျှမရှိပါသလား။ သင့်အဖြေသည် သင်၏အသင်းတော်အကြောင်းကို ဘယ်ကဲ့သို့ဖော်ပြသနည်း။

## သောကြာ ရှုလိုင် ၂

**ဆက်လက်လေ့လာရန်။**

"ထာဝရဘုရားသခင်သည် အပြစ်သားနှင့်သန့်ရှင်းသူ၊ ယုံကြည်သူနှင့် မယုံကြည်သောသူတို့၏ခြားနားခြင်းကို ဖော်ပြခဲ့သည်။ ၎င်းတို့လူတန်းစားနှစ်မျိုးတို့သည် သက်တံအရောင်ကဲ့သို့ တစ်ဦးနှင့်တစ်ဦးပေပြစ်စွာရောနှောပေါင်းစပ်၍ မရရှိနိုင်ပါ။ ထိုကဲ့သို့ဖြစ်မည့်အစား ၎င်းတို့သည် ညဉ့်နက်နှင့်မွန်းတည့်အချိန်ကဲ့သို့ ကွာခြားပါသည်။" E.G.White, Messages to Young People, p. 390 မှကောက်နုတ်သည်။

–၀–



# သင်ခန်းစာ (၂)
# ဂျူးနှင့်တစ်ပါးအမျိုးသား
ဇူလိုင် ၃ – ၉

## ဥပုသ်နေ့မွန်းလွဲပိုင်း ဇူလိုင် ၃

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ဝတ် ၂၃။ မဿဲ ၁၉း၁၇။ တမန်တော် ၁၅း၁–၂၉။ ဂလာတိ ၁း၁–၁၂။ ဟေဗြဲ ၈း၆။ ဗျာ ၁၂း၁၇။

## အလွတ်ကျမ်းချက်

**"အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်သစ္စာတရားမူကား၊ ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။" (ယော ၁း၁၇)။**

ရှေးဦးခရစ်ယာန်များသည် ဂျူးလူမျိုးများသာဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ဂျူးလူမျိုးများအား အရေဖျားလှီးခြင်းမင်္ဂလာကို ကျင့်သုံးခြင်းမှရပ်တန့်ရန် တားမြစ်ခြင်းမရှိပါ။ ဂျူးလူမျိုးများ၏ပွဲလမ်းသဘင်အခမ်းအနားများကို စောင့်စည်းခြင်းမှရပ်တန့်ရန်လည်း မပြောပါ။ သို့သော်တစ်ပါးအမျိုးသားများခရစ်ယာန်တရားကို လက်ခံလာကြသောအခါ အလွန်အရေးကြီးသည့်မေးခွန်းများစွာရှိလာသည်။ တစ်ပါးအမျိုးသားများအရေဖျားလှီးခြင်းမင်္ဂလာကိုခံယူရမည်လော။ ဂျူးလူမျိုးတို့၏ပညတ်များကို ၎င်းတို့ဘယ်ကဲ့သို့သေချာစွာစောင့်ရှောက်

သင့်သနည်း။ နောက်ဆုံး၌ထိုကိစ္စရပ်များကိုဖြေရှင်းရန်၊ ယေရုရှလင်မြို့တွင် စည်းဝေးကျင်းပရန် ခေါ်ယူလိုက်သည်။ (တမန်တော် ၁၅)။

ထိုစည်းဝေးက တစ်ပါးအမျိုးသားများအား ပညတ်တရားများနှင့်စည်းမျဉ်းများသည် ၎င်းတို့ကိုအနှောင့်အယှက်မဖြစ်စေရန် ဆုံးဖြတ်လိုက်သည်။ သို့သော် အချို့သောဆရာများသည် ယုံကြည်သောအသင်းတော်အတွင်းရှိ တစ်ပါးအမျိုးသားများကို ပညတ်တရားနှင့်စည်းမျဉ်းများလိုက်နာကြရန် နှောင့်ယှက်လျက်ရှိသည်။ အရေဖျားလှီးခြင်းမင်္ဂလာတစ်ပါးလည်းပါဝင်သည်။

တစ်နည်းအားဖြင့် ဤအခက်အခဲတို့သည် ကျွန်ုပ်တို့နှင့်ယနေ့တိုင်ရှိနေဆဲပင်ဖြစ်၏။ ပဋိညာဉ်အသစ်အောက်တွင် ယခုကျွန်ုပ်တို့ရှိပြီဖြစ်၍ (ဥပုသ်) ပညတ်တရားကိုလိုက်လျှောက်ရန် မလိုတော့ကြောင်း၊ မကြာခဏကျွန်ုပ်တို့ကြားရပါသည်။

ရောမအဆုံးအမစာသည် ထိုစဉ်အခါ ရောမအသင်းတော်အတွက် အရေးကြီးသောသတင်းစကားရှိသကဲ့သို့ ယနေ့ကျွန်ုပ်တို့အတွက်လည်း ထိုနည်းတူပင်ဖြစ်၏။

**တနင်္ဂနွေ ဇူလိုင် ၄**

**သာ၍မြတ်သောကတိတော်။ (ဟေဗြဲ ၈း၆)။**

(ဟေဗြဲ ၈း၆) တွင် မည်သည့်သတင်းစကားပါရှိသနည်း။ ဤသာ၍မြတ်သောကတိတော်များကို ကျွန်ုပ်တို့ဘယ်ကဲ့သို့နားလည်နိုင်သနည်း။



ဓမ္မဟောင်းကျမ်းခေတ်၌ ယုံကြည်သူများသည် ကယ်တင်ခြင်းကတိတော်နှင့်တကွ မေရှိယကြွလာမည်ကို မျှော်လင့်ခဲ့ကြသည်။ ဓမ္မသစ်ခေတ်အချိန်ရောက်သော် လူများရင်ဆိုင်ရသည့်မေးခွန်းမှာ မေရှိယအဖြစ် ဘုရားသခင်ပို့လိုက်သောနာဇရက်မြို့သားသခင်ယေရှုကို ၎င်းတို့၏ကယ်တင်ရှင်အဖြစ် လက်ခံမည်လော။ အကယ်၍သူတို့သည် သခင်ယေရှုကိုယုံကြည်ပြီး သစ္စာရှိသော် သူအခမဲ့ပေးသည့်ဖြောင့်မတ်ခြင်းတရားမှသူတို့သည် ကယ်တင်ခြင်းကိုရရှိမည်ဖြစ်၏။

ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏ပညတ်တရားအကြောင်း (မဿဲ ၁၉း၁၇။ ဗျာ ၁၂း၁၇။ ၁၄း၁၂ နှင့် ယာကုပ် ၂း၁၀၊၁၁) တွင် ဘယ်ကဲ့သို့ဖော်ပြထားသနည်း။

အထုံးအဖွဲ့ပညတ်တရားများသည် ပဋိညာဉ်အဟောင်းနှင့်ချည်နှောင်ထားသည်။ ထိုပညတ်တရားအားလုံးသည် သခင်ယေရှု၏သေခြင်း၊ ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် အမှုထမ်းဆောင်ခြင်းတို့ကိုညွှန်ပြထားသည်။ သို့သော် ဘုရားသခင်ထံသို့လာရောက်ရန်လမ်းအသစ်ရှိပြီးဖြစ်၍ ၎င်းပညတ်တရားတို့သည် မလိုအပ်တော့ပြီ။ သာ၍မြတ်သောကတိတော်များအပေါ် အခြေခံသောလမ်းဖြစ်၏။

ကျမ်းစာတော်မြတ်တွင် သင်ကြိုက်နှစ်သက်ဆုံးသောကတိတော်များကား အဘယ်နည်း။ ထိုကတိတော်တို့ကို သင်မည်မျှခံယူရရှိရန် တောင်းဆိုခဲ့သနည်း။ ဤကတိတော်များသင့်အသက်တာတွင် ဖြစ်လာစေရန် ဘယ်ကဲ့သို့သောသင်၏အပြုအမူများသည် (မဖြစ်လာစေရန်) ဟန့်တားသနည်း။

**တနင်္လာ ရှုလိုင် ၅**

**ဂျူးလူမျိုးတို့၏ပညတ်တရားနှင့်စည်းမျဉ်းများ။ (ဝတ် ၁၂။၁၆။၂၃)။**

သင်၌အချိန်ရှိပါက ဝတ်ပြုရာကျမ်းကိုဖတ်ပါ။ ပညတ်တရားများနှင့်ဝတ်ပြုခြင်းအရာတို့ကို သင်ဖတ်ရှုသည့်အခါ သင်မည်ကဲ့သို့ထင်မြင်ရသနည်း။ ခမ္မသစ်အချိန်၌ ဤစည်းမျဉ်းဥပဒေသများကို လိုက်လျှောက်ရန် အဘယ်ကြောင့်မဖြစ်နိုင်သနည်း။

ဓမ္မဟောင်းကျမ်းပညတ်တရားများကို သက်ဆိုင်ရာအုပ်စုလိုက်စာရင်းပြုစုထားရှိလျှင် ပို၍ကောင်းမည်ဖြစ်၏။ ၎င်းတို့မှာ (၁)။ လူ့ကျင့်ဝတ်တရား၊ (၂)။ ဝတ်ပြုခြင်းဆိုင်ရာစည်းမျဉ်းများ။ (၃)။ တရားမဥပဒေသများ။ (၄)။ အထုံးအဖွဲ့နှင့်တရားစီရင်ခြင်းဥပဒေသများ။ (၅)။ ကျန်းမာခြင်းဆိုင်ရာပညတ်တရားများဖြစ်သည်။ ဓမ္မဟောင်းခေတ်လူတို့သည် ဤပညတ်တရားများကို ဤကဲ့သို့ခွဲခြားသတ်မှတ်ထားခြင်းမရှိသည်ကို သတိပြုရန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် အုပ်စုအသီးသီး၌ရှိသောပညတ်တရားများသည် အခြားအုပ်စုတို့၌လည်း ပါဝင်ကြခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် လူတို့သည် ဤပညတ်တရားများအားလုံးကို အုပ်စုတစ်ခုတည်း၌ သက်ဆိုင်သည်ဟုထင်ကြသည်။

ဘုရားသခင်၏ပညတ်တော်သည် (ထွက် ၂၀း၁–၁၇) တွင် ဖော်ပြထားသည့်ပညတ်တော်ဆယ်ပါးဖြင့် ပေါင်းချုပ်ထားသည်။ ကျွန်ုပ်တို့၏အသက်တာကို ဘယ်ကဲ့သို့အသက်ရှင်နေထိုင်ရမည်အကြောင်း ဘုရားသခင်မျှော်မှန်းထားခြင်းကို ဖော်ပြသောပညတ်တော်ဖြစ်သည်။ ပညတ်တော်ဆယ်ပါးကို ကျမ်းစာတော်မြတ်၏ပထမကျမ်း (၅) ကျမ်း





၌ပညတ်တရားများနှင့် စည်းမျဉ်းဥပဒေသများကို ပိုမိုရှင်းလင်းစွာ ဖော်ပြထားပါသည်။

အထုံးအဖွဲ့ပညတ်တရားများသည် တဲတော်၌ဝတ်ပြုရာတွင် လူများလိုက်လျှောက်ရမည့်ပညတ်များဖြစ်သည်။ ပူဇော်အပ်နှံမှုအမျိုးမျိုးနှင့်လူတစ်ဦးချင်းဘယ်ကဲ့သို့ပြုလုပ်ရန် လိုအပ်သည်ကိုဖော်ပြသောပညတ်တရားများဖြစ်၏။

**အင်္ဂါ ရှုလိုင် ၆**

**ကယ်တင်ခြင်းရရန်ကျွန်ုပ်ဘာလုပ်ရမည်နည်း။ (တမန် ၁၅း၁)။**

(တမန်တော် ၁၅း၁) တွင် လူများစိတ်ဝမ်းကွဲစေသောအကြောင်းအရာသည် အဘယ်နည်း။ အဘယ်ကြောင့် ဤအရာသည် ဂျူးလူမျိုးအတွက်သာမဟုတ်ကြောင်း အချို့သောသူများက ယုံကြည်ကြသနည်း။ (က ၁၇း၁၀) ကိုဖတ်ပါ။

တမန်တော်တို့နှင့်အသင်းအုပ်များမှစ၍ အသင်းဝင်သူတို့သည် အန္တိအုတ်မြို့သို့ရောက်ရှိလာကြသည်။ ခရစ်တော်အတွက်ဝိညာဉ်များရရှိရန် ၎င်းတို့သည် ပင်ပန်းခြင်းများစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။ သို့သော် ယုဒပြည်မှအချို့သောယုံကြည်သူများသည် အသင်းတော်အတွင်း၌ရှိသောယုံကြည်သူတစ်ပါးအမျိုးသားများအချင်းချင်းစိတ်သဘောကွဲပြားစေရန် ပြုလုပ်ခဲ့သည်။ ကယ်တင်ခြင်းရရှိရန် အရေဖျားလှီးခြင်းမင်္ဂလာကိုခံယူပြီး အထုံးအဖွဲ့ပညတ္တိကျမ်းများကို ယုံကြည်ရမည်ဟု ဂျူးဆရာများသည် လူများတို့ကိုဟောကြားကြလေသည်။ သူတို့သည် ယဇ်ပူဇော်ခြင်းဝတ်ကိုပြုရန် မလိုအပ်တော့ကြောင်း နားလည်ခြင်းမရှိပါ။ ဘုရားသခင်၏သားတော်အသေသတ်ခံ

ခြင်းသည် ဤယဇ်ပူဇော်ခြင်းဝတ်အားလုံးအတွက် ထာဝရယူဆောင်လိုက်ပြီးဖြစ်သည်။

(တမန်တော် ၁၅:၂–၁၂) တွင် ဖေါ်ပြထားသောသဘောထားကွဲလွဲမှုကိုဘယ်ကဲ့သို့ဖြေရှင်းသနည်း။

အသင်းတော်၏ဦးဆောင်မှုအကြောင်း သင်ဘယ်ကဲ့သို့ခံစားရသနည်း။ ဦးဆောင်သောသူများနှင့် သင်အတူတကွမည်မျှကောင်းအောင်လုပ်ဆောင်သနည်း။ အတူတကွလုပ်ဆောင်ရန် အဘယ်ကြောင့်အလွန်အရေးကြီးပါသနည်း။ မိမိ၏ကောင်းကျိုးအတွက်သာလူအသီးသီးတို့လုပ်ဆောင်နေပါက မည်ကဲ့သို့အတူတကွလုပ်ဆောင်နိုင်မည်နည်း။

**ဗုဒ္ဓဟူး** **ဇူလိုင် ၇**

## “အခြားသောဝန်တင်ခြင်းငှါ အလိုမရှိ” (တမန် ၁၅:၅–၂၉)။

(တမန်တော် ၁၅:၅–၂၉) အရ မည်သည့်ဆုံးဖြတ်ချက်ကိုတမန်တော်များအစည်းအဝေးမှချမှတ်ခဲ့သနည်း။ ထိုဆုံးဖြတ်ချက်၏အကြောင်းအရင်းကား အဘယ်နည်း။

ထိုဆုံးဖြတ်ချက်သည် ဂျူးလူမျိုးများ၏ယုံကြည်ချက်နှင့်ဆန့်ကျင်လျက်ရှိသည်။ ဤဂျူးလူမျိုးယုံကြည်သူတစ်ပါးအမျိုးသားများသည် အရေဖျားလှီးခြင်းမင်္ဂလာနှင့်မောရှေ၏အထုံးအဖွဲ့ပညတ္တိကျမ်းတို့ပါစောင့်ရှောက်ကြရမည်ဟုဆိုသည်။



(တမန်တော် ၁၅:၁၀) တွင် ပေတရုသည် ပညတ်တရားအဟောင်းများကို မည်သူမျှမထမ်းနိုင်သောထမ်းပိုးဟု ဖေါ်ပြထားသည်မှာစိတ်ဝင်စားဖွယ်ဖြစ်၏။ ဤပညတ်တရားများကို ပြုလုပ်သည့်ဘုရားသခင်သည် သူ၏လူများထမ်းပိုးဖြစ်စေသည်မှာ အနက်မရှိပါ။ သို့သော် နှစ်ပေါင်းများစွာလွန်ခဲ့သော်ဂျူးခေါင်းဆောင်အချို့တို့သည် ဤပညတ်တရားများကို ကောင်းချီးမင်္ဂလာဖြစ်မည့်အစားကျိန်ဆဲခြင်းအမင်္ဂလာကို ဖြစ်စေခဲ့သည်။ တမန်တော်များသည် ဤကျိန်ဆဲခြင်းမှတစ်ပါးအမျိုးသားများအား ကယ်တင်ရန် ကြိုးစားအားထုတ်ခြင်းဖြစ်သည်။

(တမန်တော် ၁၅:၂၀၊၂၉) အရ ယုံကြည်သူတစ်ပါးအမျိုးသားများအပေါ် မည်သည့်ပညတ်များကိုချထားသနည်း။ အဘယ်ကြောင့် ဤပညတ်တရားများကို ရွေးချယ်ရသနည်း။

ယုံကြည်သူဂျူးတို့သည် ၎င်းတို့၏ယုံကြည်ချက်များကိုတစ်ပါးအမျိုးသားများအပေါ် အဓမ္မလိုက်လျှောက်ရန် ပြုလုပ်ခြင်းကိုခွင့်မပြုပါ။ သို့သော် တမန်တော်တို့သည်လည်း တစ်ပါးအမျိုးသားများသည် ဂျူးယုံကြည်သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်စေမည့်အရာများကို မပြုလုပ်ရန်လည်း လိုလားသည်။ ထိုကြောင့် တမန်တော်များနှင့်သင်းအုပ်တို့သည် တစ်ပါးအမျိုးသားများအား နတ်ဘုရားရှေ့တွင် ပူဇော်သောယဇ်ကောင်ကိုလည်းကောင်း၊ အသွေးကိုလည်းကောင်း၊ လည်ပင်းကိုညှစ်၍သေသောအရာကိုလည်းကောင်း၊ မတရားသောမေထုန်ကိုလည်းကောင်း ကြဉ်ရှောင်ကြရန် သဘောတူကြသည်။

**ကြာသပတေး** **ဇူလိုင် ၈**

**ဂလာတိတို့၏မှားယွင်းသောသဘောတရား။ (ဂလာတိ ၁း၁–၁၂)။**

(ဂလာတိ ၁း၁–၁၂) ကိုဖတ်ပါ။ ပေါလုသည် ဂလာတိမြို့၌မည်သည့်လေးနက်သောအခက်အခဲကို တွေ့ရှိခဲ့သနည်း။ ဤမေးခွန်းသည် မည်မျှအရေးကြီးကြောင်း ကျွန်ုပ်တို့အား ဘယ်ကဲ့သို့ပြောသနည်း။

ပေါလု၏ငြင်းခုံပြောဆိုခြင်းအချက်သည် ရောမနှင့်ဂလာတိအဆုံးအမစာများတွင် အထုံးအဖွဲ့နှင့်ကျင့်ဝတ်တရားများအကြောင်းပြောဆိုနေခြင်းမဟုတ်။ ၎င်း၏ငြင်းခုံပြောဆိုခြင်းသည် ယုံကြည်သူတစ်ပါးအမျိုးတို့သည် အရေဖျားလှီးခြင်းမင်္ဂလာကို ခံယူရန်နှင့်မောရှေ၏ပညတ္တိကျမ်းများလိုက်လျှောက်ရန် လိုအပ်သလောဟူသောအချက်ဖြစ်၏။ ယေရုရှလင်မြို့ရှိတမန်တော်များအစည်းအဝေးမှ ဤမေးခွန်းကိုအဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် အချို့သောသူတို့သည် ဤဆုံးဖြတ်ချက်ကိုလိုက်နာရန် ငြင်းဆန်ခဲ့သည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို ငြင်းဆန်ရန် အချို့သောသူတို့သည် ပေါလု၏ဂလာတိနှင့်ရောမအဆုံးအမစာများကိုပင် အသုံးပြုကြသည်။ ခရစ်ယာန်တို့သည် ပညတ်တော်ဆယ်ပါး (အမှန်မှာစတုတ္ထပညတ်) ကိုစောင့်ရှောက်ရန်ပင် မလိုအပ်တော့ကြောင်း ခံယူပြောဆိုကြသည်။ ကယ်တင်ခြင်းသည် ပညတ်တရားကို စောင့်ရှောက်ခြင်းကြောင့် ရရှိသည်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့်သာရရှိသည်ကို ပေါလုပြောဆိုနေသည်ကို ၎င်းတို့နားမလည်ကြပါ။



ခရစ်ယာန်များသည် ဥပုသ်နေ့ကိုစောင့်ရှောက်ရန်မလိုအပ်တော့ပြီဟုဆိုသောအချို့သောသူများ၏ခံယူချက်ကို သင်ဘယ်ကဲ့သို့ပြောမည်နည်း။ ဥပုသ်နေ့၏ဖြောင့်မတ်ခြင်းတရားသည် ဧဝံဂေလိတရား၏သွန်သင်ချက်နှင့်သဘောကွဲလွဲမှုမရှိကြောင်း သင်ဘယ်ကဲ့သို့ပြသမည်နည်း။

**သောကြာ** **ဇူလိုင် ၉**

**ဆက်လက်လေ့လာရန်။**

"ဘုရားသခင်အာဗြဟံနှင့်ပဋိညာဉ်ပြုရာ၌ ကယ်တင်ခြင်းကတိတော်ပါဝင်ခဲ့သည်။ သို့ဖြစ်လျှင် အဘယ်ကြောင့်သိနာတောင်တွင်ပဋိညာဉ်တစ်ခုထပ်မံပေးရသနည်း။ အဲဂုတ္တုပြည်၌ ကျွန်ခံစဉ်အချိန်၊ ဣသရေလအမျိုးတို့သည် ဘုရားသခင်အကြောင်းကို မေ့ပျောက်ခဲ့ပြီး ဘုရားသခင်အာဗြဟံအားပေးခဲ့သည့်ကတိတော်ကိုလည်း မသိရှိတော့ပြီ။

"လူတို့သည် ၎င်းတို့၏နှလုံးသည် အဘယ်မျှအပြစ်ရှိသည်ကိုနားမလည်ကြ၊ ခရစ်တော်မပါဘဲလျက် ဘုရားသခင်၏ပညတ်တို့ကိုစောင့်ရှောက်ရန် မဖြစ်နိုင်ကြောင်းကိုမသိရှိ။ ထိုကြောင့် သူတို့သည် လျင်မြန်စွာဘုရားသခင်နှင့်ပဋိညာဉ်ပြုလိုက်လေသည်။" E.G. White, PP, pp. 371,372 မှကောက်နုတ်သည်။

–၀–

သင်ခန်းစာ (၃)

## လူတိုင်းအပြစ်ပြုကြပြီ

ဓမ္မလိုင် ၁၀ – ၁၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဓမ္မလိုင် ၁၀**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမ ၁း၁၆၊၁၇၊၂၂–၃၂။ ၂း၁–၁၀၊၁၇–၂၃။ ၃း၁၂၊၁၀–၁၈၊၂၃။

**အလွတ်ကျမ်းချက်**

**"လူအပေါင်းတို့သည် အပြစ်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။" (ရောမ ၃း၂၃)။**

လူတစ်ဦးတစ်ယောက်သည် မိမိကိုယ်ကိုအပြစ်မရှိဟုဆိုသော်ထိုသူသည် ဘုရားသခင်ထံမှအပြစ်လွှတ်ခြင်းနှင့် အပြစ်ဆေးကြောခြင်းရရှိရန် လိုအပ်မည်ဟုခံစားရမည်မဟုတ်ပါ။ ဖြောင့်မတ်ခြင်းဆိုသည်မှာ အပြစ်သားတစ်ဦးသည် ဘုရားသခင်၏ရှေ့ဝယ်စင်ကြယ်ပြီးအပြစ်မှကင်းစင်ကြောင်း တစ်နည်းအားဖြင့် ဘုရားသခင်ပြောဆိုခြင်းဖြစ်သည်။ ထိုကြောင့် ပေါလုအနေဖြင့် ဖြောင့်မတ်ခြင်းအရာသို့ရရှိရန် လူတစ်ဦးတစ်ယောက်သည် ခိုကိုးရာမျှော်လင့်ခြင်းကင်းမဲ့သည့်အပြစ်သားဟု မိမိကိုယ်ကိုသိရှိဝန်ခံရမည်။ ထိုအချက်ကို ပေါလုသည် မီးမောင်းထိုးပြရန် ပထမဦးစွာတစ်ပါးအမျိုးသားတို့၏ကြောက်ဖွယ်ရာကောင်းသည့်အပြစ်အခြေအနေကို တင်ပြသည်။ သူတို့သည် ဘုရားသခင်ကို မေ့ပျောက်နေသည့်အတွက် နွံထဲ၌နစ်လျက်



ရှိ၏။ ဂျူးလူမျိုးတို့သည် ထိုနည်းတူဆိုးဝါးနေကြောင်း ပေါလုကထောက်ပြသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏အလုပ်ကြောင့်ကယ်တင်ခြင်းရရှိနိုင်မည်မဟုတ်ကြောင်း ပေါလုထိုအချက်ကို ညွှန်ပြသည်။ လူတို့သည် အပြစ်ကျူးလွန်ကြသဖြင့် ၎င်းတို့၏ကောင်းမှုအလုပ်တို့သည် ၎င်းတို့ကိုကယ်တင်နိုင်ရန် လုံလောက်စွာမရှိတော့ပြီ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသာလျှင် ကျွန်ုပ်တို့ကိုအပြစ်မှကယ်ချွတ်နိုင်မည်ဖြစ်၏။ ခရစ်တော်တစ်ဦးတည်းသာလျှင် ကျွန်ုပ်တို့ကိုကယ်တင်နိုင်စွမ်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအသက်တာ၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်ရန်သာဖြစ်သည့်အတွက်ကြောင့်ဖြစ်သည်။

**တနင်္ဂနွေ** **ဓမ္မလိုင် ၁၁**

**ဧဝံဂေလိတရားကြောင့်ရှက်ကြောက်ခြင်းမရှိ။ (ရောမ ၁း၁၆၊၁၇)။**

(ရောမ ၁း၁၆၊၁၇) သည် သင့်အားဘာကိုပြောနေသနည်း။ ဤကျမ်းပိုဒ်၌တွေ့ရှိရသောကတိတော်များနှင့်မျှော်လင့်ခြင်းကို သင်မည်ကဲ့သို့ခံစားရသနည်း။

ဤကျမ်းပိုဒ်များတွင် အရေးကြီးသောစာလုံးများပါရှိသည်။

**၁။ ဧဝံဂေလိတရား**

ဤစာလုံးသည် ဂရိဘာသာမှ "သတင်းကောင်း" ဟုအနက်ရသည်။ စာလုံးအရဆိုလျှင် မည်သည့်ကောင်းသောသတင်းကိုမဆိုဆိုလိုသည်။ သို့သော် "ခရစ်တော်၏ဧဝံဂေလိ" ဟုဆိုရာ၌ "မေရှိယ၏ကောင်းသောသတင်းဟုဆိုလိုသည်။

### ၂။ ဖြောင့်မတ်ခြင်းတရား

ဤစာလုံးသည် ဘုရားသခင်နှင့် “သင့်မြတ်မှန်ကန်” သည် ဟုဆိုနိုင်သည်။ ရောမအဆုံးအမစာသည် ဤစာလုံး၏အထူးအနက်ကိုနားလည်စေနိုင်ရန် အထောက်အကူပြုသည်။

### ၃။ ယုံကြည်ခြင်း

ယုံကြည်ခြင်း၏အနက်သည် ကယ်တင်ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ရောမအဆုံးအမစာကိုလေ့လာခြင်းဖြင့် ဤဆက်စပ်မှုကို ပိုမိုနားလည်နိုင်မည်ဖြစ်သည်။

“သေချာတယ်” သေချာစိတ်ချရပြီ” ဆိုသည့်ခံစားချက်ဖြင့် သင်ရှန်းကန်ခဲ့ရပါသလား။ သင်ကယ်တင်ခြင်းရရှိ/မရှိကြောင်းကို သင်တစ်ခါတစ်ရံစဉ်းစားမိပါသလား။ မည်သည့်အရာက ဤကြောက်ရွံ့ခြင်းကို သင်ခံစားရန် ပြုလုပ်သနည်း။ ၎င်းတို့ဘယ်က လာသနည်း။ သင်၏နေထိုင်ပုံသည် သင်၏ယုံကြည်ခြင်းနှင့်ဆန့်ကျင်လျက်နေပါသလား။ အကယ်၍ဖြစ်ခဲ့သော် သင့်အတွက် ခရစ်တော်၌သေချာပေါက်ရှိသောကတိတော်များကို သင်ရရှိစေရန် ဘယ်ကဲ့သို့ပြောင်းလဲမှုများကို သင်ပြုလုပ်ရမည်နည်း။

## တနင်္လာ ဇူလိုင် ၁၂

### လူသားတို့၏အခြေအနေ။ (ရောမ ၃း၂၃)။

(ရောမ ၃း၂၃) တွင် ဖော်ပြထားသောအချက်သည် ကျွန်ုပ်တို့ခရစ်ယာန်များအနေဖြင့် အဘယ်ကြောင့် ယနေ့ယုံကြည်ရန် အလွန်လွယ်ကူပါသနည်း။ ဤကျမ်းပိုဒ်၏အမှန်တရားကို အချို့သောသူများ ယုံမှားသံသယဖြစ်စေသည့်အကြောင်းကား အဘယ်နည်း။



ဤကျမ်းပိုဒ်၌ “အသရေ” ဟုဆိုရာတွင် (၁ကော ၁၁း၇) အရ “ဘုရားသခင်၏အသရေတော်” ဟု အနက်ဆောင်သည်။ “ယောကျ်ားသည် ဘုရားသခင်၏ပုံသဏ္ဍာန်၊ အသရေတော်ဖြစ်သောကြောင့်” ဟုဖော်ပြထားသည်။ “တန်ခိုးတော်” ဆိုသည့်စကားသည် ဂရိဘာသာဖြင့် “ပုံသဏ္ဍာန်” နှင့်အတူတူပင်ဖြစ်သည်။ အပြစ်သည် ကျွန်ုပ်တို့တွင်ရှိသောဘုရားသခင်၏ပုံသဏ္ဍာန်ကို ဖျက်ဆီးလိုက်ပြီ။ အပြစ်နှင့်ပြည့်လျက်ရှိသောလူသားတို့သည် ဘုရားသခင်၏အသရေတော်ကိုပြရန် အလွန်ကွာခြားလှပြီ။

(ရောမ ၃း၁၀–၁၈) တွင် ဖော်ပြထားသောပုံများမှ သင့်အားအကောင်းဆိုသောဖော်ပြထားသည့်ပုံသဏ္ဍာန်ကား အဘယ်နည်း။ ခရစ်တော်သည် သင်၏အသက်တာတွင်း၌ မရှိသော် သင်သည် မည်ကဲ့သို့ပုံသဏ္ဍာန်ရှိမည်နည်း။

အကြောင်းအရာများသည် မည်မျှပင်ဆိုးသည်ဖြစ်စေ၊ မျှော်လင့်ခြင်းကင်းမဲ့သည်မဟုတ်ပါ။ ဦးစွာကျွန်ုပ်တို့သည် အပြစ်သားဖြစ်ကြောင်းကို သိရှိရမည်ဖြစ်ပြီး မည်ကဲ့သို့မျှမပြုလုပ်နိုင်ကြောင်းဖြစ်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလိုအပ်ကြောင်း ခံစားရရှိနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်၏။ သို့သော်အပြစ်သားသည် နောက်ပြန်ဆုတ်ခြင်းကိုမပြုရ။ အကယ်၍ သူသည် ဘုရားသခင်ထံမှပြန်လည်ဆုတ်ခွာခြင်းမပြုခဲ့သော် သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏အပြစ်များမှ ပြန်လည်နိုးထလာအောင်ပို့ဆောင်မည်ဖြစ်၏။

**အင်္ဂါ ဇူလိုင် ၁၃**

**ပထမနှစ်ဆယ့်တစ်ရာစုနှစ်အထိ။ (ရောမ ၁း၂၂–၃၂)။**

၁၉၀၀ ရာပြည့်နှစ်ဖြစ်သည်။ ကမ္ဘာကြီးသည် အကောင်းဘက်သို့အမှန်တကယ်ပြောင်းလဲခဲ့ပြီဟု ယုံကြည်ကြသည်။ သို့သော် ဝမ်းနည်းစွာဖြင့် ဤကဲ့သို့မဖြစ်လာခဲ့ချေ။ နှစ်ဆယ်ရာစုနှစ်သည် သမိုင်းတစ်လျှောက်တွင် အလွန်ဆိုးဝါးဆုံးသောနှစ်တစ်ခုဖြစ်သည်။ ခေတ်မီသိပ္ပံတီထွင်မှု၏ကောင်းမှုကြောင့် ဘယ်အရူးတစ်စုံတစ်ယောက်မျှမအိပ်မက်ခဲ့သော် လူအစုလိုက်အပြုံလိုက်ကို သတ်ဖြစ်နိုင်ပြီဖြစ်၏။

အခက်အခဲကား အဘယ်နည်း။

ပထမရာစုနှစ် (A.D, ၁–၉၉) ခုနှစ်၌ (ရောမ ၁း၂၂–၃၂) တွင်ရေးသားထားသောအကြောင်းအရာများသည် ယခုနှစ်ဆယ့်တစ်ရာစုနှစ် (A.D. ၂၀၀၀) ၌လည်း မည်သို့သောနည်းမျိုးဖြင့် ဖြစ်ပျက်နေသနည်း။

လူတို့သည် ဘုရားသခင်ကိုမေ့ပျောက်သည့်အခါ အပြစ်ရေလှောင်တံတားကြီးသည် ပွင့်ကာ အမှားအယွင်းများပွင့်လာလေတော့သည်။ ယနေ့ကျွန်ုပ်တို့သည် ထိုအခက်အခဲ၏ရလဒ်နှင့်နေထိုင်နေရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့အပ်နှံခြင်းမရှိပါက ကျွန်ုပ်တို့သည် ဤအခက်အခဲ၏အစိတ်အပိုင်းဖြစ်လာ၏။

(ရောမ ၁း၂၂၊၂၃) တွင် တွေ့ရှိရသည့်အဖြစ်အပျက်များ ယနေ့ဘယ်ကဲ့သို့ဖြစ်ပျက်နေသနည်း။ ဘုရားသခင်ကိုလက်ခံရန် ငြင်းဆန်ခြင်းကြောင့် ယနေ့လူတို့သည် ဘယ်အရာများကို ချီးမြှောက်ကိုးကွယ်ကြသနည်း။ ဤအရာများကိုဝတ်ပြုခြင်းဖြင့် သူတို့သည် ဘယ်ကဲ့သို့သောမိုက်မဲသည့်သူများဖြစ်လာသနည်း။



**ဗုဒ္ဓဟူး ဇူလိုင် ၁၄**

**ဂျူးနှင့်တစ်ပါးအမျိုးသားများ။ (ရောမ ၂း၁–၃၊ ၁၇–၂၄)။**

(ရောမ ၂း၁–၃၊ ၁၇–၂၄) တွင် ပေါလုသည် ကျွန်ုပ်တို့ကို ဘာသတိပေးနေသနည်း။ ဤသတိပေးချက်ကို ဂျူးနှင့်တစ်ပါးအမျိုးသားများဘယ်ကဲ့သို့ခံယူရမည်နည်း။

သူတစ်ပါးအပြစ်ကိုညွှန်ပြရန် လွယ်ကူမည်ဖြစ်သည်။ သို့သော်ကျွန်ုပ်တို့ကိုယ်တိုင်ထိုကဲ့သို့အပြစ် (သို့မဟုတ်) ထိုထက်ဆိုးသောအပြစ်များကို ကျူးလွန်ကြသည်။ အခက်အခဲက ကျွန်ုပ်တို့၏အမှားများကို မကြာခဏဆိုသလိုမမြင်ကြပါ။ ဆိုးဝါးသောအရာများကိုပြုလုပ်သောသူများထက် ကျွန်ုပ်တို့ကပို၍ကောင်းသည်ဟု ထင်ခြင်းဖြင့် မိမိကိုယ်ကိုကျေနပ်နှစ်သိမ့်ကြသည်။

ပေါလုထိုကဲ့သို့သောအတွေးမျိုးကို လက်ခံခြင်းမပြုပါ။ သူ၏လူများကို တစ်ပါးအမျိုးသားများအား စီရင်ပြောဆိုခြင်းမပြုရန် သတိပေးသည်။

ပေါလုပြောဆိုသည့်အချက်မှာ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်မျှဖြောင့်မတ်သည်မရှိ။ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်မျှဘုရားသခင်၏ပြည့်စုံခြင်းအဆင့်ကိုမမီပါ။ တစ်ဦးတစ်ယောက်မျှကောင်းသည်၊ သန့်ရှင်းသည်ဟူ၍မရှိ။ ကျွန်ုပ်တို့သည် ဂျူးဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ ယောကျ်ား (သို့မဟုတ်) မိန်းမဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများသာဖြစ်သည်။ ဧဝံဂေလိတရားပြသသည့်အတိုင်း အကယ်၍ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာမဟုတ်ခဲ့လျှင် ကျွန်ုပ်တို့အားလုံးတစ်ဦးမျှမျှော်လင့်ခြင်းရှိမည်မဟုတ်ပါ။

သင်သည် သူတော်ကောင်းဟန်ဆောင်သည့်ကြောင်သူတော်ဖြစ်ပါသလား။ သင်ကိုယ်တိုင်ကျူးလွန်သည့်အရာများကိုပင် အခြားသောသူတို့ကို သင်မကြာခဏစီရင်ပါသလား။ ဤနေရာတွင် ပေါလုရေးသားသောအရာများသည် သင့်အား ဘယ်ကဲ့သို့ပြောင်းလဲရန်ထောက်ကူမည်နည်း။

## ကြာသပတေး ဇူလိုင် ၁၅

**နောင်တရခြင်း။ (ရောမ ၂း၄)။**

ငါးနှစ်သားအရွယ်ယောကျာ်းလေးတစ်ယောက်သည် မိမိ၏ညီမငယ်ကို တွန်းချလိုက်သည်။ သူ့မိဘများက သူ့အားဝမ်းနည်းပါသည်ဟု ပြောခိုင်းသည်။ သူပြောလိုခြင်းဆန္ဒမရှိပါ။ ထို့ကြောင့်သူသည် အမှန်တကယ်ဆန္ဒမရှိဘဲ ချည့်နဲ့စွာဖြင့် “sorry” ဟုပြောလိုက်သည်။ ဤအရာသည် အမှန်တကယ် “sorry” မဟုတ်ပါ။

ဤပုံပြင်ကိုစိတ်တွင်မှတ်ပြီး (ရောမ ၂း၄) ကိုဖတ်ပါ။ ကျွန်ုပ်တို့အတွက် မည်သည့်သတင်းစကားရှိသနည်း။

ဘုရားသခင်၏ကောင်းမြတ်ခြင်းသည် အပြစ်သားများအားနောင်တရစေသည်ကို ကျွန်ုပ်တို့သတိရရမည်ဖြစ်၏။ ဘုရားသခင်သည် အင်အားကိုအသုံးမပြုပါ။ သူသည် အလွန်သည်းခံခြင်းစိတ်ရှိပြီးလူတိုင်းကိုမိမိထံသို့ ၎င်း၏ချစ်ခြင်းမေတ္တာတော်ဖြင့် ဆွဲယူလိုသည်။

(ရောမ ၂း၅-၁၀) အရ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုငြင်းဆန်သောသူများ၊ နောင်တရရန် ငြင်းပယ်သူများ၊ နားမထောင်ဘဲနေသောသူများတို့သည် မည်ကဲ့သို့ဖြစ်မည်နည်း။



ဤကျမ်းပိုဒ်များနှင့်ရောမအဆုံးအမစာတွင် ကြိမ်ဖန်များစွာပေါလုသည် ကောင်းသောအလုပ်အပေါ် အာရုံစိုက်သည်။ အလုပ်နှင့်အပြုအမူတို့၏အရေးကြီးပုံကို နားလည်ခြင်းမရှိဘဲ ကျမ်းစာတော်မြတ်ကို လေ့လာဖတ်ကြားခြင်းမပြုနိုင်ပါ။ မှန်ကန်သောနောင်တရခြင်းသည် စိတ်၏ဆန္ဒဖြင့် လိုလားစွာဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့နောက် အမှန်နောင်တရသောသူသည် သူလှည့်ထွက်ရန် လိုအပ်သည့်အရာအားလုံးကို ချန်ထားကာ ဆက်လက်ကြီးထွားလာရမည်ဖြစ်သည်။

## သောကြာ ဇူလိုင် ၁၆

**ဆက်လက်လေ့လာရန်။**

“များစွာသောသူတို့သည် မိမိတို့၏စိတ်နှလုံးသည် ကောင်းသည်ဟုမိမိကိုယ်ကိုလှည့်ဖြားတွေးခေါ်ကြသည်။ စိတ်နှလုံးသည်ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။” (ယေရမိ ၁၇း၉) ကိုသူတို့နားလည်ခြင်းမရှိပါ။ မိမိတို့၏ဖြောင့်မတ်ခြင်းကိုသာလျှင် စဉ်းစားတတ်သည်။ မိမိတို့ကောင်းသည်ဟူ၍ ထင်သောအကျင့်စရိုက်အထိရောက်ရှိသည်ကို ဝမ်းသာကျေနပ်ကြသည်။ သို့သော် ဘုရားသခင်သတ်မှတ်ထားသည့်အဆင့်သို့မရောက်သော် ၎င်းတို့အဘယ်မျှဆုံးရှုံးခဲ့သနည်း။ ဘုရားသခင်သူတို့အားလုပ်ဆောင်ရန် အရာခပ်သိမ်းကို၎င်းတို့ကိုယ်တိုင်အဘယ်သို့မျှဆောင်ရွက်နိုင်မည်မဟုတ်ပါ။ E.G. White, SM, book 1, p. 320. မှကောက်နုတ်သည်။

-ဝ-

## သင်ခန်းစာ (၄)
## ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း

ဇူလိုင် ၁၇ – ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင်၁၇**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမ ၃း၁၉–၂၈)။

**အလွတ်ကျမ်းချက်**

**"ထိုကြောင့် လူမည်သည်ကား၊ ပညတ်တရား၏အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တတ်သည်ဟုယူရ၏။ (ရောမ ၃း၂၈)။**

ဤသင်ခန်းစာတွင် ရောမအဆုံးအမစာ၏အဓိကသဘောတရားအကြောင်းသို့ရောက်ရှိပြီဖြစ်သည်။ ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်းဖြစ်၏။

ကယ်တင်ခြင်းစီမံကိန်းတွင် ကျွန်ုပ်တို့တစ်ယောက်စီသည် အပြစ်ကျူးလွန်သူများဖြစ်သည်။ ကျွန်ုပ်တို့ကိုကိုယ်စားပြုသည့် သခင်ယေရှုသည် စုံလင်သည့်မှတ်တမ်းရှိသည်။ ကျွန်ုပ်တို့ကိုယ်စားသူသည် တရားရုံးရှေ့တွင် ရပ်လျက်ရှိသည်။ ကျွန်ုပ်တို့မဖြောင့်မတ်သောအရာများအတွက် သူ၏ဖြောင့်မတ်ခြင်းကလက်ခံသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်ကြောင့် ဘုရားသခင်၏ရှေ့တော်၌ ဖြောင့်မတ်ရာသို့ရောက်၏။ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့လက်ခံသော် သူ၏ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့အတွက်ဖြစ်၏။ ဤအချက်သည် "ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း" ဆိုသည့်အချက်ကိုရှင်းပြခြင်းဖြစ်သည်။ လွန်ခဲ့သည့်အချိန်၌ ကျွန်ုပ်တို့သည် အပြစ်ပြုလုပ်ခဲ့သော်လည်း ခရစ်တော်ကိုလက်ခံခြင်းကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်စွာရပ်လျက်ရှိ၏။ သူ၏ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့ကိုကယ်တင်နိုင်သည့်တစ်ခုတည်းသောဖြောင့်မတ်ခြင်းဖြစ်၏။

ဤသတင်းထက်သာ၍ကောင်းသော သတင်းစကားအဘယ်မျှမရှိပါ။



**တနင်္ဂနွေ** **ဇူလိုင် ၁၈**

**ပညတ်တရား၏ဆောက်ရွက်ချက်။ (ရောမ ၃း၁၉၊၂၀)။**

ပညတ်တရားအကြောင်း (ရောမ ၃း၁၉၊၂၀) တွင် ပေါလုဘာကိုပြောဆိုနေသနည်း။ ပညတ်တရားဆောင်ရွက်နိုင်သည့်အရာနှင့် မဆောင်ရွက်နိုင်သည့်အရာကား အဘယ်နည်း။ ဤအရာသည် အဘယ်ကြောင့် ခရစ်ယာန်များနားလည်ရန် အလွန်အရေးကြီးပါသနည်း။

ပညတ်တရားအောက်၌ ရှိနေခြင်းအကြောင်းကို နားလည်ရန် ယနေ့ကျွန်ုပ်တို့ရောမအဆုံးအမစာကို အသုံးပြုပါသည်။ ပညတ်တရားကိုလူတို့၏ကျင့်ဝတ်တရားဟု အများသောသူတို့ထင်မြင်ကြသည်။ ဂျူးလူမျိုးတို့ကို ဂျူးပညတ်တရားစနစ်က မကယ်နိုင်သကဲ့သို့ လူ့ကျင့်ဝတ်တရားသည် လူများကိုကယ်တင်နိုင်စွမ်းမရှိပါ။ လူ့ကျင့်ဝတ်တရား၏ရည်ရွယ်ချက်သည် အပြစ်သားများကိုကယ်တင်ရန်မဟုတ်ပါ။ လူ့ကျင့်ဝတ်တရား၏ရည်ရွယ်ချက်သည်

ဘုရားသခင်၏စရိုက်ကိုပြရန်နှင့်လူတို့သည် ထိုစရိုက်ကိုရောင်ပြန်ဟပ်ရန် ပျက်ကွက်သည်ကိုပြရန်ဖြစ်သည်။

လူ့ကျင့်ဝတ်တရား (အထုံးအဖွဲ့နှင့်လူ့အဖွဲ့အစည်းပညတ်တရား) အားလုံးသည် ဘုရားသခင့်ရှေ့တော်၌ လူကိုဖြောင့်မတ်စေရန်မပြုလုပ်နိုင်။ ပညတ်တရားသည် ထိုသို့ပြုလုပ်ရန်မဟုတ်၊ ပညတ်တရားသည် ကျွန်ုပ်တို့၏အပြစ်နှင့်အားနည်းချက်များကို ညွှန်ပြပြီး ခရစ်တော်ထံသို့ပို့ဆောင်ရန်ဖြစ်သည်။

ပညတ်တရားသည် လူတို့ကိုမကယ်တင်နိုင်။ ထိုနည်းတူရောဂါ၏လက္ခဏာသည်လည်း ရောဂါကိုပျောက်ကင်းအောင်မကုသနိုင်။ ရောဂါပျောက်ကင်းအောင်ကုသရန်လိုအပ်သည်ကို ညွှန်ပြရန်သာဖြစ်၏။ ပညတ်တရားသည် ဤကဲ့သို့ဆောင်ရွက်ရန်ဖြစ်သည်။

သင်သည် ပညတ်တရားကိုမည်မျှအောင်မြင်စွာစောင့်ရှောက်ခဲ့သနည်း။ ပညတ်တရားစောင့်ရှောက်ခြင်းဖြင့် ကယ်တင်ခြင်းရရန်မဖြစ်နိုင်ကြောင်း သင်၏အဖြေသည် ဘယ်ကဲ့သို့ပြောသနည်း။

**တနင်္လာ ဇူလိုင် ၁၉**

**ယုံကြည်ခြင်းနှင့်ဖြောင့်မတ်ခြင်းတရား။ (ရောမ ၃း၂၁)။**

ဤအသစ်သောဖြောင့်မတ်ခြင်းသည် ပညတ်တရား၏ဖြောင့်မတ်ခြင်းနှင့်ကွာခြားသည်။ ပညတ်တရား၏ဖြောင့်မတ်ခြင်းအဟောင်းသည် ဂျူးများသိရှိနားလည်သည့် ဖြောင့်မတ်ခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းအသစ်သည် "ဘုရားသခင်၏ဖြောင့်မတ်ခြင်း" ဟုခေါ်ဆိုသည်။ ဤဖြောင့်မတ်ခြင်းတစ်ခုတည်းကိုသာလျှင် ဘုရားသခင်လက်ခံသည့် မှန်သောဖြောင့်မတ်ခြင်းဖြစ်သည်။





ဤဖြောင့်မတ်ခြင်းသည် လူအဖြစ်ခရစ်တော်အသက်တော်ထင်ရှားစဉ် ကျင့်ခဲ့သောဖြောင့်မတ်ခြင်းတရားပင်ဖြစ်သည်။ ဤဖြောင့်မတ်ခြင်းတရားသည်လည်း ယုံကြည်ခြင်းဖြင့်လက်ခံရန်ကျွန်ုပ်တို့အား သခင်ယေရှုကမ်းလှမ်းသည့်ဖြောင့်မတ်ခြင်းတရားဖြစ်သည်။ ဤယုံကြည်ခြင်းသည် လူတို့ထိုက်တန်၍ရသောယုံကြည်ခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့လိုအပ်သောယုံကြည်ခြင်းဖြစ်သည်။ "ကျွန်ုပ်တို့ရှုံးနိမ့်ခဲ့သောနေရာ၌ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် အစားထိုးလက်ခံခဲ့ပြီ။ ဘုရားသခင်သည် ယုံကြည်သောသူအား ခွင့်လွှတ်လက်ခံပြီး အပြစ်ကိုသန့်ရှင်းအောင်ဆေးကြောခဲ့သည်။ ထိုနောက် ဘုရားသခင်သည် အပြစ်သားအား ဖြောင့်မတ်သောသူကဲ့သို့လည်းကောင်း၊ မိမိ၏သားတော်ကို ချစ်သကဲ့သို့လည်းကောင်း ချစ်တော်မူပြီး ပြုမူဆက်ဆံသည်။ E.G.White, SM, book 1, p. 367 မှ ကောက်နုတ်သည်။

ဤအံ့ဩဖွယ်ကောင်းလှသောဖြောင့်မတ်ခြင်းတရားကို သင်ဘယ်ကဲ့သို့လက်ခံရန် သင်ယူရမည်နည်း။ (ရောမ ၃း၂၂) ကိုလည်းဖတ်ပါ။

ခရစ်တော်၌မှန်သောယုံကြည်ခြင်းသည် သူ့အား ကယ်တင်ရှင်အဖြစ်လည်းကောင်း၊ မိမိကိုယ်စားအပြစ်ခံယူသောသူအဖြစ်လည်းကောင်း၊ သခင်ဘုရားအဖြစ်လည်းကောင်း လက်ခံခြင်းကိုဆိုလိုသည်။ သခင်ခရစ်တော်ကဲ့သို့အသက်ရှင်နေထိုင်ရန် ရွေးချယ်ခြင်းဟုအနက်ဆောင်သည်။ သူ့အားကိုးစားခြင်းနှင့် သူ၏ပညတ်တော်

များကို သစ္စာရှိခြင်းဖြင့် ယုံကြည်သောအသက်တာဖြင့် နေထိုင်ခြင်းဖြစ်၏။

**အင်္ဂါ ဇူလိုင် ၂၀**

**ကျေးဇူးတော်နှင့်ဖြောင့်မတ်ခြင်း။ (ရောမ ၃း၂၄)။**

ပညတ်တရားသည် ဘာကိုလုပ်နိုင်/မလုပ်နိုင်အကြောင်းကို လေ့လာပြီးဖြစ်သည်ကိုသတိပြုပါ။ ထိုနောက် (ရောမ ၃း၂၄) ကို ဖတ်ပါ။ ပေါလုဘာကိုပြောနေသနည်း။ ကယ်တင်ခြင်းသည် သခင်ယေရှု၌ရှိသည်ဆိုသည်မှာ အဘယ်နည်း။ အပြစ်လွှတ်ခြင်းနှင့်အပြစ်မှသန့်ရှင်းအောင်ဆေးကြောခြင်းခံရခြင်းသည် ဖြောင့်မတ်ရာသို့ရောက်သည်ဟု သဘောဆောင်သည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖြောင့်မတ်ရာသို့ရောက်သည်ဟု ကြေညာသော် ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းပြုလုပ်ခံရပြီးဟု တစ်နည်းအားဖြင့် ခံယူနိုင်သည်။

ဘုရားသခင်၏ကျေးဇူးတော်၌သာလျှင် ဤကဲ့သို့ဖြစ်နိုင်သည်။ ကျေးဇူးတော်ဆိုရာ၌ မျက်နှာသာရခြင်းကိုဆိုသည်။ သာဓကဖြင့် အပြစ်သားတစ်ဦးသည် ဘုရားသခင်ထံသို့ ကယ်တင်ခြင်းရရှိရန် လှည့်လာသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် ထိုသူအား ဘုရားသခင်မှဖြောင့်မတ်ရာသို့ရောက်သည်ဟု ကြေညာနိုင်စွမ်းရှိသည်ဖြစ်၏။

ကယ်တင်ခြင်းသတင်းသည် အလွန်ကောင်းသည်ဖြစ်ရာ အဘယ်ကြောင့်လူများလက်ခံရန် ရပ်နေသနည်း။ ဘုရားသခင်ကမ်းလှမ်းသည့်ကတိတော်အားလုံးကို လက်ခံရန် မည်သည့်အရာများသည် သင့်အားရပ်တန့်စေသနည်း။



**ဗုဒ္ဓဟူး ဇူလိုင် ၂၁**

**ဘုရားသခင်၏ဖြောင့်မတ်ခြင်း။ (ရောမ ၃း၂၆၊၂၇)။**

(ရောမ ၃း၂၅) တွင် ပေါလုသည် ကြီးမြတ်သောကယ်တင်ခြင်းအကြောင်းကို နက်နဲစွာရှင်းပြသည်။ သခင်ယေရှု၏ရွေးနုတ်ခြင်းနှင့်ဖြောင့်မတ်ရာသို့ရောက်ရှိခြင်းကိုလည်း ဖော်ပြသည်။ အပြစ်လွှတ်ခြင်းနှင့်အပြစ်ဖယ်ရှားခြင်းကိုလည်း ပြောဆိုထားသည်။ ဂရိဘာသာစကားအရ အပြစ်လွှတ်ခြင်းကို “ကျော်သွားသည်” ဟုလည်း အနက်ဆောင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို လျစ်လျူရှုပြီး “ကျော်သွားသည်” ဟုဆိုလိုခြင်းမဟုတ်ပါ။ ခရစ်တော်၏အသေခံခြင်းအားဖြင့် အပြစ်၏အဖိုးအခများကို အားလုံးပေးဆပ်ခဲ့သောကြောင့် လွန်ခဲ့သောအပြစ်များကို ဘုရားသခင်သည် ကျော်သွားနိုင်သည်ဖြစ်၏။ ခရစ်တော်၏သွေးတော်၌ ယုံကြည်သောသူအပေါင်းတို့သည် သူ့အပြစ်၏အဖိုးအခကို ပေးဆပ်နိုင်ပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် သူတို့အတွက် အသေခံခြင်းကြောင့်ဖြစ်၏။ (၁ကော ၁၅း၃)။

(ရောမ ၃း၂၆၊၂၇) တွင် ပေါလုဘာကိုညွှန်ပြနေသနည်း။ ပေါလုသည် သူ၏စာဖတ်သူများအား ဘုရားသခင်၏ဖြောင့်မတ်ခြင်းသတင်းကောင်းကို ဝေငှလိုသောဆန္ဒရှိသည်။ ဘုရားသခင်၏သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့၏အလုပ်အားဖြင့် ရရှိသည်မဟုတ်ပါ။ သခင်ယေရှုခရစ်ကျွန်ုပ်တို့အတွက် ဘာလုပ်ခဲ့သည်ကိုသိရှိပြီး ၎င်းအားယုံကြည်ခြင်းဖြင့်သာ ရရှိနိုင်သည်ဖြစ်၏။

## ကြာသပတေး ဇူလိုင် ၂၂

**ယုံကြည်ခြင်းနှင့်အလုပ်။ (ရောမ ၃း၂၈)။**

(ရောမ ၃း၂၈) သည် ကျွန်ုပ်တို့ပညတ်တရားကို နားထောင်ရန် မလိုအပ်ဟုဆိုလိုပါသလား။ သင့်အဖြေကိုရှင်းပြပါ။

ပေါလုသည် (ရောမ ၃း၂၈) တွင် ဂျူးတို့၏ပညတ်တရားအကြောင်းပြောကြားနေခြင်းဖြစ်သည်။ ဂျူးတစ်ယောက်သည် မည်မျှပင်သေချာစွာ ဤစနစ်အောက်တွင် အသက်ရှင်နေထိုင်သည်ဖြစ်စေ၊ ဤပညတ်တရားသည် သူ့အားကယ်တင်နိုင်မည်မဟုတ်။

သို့သော် များစွာသောခရစ်ယာန်များသည် ဤကျမ်းပိုဒ်ကို နားမလည်ဘဲ အလွဲသုံးစားပြုကြသည်။ သူတို့ဆိုသည်မှာ ယုံကြည်ခြင်းသာလိုအပ်သည်ဟုဆိုသည်။ ထိုနောက် အလုပ် (သို့မဟုတ်) နားထောင်ခြင်းသည် အရေးကြီးသောအရာမဟုတ်ပါဟုဆိုသည်။ ဤသူများသည် ပေါလုဘာကိုပြောဆိုနေသည်ကို နားလည်ခြင်းမရှိပါ။ ရောမအဆုံးအမစာနှင့်အခြားနေရာများတွင် ဘုရားသခင်၏ပညတ်တရားများကို စောင့်ရှောက်ရန် အလွန်အရေးကြီးသည်ဟု ဆိုထားသည်ကို တွေ့ရှိနိုင်သည်။ ခရစ်တော်ကိုယ်တော်တိုင်နားထောင်ခဲ့သည်။ ယောဟန်နှင့်ယာကုပ်သည်လည်း ထိုနည်းတူပင်။ (ယာကုပ် ၂း၁၀၊၁၁။ ဗျာ ၁၄း၁၂)။ ပညတ်တရားကိုစောင့်ရှောက်ခြင်းသည် ကယ်တင်ခြင်းမရရှိနိုင်ကြောင်းကို ပေါလုညွှန်ပြနေခြင်းဖြစ်သည်။ သို့သော် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်သောသူသည် ဘုရားသခင်၏ပညတ်တရားများကို စောင့်ရှောက်လျက်ပင်။ ထို့အပြင် ဖြောင့်မတ်ရာသို့ရောက်သောသူသည်သာလျှင် ပညတ်တရားကို စောင့်ရှောက်နိုင်သည်။ အပြစ်လွတ်ခြင်းနှင့်ဖြောင့်မတ်ရာသို့မရရှိခဲ့သော



အပြစ်သားတစ်ဦးသည် ပညတ်တရား၏စောင့်စည်းရမည့်တောင်းခံချက်များကို ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

ပညတ်တရားတော်ကို စောင့်ရှောက်ခြင်းဖြင့် ကယ်တင်ခြင်းမရရှိနိုင်သည့်အတွက် ပညတ်တရားကိုစောင့်ရှောက်ရန်မလိုအပ်ကြောင်းဟူသောအတွေးထောင်ချောက်ထဲသို့ အဘယ်ကြောင့် ကျရန်လွယ်ကူသနည်း။

## သောကြာ ဇူလိုင် ၂၃

**ထပ်ဆင့်လေ့လာရန်။**

“ခရစ်တော်၏အကျင့်စရိုက်သည် သင်၏အကျင့်စရိုက်နေရာတွင် ရပ်တည်နေ၏။ ထိုနောက် သင်သည် အပြစ်မရှိသကဲ့သို့ပင် ဘုရားသခင်သည် သင့်အားလက်ခံသည်။ E.G.White, Steps to Christ, p. 62.

“အပြစ်သားများသည် မည်သည့်အဖိုးအခကိုမျှမပေးဘဲ ကျေးဇူးတော်ကိုခံစားရသည်။ အပြစ်အကြောင်းကို မသိသောကောင်းကင်တမန်များသည် ဘုရားသခင်ထံမှကျေးဇူးတော်ခံစားရရှိသည်ကို နားလည်ခြင်းမရှိကြပါ။ သို့သော် ဘုရားသခင်၏ဆုကျေးဇူးလက်ဆောင်မွန်သည် ကျွန်ုပ်တို့အပြစ်အတွက် တာဝန်ယူပေးသည်။ E.G.White, SM, pp. 331,332 မှကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၅)
## ဖြောင့်မတ်ခြင်းနှင့်ပညတ်တရား
ဇူလိုင် ၂၄ – ၃၀

### ဥပုသ်နေ့မွန်းလွဲပိုင်း ဇူလိုင် ၂၄

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ကမ္ဘာ ၁၅း၆။ ၂ရာ ၁၁။ ၁၂။ ရောမ ၃း၂၀–၂၃၊၃၁။ ၄း၁–၁၇။ ဂလာတိ ၃း၁၉။ ၁ယော ၃း၄။

### အလွတ်ကျမ်းချက်

**"သို့ဖြစ်လျှင် ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကိုပယ်ကြသလော။ အလျှင်းမပယ်၊ သာ၍တည်စေကြ၏။" (ရောမ ၃း၃၁)။**

ရောမ (၄) သည် ယုံကြည်ခြင်းတစ်ခုတည်းဖြင့် ကယ်တင်ခြင်းရရှိသည်ဟု ဆိုသည့်အပေါ် အခြေခံထားသည်ဟု နည်းအမျိုးမျိုးဖြင့်ဖေါ်ပြထားသည်။ ပေါလုသည် သန့်ရှင်းဖြူစင်သည့်အာဗြဟံအား ပညတ်တရား၏အလုပ်မပါဝင်ဘဲ ကယ်တင်ခြင်းရရှိရန် ကျေးဇူးတော်သာလိုအပ်ကြောင်း ပုံပမာပြထားသည်ကိုတွေ့ရှိရသည်။ ပေါလုပြောဆိုသည့်အရာသည် မည်သူမျှနားလည်မှုမမှားရန် သေချာစွာအနက်ရှင်းအောင်ပြောဆိုထားသည်။ အကယ်၍အကောင်းဆုံးသောလူတစ်ဦး၏အလုပ်နှင့်ပညတ်တရားစောင့်ရှောက်ခြင်းသည် ဘုရားသခင်နှင့်သင့်မြတ်အောင်မလုပ်နိုင်ခဲ့သော် မည်သူတစ်ဦးတစ်ယောက်သည်



မျှော်လင့်ခြင်းရှိနိုင်မည်နည်း။ အကယ်၍အာဗြဟံသည် ကျေးဇူးတော်ကိုလိုအပ်ပါက ကျွန်ုပ်တို့လည်း ထိုနည်းတူလိုအပ်မည်ဖြစ်၏။

ရောမ (၄) တွင် ကယ်တင်ခြင်းစီမံကိန်း၏အရေးကြီးသည့်အပိုင်း (၃) ပိုင်းကို ပေါလုဖေါ်ပြထားသည်။
၁။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာ (ကျေးဇူးတော်) ကတိတော်။
၂။ ထိုကတိ၏ (ကျွန်ုပ်တို့) အဖြေ။ (ယုံကြည်ခြင်း၏အဖြေ)။
၃။ ယုံသောသူတို့အား ဘုရားသခင်၏သန့်ရှင်းဖြောင့်မတ်ခြင်းကိုပေးခြင်း။

ထိုကဲ့သို့အာဗြဟံအလုပ်ဖြစ်ခဲ့သည်။ ကျွန်ုပ်တို့နှင့်လည်း ထိုကဲ့သို့အလုပ်ဖြစ်မည်ဖြစ်၏။

### တနင်္ဂနွေ ဇူလိုင်၂၅

**ပညတ်တရားတည်တံ့ခိုင်မြဲစွာရပ်တည်ခြင်း။ (ရောမ ၃း၃၁)။**

(ရောမ ၃း၃၁) တွင် ပေါလုမည်သည့်အရာကို ညွှန်ပြနေသနည်း။ Adventist အသင်းဝင်များအနေဖြင့် ဤအချက်သည် အဘယ်ကြောင့်အရေးကြီးသနည်း။

ဤကျမ်းပိုဒ်တွင် ယုံကြည်ခြင်းသည် ပညတ်တရားကို မပယ်ဖျက်ကြောင်း ပေါလုငြင်းခုံပြောဆိုနေသည်။ ဘုရားသခင်၏ပညတ်တရားသည် မည်သူ့ကိုမျှမကယ်တင်ခဲ့ပါ။ ဓမ္မဟောင်းကျမ်း၌ရှိသော ပညတ်တရားများကို စောင့်ရှောက်သောသူတို့ကိုပင်လျှင် မကယ်တင်ပါ။ အပြစ်သားများကို ဘုရားသခင်၏ကျေးဇူးတော်သည် ယုံကြည်ခြင်းအားဖြင့် အမြဲပေးသည်ကို ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်ခုလုံးမှဖေါ်ပြထားသည်။

ဓမ္မဟောင်းတွင် ပညတ်တရားကိုစောင့်ကြောင်း (ရောမ ၄း၁–၈) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

ဓမ္မဟောင်းပုံပြင်အရ အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သောကြောင့် ဘုရားသခင်သည် သူ့အားဖြောင့်မတ်စေသည်။ ထိုကြောင့် ဓမ္မဟောင်းကျမ်းတွင်လည်း ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ရကြောင်း သွန်သင်သည်။ ယုံကြည်ခြင်းသည် အလဟဿအသုံးမဝင်ဟု သွန်သင်သောပညတ်သည် မှားယွင်း၏။

ဗာသရှေဘာနှင့်ဒါဝိဒ်၏မိုက်မဲသောအဖြစ်အပျက်ပြီးမှ ဘယ်ကဲ့သို့ခွင့်လွှတ်ခြင်းရသည်ကို ကျေးဇူးတော်သာလျှင် ရှင်းလင်းဖေါ်ပြနိုင်မည်ဖြစ်သည်။ ဒါဝိဒ်သည် ပညတ်တရားစောင့်ခြင်းကြောင့် ခွင့်လွှတ်ခြင်းရသည်မှာ အမှန်တကယ်မဟုတ်ပါ။

ဒါဝိဒ်၏အပြစ်နှင့်ဘုရားသခင်ထံပြန်လာခြင်းအကြောင်း ခေတ္တအချိန်ယူပြီး စဉ်းစားပါ။ (၂ရာ ၁၁ နှင့် ၁၂။ ဆာလံ ၅၁)။ ဤဝမ်းနည်းဖွယ်ကောင်းသည့်ပုံမှ သင်မည်သည့်မျှော်လင့်ခြင်းကို ရရှိသနည်း။

**တနင်္လာ** **ဇူလိုင် ၂၆**

**ကျေးဇူးတော် (သို့မဟုတ်) အကြွေးလော့။ (ရောမ ၄း၆–၈)။**

ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်း ပေါလုဆက်လက်ပြီး (ရောမ ၄း၆–၈) တွင် ဘယ်ကဲ့သို့ဆွေးနွေးတင်ပြထားသနည်း။

ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိသည်မှာ ဂျူးလူမျိုးတို့အတွက်သာမဟုတ်ပါ။ တစ်ပါးအမျိုးသားများလည်းပါဝင်သည်ဟု ပေါလုရှင်းလင်းဖေါ်ပြထားသည်။ (ရောမ ၄း၉–၁၂)။ ဥပမာ–



အာဗြဟံသည် ဂျူးလူမျိုးမဟုတ်ပါ။ အာဗြဟံသည် တစ်ပါးအမျိုးသားနောက်ခံမှဆင်းသက်လာသူဖြစ်သည်။ (ယောရှုမှတ်စာ ၂၄း၂)။ အာဗြဟံခေတ်ကာလ၌ တစ်ပါးအမျိုးသားနှင့်ဂျူးလူမျိုးတို့ခြားနားခြင်း မသိရှိသေးပါ။ အာဗြဟံသည် ဖြောင့်မတ်ခြင်းရရှိသည့်အခါ (က ၁၅း၆) သူသည် အရေဖျားလှီးခြင်းကိုပင် မခံယူရသေးပါ။ ထို့ကြောင့် အာဗြဟံသည် အရေဖျားလှီးခြင်းမခံရသူများနှင့် အရေဖျားလှီးခြင်း ခံရသူများ၏ဖခင်ဖြစ်သည်။ ပေါလုသည် အာဗြဟံ၏ပုံပမာကိုယူပြီး ကယ်တင်ခြင်းသည် လူတိုင်းအတွက် မည်မျှကျယ်ပြန့်သည်ကို အသုံးပြုညွှန်ပြလေ့ရှိ၏။ ခရစ်တော်၏အသေသတ်ခံခြင်းသည် လူတိုင်းအတွက်ဖြစ်သည်။ သူတစ်ဦးတစ်ယောက်သည် ဘယ်သူဖြစ်ပြီး ဘယ်လူမျိုး၊ ဘယ်နိုင်ငံသားဟူသည်မှာ အရေးမကြီးပါ။ (ဟေဗြဲ ၂း၉)။

ကပ်တိုင်သည် လူတိုင်းထံသို့ရောက်ရှိသည်။ ကပ်တိုင်သည်လည်း လူတစ်ဦးစီမည်မျှတန်ဖိုးကြီးသည်ကိုလည်း ဖေါ်ပြသည်။ ကျွန်ုပ်တို့နှင့်ခြားနားသောသူတို့ကို မုန်းတီးခြင်းသည် အဘယ်ကြောင့် အလွန်ကြောက်မက်ဖွယ်ရာဖြစ်သနည်း။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့စိတ်နှလုံးတွင်ရှိသောအမုန်းတရားများကိုသိရှိပြီး ပယ်ရှားပစ်ရန် ဘယ်ကဲ့သို့သင်ယူရမည်နည်း။

**အင်္ဂါ** **ဇူလိုင် ၂၇**

**ကတိတော်နှင့်ပညတ်တရား။ (ရောမ ၄း၁၃)။**

ဓမ္မဟောင်းတွင် ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရသည်ဆိုသည်မှာအရေးကြီးကြောင်း ပေါလု (ရောမ ၄း၁၄–၁၇) တွင် ဘယ်ကဲ့သို့ပြသထားသနည်း။

ပေါလုသည် ဘယ်သူများကိုစာရေးနေကြောင်း သတိရရန် အရေးကြီးသည်။ ယုံကြည်သူဂျူးများသည် ဓမ္မဟောင်းကျမ်းမှပညတ်တရားများကို ကောင်းမွန်စွာသိရှိနားလည်သည်။ များစွာသောသူတို့သည် ၎င်းတို့၏ကယ်တင်ခြင်းသည် ပညတ်တရားမည်မျှကောင်းအောင်စောင့်ထိန်းခြင်းအပေါ် မူတည်သည်ဟု ယုံကြည်သည်။ သို့သော် ဓမ္မဟောင်း၏သွန်သင်ခြင်းကား ဤကဲ့သို့မဟုတ်ပါ။

ပေါလုသည် ဤမှားသည့်အတွေးအခေါ်ကို ပြင်ဆင်ရန် ကြိုးစားခဲ့သည်။ အာဗြဟံသည် ကတိတော်များကို သိနာတောင်မတိုင်မီကရရှိကြောင်း ပေါလုငြင်းခုံပြောဆိုသည်။ ပညတ်တရား၏အလုပ်များကြောင့် အာဗြဟံသည် ဤကတိတော်များကို လက်ခံရရှိသည် မဟုတ်ကြောင်း ပေါလုကြိုးစားပြသသည်။ ပညတ်တရားသည် နေရာတကျမရှိသေးသောကြောင့် ဤအရာသည် ခက်ခဲမည်ဖြစ်၏။ ဤသို့ဖြစ်မည့်အစား အာဗြဟံသည် ယုံကြည်ခြင်းဖြင့် ကတိတော်များကို လက်ခံရရှိသည်။

ပေါလုသည် ပညတ်တရားဖြင့် ကယ်တင်ခြင်းရှာသည်မှာ အကျိုးမရှိကြောင်းကို ကြိုးစားသွန်သင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အားလုံးဂျူးဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ ပညတ်တရားကိုချိုးဖျက်ခဲ့သူများဖြစ်ခြင်းကြောင့်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးလည်း အာဗြဟံနည်းတူ ၎င်းလိုအပ်သည့်အရာကို ကျွန်ုပ်လည်းလိုအပ်မည်ဖြစ်၏။



**ဗုဒ္ဓဟူး ဇူလိုင် ၂၈**

**ယုံကြည်ခြင်းနှင့်ပညတ်တရား။ (ဂလာတိ ၃း၂၁–၂၃)။**

"လူတစ်ဦးသည် မိမိအလုပ်ဖြင့်ကယ်တင်နိုင်သည်ဟု ယုံကြည်ခြင်းသည် မှားသောခရစ်ယာန်ဘာသာရေးတိုင်း၏အခြေခံသဘောဖြစ်သည်။ ဤကဲ့သို့ယုံကြည်ခြင်းသည် အပြစ်ကိုတားဆီးသည့်အရာကို ဖယ်ရှားလိုက်ခြင်းဖြစ်သည်။" E.G.White, The Desire of Ages, pp. 35,36 မှကောက်နုတ်သည်။ ဤအချက်သည် ဘာကိုဆိုလိုသနည်း။ ကျွန်ုပ်တို့အလုပ်ကြောင့် မိမိကိုယ်ကို ကယ်တင်နိုင်သည်ဟူသောသဘောသည် အဘယ်ကြောင့် ကျွန်ုပ်တို့အားအပြစ်ဖြစ်စေရန် လမ်းဖွင့်ထားရာကျသနည်း။

(ဂလာတိ ၃း၂၁–၂၃) တွင် ပေါလုသည် ယုံကြည်ခြင်းနှင့် ပညတ်တရားဆက်စပ်မှုဘယ်ကဲ့သို့ရှိသည်ကို ပေါလုရှင်းပြသနည်း။

သို့သော်ယုံကြည်ခြင်း၏ကတိတော်သည် ခရစ်တော်၌ပိုမို၍ပြသသည်။ "ပညတ်တရားအောက်တွင်" ရှိသည်ဟုယုံကြည်သည့်သူများအားလုံးကို လွတ်မြောက်စေသည်။ ကယ်တင်ခြင်းကို ထိုနည်းဖြင့်ရယူရန်ကြိုးစားခြင်းမှလွတ်မြောက်စေသည်။ ယုံကြည်ခြင်းနှင့်ကျေးဇူးတော်မပါသည့်အခါ ပညတ်တရားသည် ဝန်ထုပ်ဝန်ပိုးဖြစ်လာ၏။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်း၊ ကျေးဇူးတော်နှင့်ယုံကြည်ခြင်းဖြင့်ရရှိသောဖြောင့်မတ်ခြင်းမရှိဘဲ ပညတ်တရားအောက်တွင်ရှိသည်ဟုဆိုရာ၌ အပြစ်နှင့်အပြစ်၏တရားစီရင်မှုအောက်တွင်ရှိသည်ဟု အနက်ဆောင်သည်။

သင်ဘုရားသခင်နှင့်အတူလျှောက်လှမ်းရာ၌ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရခြင်းသည် အဘယ်မျှအရေးကြီးပါသနည်း။ အခြား

သောအမှန်တရား၏အစိတ်အပိုင်းများဖြင့် မမှုန်မွှားစေရန် သေချာအောင်သင်မည်ကဲ့သို့ပြုလုပ်မည်နည်း။ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို သေချာစွာနားလည်ရန် ကင်းမဲ့သည့်အခြားသောသွန်သင်ချက်များသည် အဘယ်သို့သောကောင်းကျိုးပေးမည်နည်း။

## ကြာသပတေး ဇူလိုင် ၂၉

**ပညတ်တရားနှင့်အပြစ်။ (ရောမ ၃း၂၀)။**

အပြစ်နှင့်ပညတ်တရားစပ်ကြား ဘယ်ကဲ့သို့ဆက်စပ်မှုရှိကြောင်းကို (၁ယော ၂း၃–၆။ ၃း၄ နှင့် ရောမ ၃း၂၀) တို့တွင် ဖော်ပြထားသနည်း။

ဓမ္မသစ်ကျမ်းတွင် ဧဝံဂေလိနှင့်ပညတ်တရားနှစ်ခုလုံးပါဝင် ဖော်ပြထားသည်။ အပြစ်သည် မည်သည့်အရာဖြစ်ကြောင်းကို ပညတ်တရားကပြသသည်။ ဧဝံဂေလိတရားသည် ထိုအပြစ်ကိုပျောက်ကင်းအောင် ကုသရန် ညွှန်ပြထားသည်။ ဤကုသနည်းသည် သခင်ယေရှုခရစ်၏အသေခံခြင်းနှင့် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းဖြင့်ဖြစ်သည်။ ပညတ်တရားမရှိပါက အပြစ်လည်းရှိမည်မဟုတ်ပါ။ ဤကဲ့သို့မဖြစ်လျှင် ကျွန်ုပ်တို့သည် ဘယ်အရာမှကယ်တင်ခြင်းခံရမည်နည်း။ ပညတ်တရားအတည်တကျရှိမှသာလျှင် ဧဝံဂေလိတရားသည်လည်း အနက်ရှိသည်။ သခင်ယေရှု၏အသေခံခြင်းသည် အကယ်၍ပညတ်တရားကို ပြောင်းရသော် သို့တည်းမဟုတ် ပယ်ရှားလိုက်ရသော် ကပ်တိုင်နောက်မှမဟုတ်ဘဲ ကပ်တိုင်မတိုင်မီပြုလုပ်ရမည်ဖြစ်ကြောင်းကိုပြသသည်။ သခင်ယေရှု၏အသေခံခြင်းသည် ပညတ်တရားကို လိုက်နာဂုဏ်ပြုရဦးမည်ဖြစ်ကြောင်းကိုပြသည်။



ဘုရားသခင်၏ပညတ်သည် သူတစ်ပါး၏မယား၊ လင်ယောကျ်ားနှင့် ဖေါက်ပြန်ခြင်းဆိုသည့်ဥပဒေမရှိဟုဆိုကြပါစို့။ ထိုသို့သောဖေါက်ပြန်မှုကိုခံစားရသောသူတို့သည် ပို၍နာကျင်မှုကိုလျော့ပါးစေနိုင်ပါသလား။ ဘုရားသခင်၏ဥပဒေကို ရိုသေလိုက်နာရမည်ဖြစ်ကြောင်း သင့်အဖြေသည် သင့်အားဘယ်ကဲ့သို့နားလည်ရန် ကူညီသနည်း။ ဘုရားသခင်၏ပညတ်ကို သင်ကျူးလွန်ခဲ့သည့်ရလဒ်အကျိုးကို သင်ဘယ်ကဲ့သို့ခံစားရသနည်း။

## သောကြာ ဇူလိုင် ၃၀

**ထပ်ဆင့်လေ့လာရန်။**

“လူများကယ်တင်ခြင်းရရန်နှင့် ပညတ်တရားကိုရိုသေရန် ဘုရားသခင်၏သားတော်သည် ကျွန်ုပ်တို့၏အပြစ်အတွက် မိမိကိုယ်ကိုအပ်နှံရသည်။ အပြစ်ကိုမသိသောသူသည် ကျွန်ုပ်တို့ကြောင့် အပြစ်ဖြစ်ခဲ့ရသည်။ ကျွန်ုပ်တို့အတွက် ကပ်တိုင်ပေါ်တွင် အသေသတ်ခြင်းကိုခံရသည်။ သူ၏အသေခံခြင်းသည် ဘုရားသခင်၏လူသားများအပေါ် အလွန်အံ့သြစွာသောအချစ်ကိုပြသခြင်းဖြစ်သည်။ ပညတ်တရားသည်လည်းပြောင်းလဲခြင်းမရှိ၊ ထာဝစဉ်တည်ရှိမည်ဖြစ်ကြောင်းကိုလည်းပြသည်။ ”E.G.White, SM, book 1, p. 240 မှ ကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၆)
# ယုံကြည်ခြင်းကို ရှင်းပြခြင်း
ဇူလိုင် ၃၁ – ဩဂုတ် ၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇူလိုင် ၃၁**
**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ (၅)

**အလွတ်ကျမ်းချက်**

**"ထိုကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ငြိမ်သက်ခြင်းကို ခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည့်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍ ထိုသခင်အားဖြင့်သာခံစားသောအခွင့်ကိုရ၏။ သို့ဖြစ်၍ ဘုရားသခင်၏တန်ခိုးတော်ကိုမျှော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။ (ရောမ ၅း၁း၂)။**

ပေါလုသည် ကျွန်ုပ်တို့အလုပ်အားဖြင့်မဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိသည်ကိုပြ၏။ တစ်ဖန်ပေါလုသည် နောက်တစ်လှမ်းဆုတ်ပြီး မေးခွန်းကြီးကိုမေးသည်။ အပြစ်၊ နာကျင်မှုဝေဒနာနှင့်သေခြင်းကို ဖြစ်စေသည့်အကြောင်းကား အဘယ်နည်း။ ဤအဖြေသည် ခရစ်တော်နှင့်လူသားများအတွက် သူပြုလုပ်ခဲ့သောအရာများတွင် တွေ့ရှိနိုင်သည်ကိုလည်း ပေါလုပြခဲ့သည်။

အာဒံနှင့်သခင်ယေရှုတို့နှစ်ဦး၏ခြားနားပုံကို ပေါလုကျွန်ုပ်တို့အားပြသသည်။ အာဒံ၏အမှားများကို ခရစ်တော်လာရောက်ပြင်ဆင်



လိုက်ကြောင်းကိုလည်း ပေါလုပြသခဲ့သည်။ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရှင်ခရစ်တော်သည် အာဒံ၏အပြစ်မှဆင်းရဲခြင်းဝေဒနာခံစားရသူများကိုလည်း ကယ်တင်နိုင်သည်။ မေးခွန်း၏အဖြေအားလုံးသည် ခရစ်တော်ကျွန်ုပ်တို့ကိုယ်စားကပ်တိုင်ပေါ်တွင် အသေခံခြင်းပင်ဖြစ်သည်။ ယေရှုခရစ်ဖြင့် ကယ်တင်ခြင်းရရှိရန် လူတိုင်းဂျူး (သို့မဟုတ်) တစ်ပါးအမျိုးသားအားလုံးအတွက် ကပ်တိုင်သည် လမ်းဖွင့်ပေးထားပါသည်။ သူ၏အသွေးတော်အားဖြင့် သူ့အားလက်ခံသူအားလုံးကို သခင်ယေရှုဖြောင့်မတ်ရာသို့ရောက်စေသည်။

ဤအရာသည် ကျွန်ုပ်တို့အားလုံးလေ့လာရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာသည် ကျွန်ုပ်တို့အားလုံး၏မျှော်လင့်ခြင်း၏အခြေခံဖြစ်ခြင်းကြောင့်ဖြစ်၏။

**တနင်္ဂနွေ** **ဩဂုတ် ၁**
**ထိုကြောင့်– ဖြောင့်မတ်ရာသို့ရောက်လျှင်။ (ရောမ ၅း၁–၅)။**

(ရောမ ၅း၁–၅) တွင် ဖော်ပြထားသည့်ပေါလု၏သတင်းစကားကို ပြန်ရေးချပါ။ သင့်အတွက် မည်ကဲ့သို့သောသင်ခန်းစာရရှိသနည်း။ 'ဖြောင့်မတ်ရာသို့ရောက်လျှင်' ဆိုသည့်အနက်မှာ "ဖြောင့်မတ်ခြင်းခံရပြီး" ဖြစ်ကြောင်းကိုဆိုလိုသည်။ ဂရိဘာသာစကား၏ကြိယာသည် ဖြစ်ပြီးခဲ့သောအရာတစ်ခုဟုဆိုလိုသည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းခံရပြီဖြစ်၏။ ဖြောင့်မတ်ခြင်းခံရသောသူတို့သည် ခက်ခဲသောအချိန်များ၌ ဖြတ်သန်းသွားရသောအခါ ၎င်းတို့သည် ဝမ်းမြောက်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သခင်ယေရှုခရစ်၌ ယုံကြည်၍ကိုးစားသောကြောင့်ဖြစ်သည်။

အခန်းငယ် (၃) မှ (၅) တွင်ပါရှိသောစကားလုံးများကို သတိပြုပါ။

**၁။ သည်းခံခြင်း။** သည်းခံခြင်းဆိုသည်မှာ “ခေါင်းမာစွာဖြင့် ဆက်လက်လုပ်ဆောင်” ခြင်းကိုဆိုလိုသည်။ ဤကဲ့သို့သောသည်းခံခြင်းသည် ဆင်းရဲခြင်းနှင့်ခက်ခဲသောအချိန်များ၌ ခရစ်တော်တွင်ရှိသောမျှော်လင့်ခြင်းကို မမေ့ပျောက်၊ ဆက်လက်ယုံကြည်ကိုးစားမှုပို၍ရှင်သန်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

**၂။ သက်သေထင်ရှားခြင်း။** ‘သက်သေထင်ရှားခြင်း’ ဆိုသည်မှာ ‘အရည်အချင်းနှင့်ပြည့်ဝပြီး လက်ခံကြောင်းကိုဆိုလိုသည်။ ဆင်းရဲခြင်းအမျိုးမျိုးကို ဖြတ်ကျော်သွားရသောပုဂ္ဂိုလ်တို့သည် ဘုရားသခင်ကြိုက်နှစ်သက်လက်ခံသည့်စရိုက်ကို ရှင်သန်ဖွံ့ဖြိုးစေနိုင်သည်။

**၃။ မျှော်လင့်ခြင်း။** သည်းခံခြင်းနှင့်သဘောတူလက်ခံခြင်းသည် မျှော်လင့်ခြင်းသို့လွယ်ကူစွာပို့ဆောင်၏။ ကယ်တင်ခြင်း၏ကတိတော်နှင့်ခရစ်တော်၌တွေ့ရှိသောယုံကြည်ခြင်းဖြစ်သည်။

**တနလ်ာ ဩဂုတ် ၂**

**ဘုရားသခင်ကျွန်ုပ်တို့ကိုရှာနေသည်။ (ရောမ ၅း၆–၈)။**

ဘုရားသခင်၏အကျင့်စရိုက်အကြောင်း (ရောမ ၅း၆–၈) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။ ကျွန်ုပ်တို့အတွက် အဘယ်ကြောင့်ကြီးစွာသောမျှော်လင့်ခြင်းရှိသနည်း။

အာဒံနှင့်ဧဝသည် ဘုရားသခင်၏ပညတ်တရားကို ကျူးလွန်ပြီးအပြစ်တွင်းထဲသို့ကျရောက်ခဲ့၏။ ထိုကြောင့် ဘုရားသခင်သည်





သူ့ထံပြန်လည်ရောက်ရှိရန် ပထမခြေလှမ်းကိုယူခဲ့သည်။ ထိုအချိန်မှစပြီး အပြစ်သားများအတွက် ဘုရားသခင်သည် ပထမခြေလှမ်းကိုယူခဲ့လေပြီ။ ဘုရားသခင်သည် ကယ်တင်ခြင်းရရှိရန် လမ်းပြပြင်ပေးပြီး လူများလက်ခံရန် ဖိတ်ကြားခဲ့သည်။

(ရောမ ၅း၉) တွင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမျက်တော်မှကယ်လွတ်နိုင်မည်ကို ပြောဆိုသည်။ ဘာကိုဆိုလိုကြောင်း ကျွန်ုပ်တို့ဘယ်ကဲ့သို့နားလည်နိုင်သနည်း။

ဣသရေလလူမျိုးတို့သည် အဲဂုတ္တုပြည်မှမထွက်ခွာမီည၌ မိမိတို့၏အိမ်တံခါးဝတွင် သွေးသုတ်ထားခြင်းဖြင့် အဲဂုတ္တုပြည်သားတို့၏သားဦးများသေသတ်ခြင်းခံခဲ့ရာ ၎င်းတို့၏သားဦးများမှာ ကာကွယ်ခြင်းခံရသည်။ ထိုနည်းတူ ဖြောင့်မတ်ခြင်းကိုရရှိပြီး သူတို့သည် သခင်ယေရှုခရစ်၏အသွေးတော်သည် ၎င်းတို့အား ကာကွယ်မည်ဖြစ်၏။

(ရောမ ၅း၁၀၊၁၁) သည် ကျွန်ုပ်တို့ဝမ်းမြောက်ရန် ဘယ်အကြောင်းပြသသနည်း။

သခင်ယေရှုအသက်ရှင်သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရ၏။ အကယ်၍သာ သူသည် သင်္ချိုင်းထဲတွင်ရှိနေပါက ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် သူနှင့်အတူသေနေပြီးဖြစ်မည်။ အခန်းငယ် (၁၁) သည် ဆက်လက်ပြီး ဘုရားသခင်၌ ဝမ်းမြောက်ရန်အကြောင်းပြထား၏။ ဤအရာသည် ခရစ်တော်ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

**အင်္ဂါ သြဂုတ် ၃**

**သေခြင်းကိုမျိုချလိုက်ပြီ။ (ရောမ ၅း၁၂)။**

(ရောမ ၅း၁၂) တွင် ပေါလုမည်သည့်အရာကို ဖေါ်ပြနေသနည်း။ ဤကျမ်းပိုဒ်သည် ဘာကိုရှင်းပြနေသနည်း။

ကျမ်းတွေးခေါ်ရှင်များသည် အခြားသောကျမ်းပိုဒ်များထက် ဤကျမ်းပိုဒ်အပေါ် ငြင်းခုံပြောဆိုကြသည်။

ငြင်းခုံပြောဆိုချက်တစ်ခုမှာ အာဒံ၏အပြစ်သည် သူ၏အနာဂတ်ကလေးများအပေါ် ဘယ်ကဲ့သို့ဆက်သွားရသနည်း။ အာဒံ၏အနာဂတ်ကလေးများသည် သူ၏အပြစ်ကိုဆက်ခံရသလော။ သူတို့၏အပြစ်ကြောင့်သာ ဘုရားသခင်ရှေ့၌ အပြစ်ရှိသလော။ ဤမေးခွန်းများ၏အဖြေကို လူတို့သည် ဤကျမ်းပိုဒ်မှအဖြေကိုရရှိရန် ကြိုးစားရှာကြသည်။ သို့သော် ပေါလုသည် ဤအကြောင်းအရာများနှင့် ကိုင်တွယ်နေခြင်းမဟုတ်ပါ။ သူ၏စိတ်တွင်း၌ အခြားသောအနက်ရှိသည်။ ပေါလုသည် (ရောမ ၃း၂၃) တွင် "လူအပေါင်းတို့သည် အပြစ်ကိုပြု၍" ဟူသောအချက်ကို အာရုံစိုက်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်သည်ကို သိရှိကြရန် လိုအပ်သည်။ ထိုအချက်သည် ကျွန်ုပ်တို့ကယ်တင်ရှင်ကို လိုအပ်ကြောင်းကိုနားလည်စေနိုင်မည်။ ပေါလုသည် အာဒံအားဖြင့် ဤကမ္ဘာသို့အပြစ်ရောက်ရှိလာခြင်းနှင့် အပြစ်သည် မည်မျှဆိုးသွမ်းသည်ကို လူများသိရှိနားလည်နိုင်ရန် ကြိုးစားပြောနေခြင်းဖြစ်သည်။ အာဒံ၏အပြစ်ကြောင့် ဝမ်းနည်းဖွယ်ကောင်းသောအခက်အခဲများ၏တစ်ခုတည်းသောအဖြေမှာ သခင်ယေရှုခရစ်၌သာရှိကြောင်း ဘုရားသခင်ကျွန်ုပ်တို့ကိုကမ်းလှမ်းနေသည်ကို ပေါလုပြသလျက်ရှိသည်။



သေခြင်းသည် မည်မျှဝမ်းနည်းဖွယ်ဖြစ်သည်ကို သင်ဘယ်ကဲ့သို့တွေ့ကြုံခံစားရသနည်း။ ထိုနောက် ကျွန်ုပ်ထက်ကြီးကျယ်သောအရာ (သို့မဟုတ်) ဤလောကမှပေးနိုင်သောအကြီးဆုံးအရာထက် ရရှိရန် အဘယ်ကြောင့် ကျွန်ုပ်တို့မျှော်လင့်ရမည်နည်း။

**ဗုဒ္ဓဟူး သြဂုတ် ၄**

**ပညတ်တရားသည်လိုအပ်သည်ကိုနိုးထခြင်း။ (ရောမ ၅း၁၃၊၁၄)။**

သိနာတောင်မတိုင်မီ အပြစ်သည် အမှန်တကယ်ရှိပြီးဖြစ်ကြောင်း ဘယ်ကျမ်းပိုဒ်များတွင် တွေ့ရှိနိုင်သနည်း။

သိနာတောင်မတိုင်မီ လူတို့သည် ဘုရားသခင်၏အကြောင်းကိုအကန့်အသတ်အားဖြင့်သာ သိရှိသည်မှာမှန်၏။ သို့သော် တာဝန်ခံရမည်အထိကို ရှင်းလင်းစွာသိရှိခဲ့သည်။ ဘုရားသခင်သည် မျှတပြီး သတိဝီရိယနှင့်ပြည့်စုံသည်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရားသဖြင့် အပြစ်ဒဏ်ခတ်မည်မဟုတ်ပါ။ သိနာတောင်မတိုင်မီက လူများသေကြသည်ဟု ပေါလုပြောသည်။ သေခြင်းသည် လူတိုင်းအပေါ်ကျရောက်သည်။ ရေးသားထားသောပညတ်တရားများကို ဆန့်ကျင်အပြစ်မလုပ်ခဲ့သော်လည်း သူတို့သည် ဘယ်နည်းမဆို အပြစ်ပြုလုပ်ခဲ့ကြသည်။ သူတို့သည် သဘာဝတွင် ဘုရားသခင်၏ဥပမာကိုရရှိနိုင်သည်။ သို့သော် ထိုဥပမာများကို လိုက်လျှောက်ခြင်းမပြုသည့်အတွက် အပြစ်ရှိကြောင်း ၎င်းတို့ကိုကိုင်နိုင်သည်။

(ရောမ ၅း၂၀၊၂၁) တွင် အဘယ်ကြောင့် ဘုရားသခင်သည် ပညတ်တရား၌ မိမိကိုယ်ကိုပိုမိုပြည့်စုံစွာပြသနည်း။

ဘုရားသခင်ပညတ်တရားများ၏ရည်ရွယ်ချက်မှာ လူတို့သည် ကယ်တင်ရှင်ကိုလိုအပ်ကြောင်းနှင့် သူတို့အား ဘုရားသခင်၏ကျေးဇူးတော်ကိုလက်ခံရန် ကူညီသည်ကို နားလည်ရန်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းယုံကြည်ခြင်း၏ရည်ရွယ်ချက်သည် ပညတ်တရားကိုစောင့်ခြင်းဖြင့် ကယ်တင်ခြင်းရမည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့သင်ကြားလေ့လာခဲ့ပြီးဖြစ်သည်။

## ကြာသပတေး ဩဂုတ် ၅

**ဒုတိယအာဒံ။ (ရောမ ၅း၁၈၊၁၉)။**

အာဒံနှင့်သခင်ယေရှု၏ခြားနားပုံကို (ရောမ ၅း၁၈၊၁၉) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားပါသနည်း။ ခရစ်တော်၌ကျွန်ုပ်တို့ကို မည်သည့်မျှော်လင့်ခြင်းကမ်းလှမ်းထားပါသနည်း။

လူသားများအနေဖြင့် ကျွန်ုပ်တို့သည် သေခြင်းဒဏ်မှတစ်ပါး အဘယ်အရာမှလက်ခံရရှိရန် မရှိပါ။ သို့သော် အာဒံကျရှုံးသည့်နေရာတွင် ခရစ်တော်သည် ဝင်ရောက်နေရာယူပြီး ကျော်လွှားသွားခဲ့သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် စစ်ဆေးခြင်းအမျိုးမျိုးကိုကျော်ဖြတ်သွားရသည်။ အာဒံ၏ကျဆုံးမှုမှ ကျွန်ုပ်တို့ကိုပြန်လည်ယူဆောင်ရသည်။ ကျွန်ုပ်တို့ကိုယ်စားသခင်ယေရှုသည် ဘုရားသခင်နှင့်မြင့်ရာအရပ်သို့ ကျွန်ုပ်တို့အား မြှင့်တင်ဆွဲယူလိုက်သည်။ ထိုကြောင့် သခင်ယေရှုသည် ဒုတိယအာဒံဖြစ်သည်။

(ရောမ ၅း၁၅–၁၉) တွင် ခရစ်တော်၏ပြုမူခြင်းသည် အာဒံနှင့်ဘယ်ကဲ့သို့ခြားနားသနည်း။



ဤနေရာတွင် အဘယ်မျှကွာခြားသည်ကို စဉ်းစားပါ။ သေခြင်းနှင့်အသက်ရှင်ခြင်း၊ နားထောင်ခြင်းနှင့်နားထောင်ရန် ငြင်းဆန်ခြင်း၊ အပြစ်ရှိသည်ဟု စီရင်ခံရခြင်းနှင့်ကယ်တင်ခြင်းခံရခြင်း၊ အပြစ်နှင့်ဖြောင့်မတ်ခြင်း၊ အာဒံပြုလုပ်ခဲ့သမျှကို သခင်ယေရှုအားလုံးပြန်လည်ပြုပြင်လိုက်သည်။

(အခန်းငယ် ၁၅ မှ ၁၇) အထိ ကျေးဇူးတော်ဆိုသည့်စကားရပ်ကို (၆) ကြိမ်ဖေါ်ပြသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်၏။ (၆ကြိမ်) (အင်္ဂလိပ်ကျမ်းစာတွင် gift ကို (၅) ကြိမ်ဖေါ်ပြထားသည်ကို တွေ့ရ၏။) အကြောင်းမှာရှင်းသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်သည်ဟုဆိုရာ၌ အဖိုးအခပေးပြီး အလုပ်အားဖြင့် ရယူသည့်အရာမဟုတ်ကြောင်းကို ပေါလုအာရုံစိုက်ပြောဆိုနေခြင်းဖြစ်သည်။ ကျေးဇူးတော်ဖြင့်သာရရှိကြောင်းကိုပြသည်။

သင်အဆုံးရရှိခဲ့သောဆုကျေးဇူးနှင့် ခရစ်တော်၌ရရှိသောဆုကျေးဇူးကိုနှိုင်းယှဉ်ကြည့်ပါ။

## သောကြာ ဩဂုတ် ၆

**ထပ်ဆင့်လေ့လာရန်။**

"များစွာသောသူတို့သည် မိမိတို့၏စိတ်နှလုံးအခြေအနေအကြောင်းလှည့်ဖြားခြင်းခံရသည်။ စိတ်နှလုံးသည် အရာခပ်သိမ်းထက်စဉ်းလဲယိုယွင်းသောသဘောရှိသည်ကို ဘယ်သူမျှနားလည်နိုင်ခြင်းမရှိပါ။ (ယေရမိ ၁၇း၉) လူတို့သည် မိမိကိုယ်ကိုငှင်းတို့၏ကောင်းမှုဖြင့် ရစ်ပတ်ခြုံရုံထားကာ ပျော်ရွှင်နေကြသည်။ E.G.White, SM, book 1, p. 320 မှကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၇)
## အပြစ်ပေါ်အောင်ပွဲခံခြင်း

ဩဂုတ် ၇ – ၁၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဩဂုတ် ၇**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ ၆။ ၁ယော ၁း၈–၂း၁။

**အလွတ်ကျမ်းချက်**

**"သင်တို့သည် ပညတ်တရားလက်၌မရှိ၊ ကျေးဇူးတရားလက်၌ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကို မအုပ်စိုးရ။" (ရောမ ၆း၁၄)။**

သင်ခန်းစာ (၆) တွင် ပေါလုသည် အရေးကြီးသောမေးခွန်းများကိုဖြေကြားသည်။ ယခုသူသည် "Sanctification" သန့်ရှင်းသောဝိညာဉ်တော်၏အကူညီဖြင့် ခရစ်တော်၌ကြီးထွားခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ပြောနေခြင်းဖြစ်သည်။ "Sanctification" ဆိုသည်မှာ အပြစ်ကိုအောင်မြင်သောနည်းလမ်းဖြစ်ပြီး ခရစ်တော်နှင့်ပို၍တူလာခြင်းဖြစ်၏။ သို့သော် Sanctification ဆိုသည့်စကားလုံးသည် ရောမအဆုံးအမစာစောင်တွင် ဖော်ပြခြင်းမရှိပါ။ Sanctified သန့်ရှင်းသောဝိညာဉ်တော်သည် သန့်ရှင်းစေသည်ဟု ရောမ (၁၅း၁၆) တွင်တစ်ကြိမ်သာသုံးထားသည်။



ဤအချက်သည် ပေါလုသန့်ရှင်းစေခြင်းအကြောင်းပြောဆိုရန် ဘာမျှမရှိသည်ဟု ဆိုလိုပါသလား။ မဟုတ်ပါ။ ပေါလုသည် ထိုစကားလုံးကို အသုံးမပြုခြင်းသာဖြစ်သည်။

ကျမ်းစာထဲတွင် "To sanctify" ဆိုသည်မှာ ဘုရားသခင်ကိုအပ်နှံရန်ဖြစ်သည်ကို ဆိုလိုသည်။ (တမန်တော် ၂၀း၃၂) တွင် ဖော်ပြချက်အရ "သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ––– သင်တို့ကိုငါအပ်နှံ၏" ဟုဆိုရာ၌ သန့်ရှင်းခြင်းရရှိပြီးသူတို့သည် ဘုရားသခင်ထံအပ်နှံသောသူများဖြစ်သည်ဟုတည်း။

ယခုအပတ်ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရရှိသည်ဟုဆိုသောစကားရပ်၏အခြားစာမျက်နှာတစ်ဖက်ကို လေ့လာမည်ဖြစ်သည်။ သခင်ယေရှုအားဖြင့် ကယ်တင်ခြင်းရရှိသည့် မည်သူမဆို၏အသက်တာ၌ အပြစ်ကိုအောင်မြင်ရန် ကတိတော်များပြသခြင်းဖြစ်သည်။

**တနင်္ဂနွေ** **ဩဂုတ် ၈**

**ကျေးဇူးတော်ကြွယ်ဝပိုလျှံခြင်း။ (ရောမ ၅း၂၀)။**

(ရောမ ၆း၁) တွင် ပေါလုသည် ဘယ်ကဲ့သို့သောအကြောင်းပြချက်အပေါ် ဆင်ခြင်သုံးသပ်နေပါသနည်း။ ပေါလုသည် ထိုကဲ့သို့သောတွေးခေါ်ခြင်းကို (ရောမ ၆း၂–၁၁) တွင် ဘယ်ကဲ့သို့ဖြေဆိုပြောကြားသနည်း။

ရေ၌ဗတ္တိဇံခံယူခြင်းသည် သင်္ချိုင်းတွင် မြှုပ်နှံခြင်းနှင့်အတူတူပင်ဖြစ်သည်။ မည်သည့်အရာကို မြှုပ်နှံသနည်း။ အပြစ်နှင့်ပြည့်ဝသောလူဟောင်းကို မြှုပ်နှံခြင်းဖြစ်၏။ "လူဟောင်း" ဆိုသည်မှာ အပြစ်လုံးဝချုပ်ထိန်းထားသောခန္ဓာကိုယ်ကိုဆိုလိုသည်။ လူတစ်ဦးသည်

ဗတ္တိဇံကိုခံယူသည့်အခါ ဤအပြစ်ခန္ဓာကိုယ်သည် ပျက်စီးသွားကာ ထိုကြောင့် အပြစ်၏ကျေးကျွန်မဟုတ်တော့ကြောင်းကိုပြသည်။ ရောမ (၆) တွင် အပြစ်သည် သခင်အဖြစ် မိမိ၏ကျေးကျွန်များကို အုပ်စိုးနေကြောင်း ဖော်ပြသည်။ အပြစ်ကိုပြုစုသည်။ 'အပြစ်ခန္ဓာကိုယ်' သည် ပျက်စီးသွားသည်နှင့်အမျှ အပြစ်သည် ၎င်းအပေါ် ချုပ်ထိန်းနိုင်စွမ်းမရှိတော့ပြီ။ ရေသင်္ချိုင်းမှထမြောက်လာသောသူသည် အသစ်သောသူဖြစ်လာကာ အပြစ်ကိုပြုစုရန် ၎င်း၏ကျေးကျွန်မဟုတ်တော့ပြီ။ သူသည် အသစ်သောအသက်တာတွင် လျှောက်လှမ်းလျက်ရှိပြီးဖြစ်သည်။

ရေ၌ဗတ္တိဇံကိုခံယူပြီးသည်နောက်ပင်လျှင် သင်၏အသက်တာတွင် အပြစ်၏တန်ခိုးနှင့်သင်ဘယ်ကဲ့သို့တွေ့ကြုံခံစားရသနည်း။ အပြစ်သည် သင့်အပေါ် တန်ခိုးမရှိသင့်ဘဲလျက် ပေးရှိခြင်းသည် သင်ဘယ်ကဲ့သို့သောရွေးချယ်မှုများကို ပြုလုပ်နေပါသနည်း။ ကျမ်းစာထဲ၌ မည်မျှပင်အပြစ်အပေါ် အောင်မြင်ခြင်းကတိတော်များရှိစေကာမူ ဤကဲ့သို့ကား ဖြစ်နိုင်ဖွယ်ရှိသည်။

**တနင်္လာ** **ဩဂုတ် ၉**

**အပြစ်သည်လူကဲ့သို့ပုံဆောင်ခြင်း။ (ရောမ ၆း၁၂)။**

(ရောမ ၆း၁၂) တွင် ကျွန်ုပ်တို့အား မည်သည့်သတိပေးချက်ကို ပြထားသနည်း။

"အစိုးမရစေနှင့်" ဆိုသည့်စကားရပ်သည် ရှင်ဘုရင်ကို ရည်ညွှန်းသည်ဟုဆိုနိုင်သည်။ ပေါလုဆိုရာ၌ "အပြစ်တရားသည်



အစိုးမရစေနှင့်" ဟုပြောဆိုထားသည်။ ပေါလုဤကဲ့သို့ပြောခြင်းသည် သန့်ရှင်းခြင်းခံရသောသူသည် ၎င်း၏အသက်တာတွင် အပြစ်ကို ဘုရင်အဖြစ် ရွေးချယ်ခြင်းမှရပ်တန့်ရန် ပြုနိုင်သည်ဟုဆိုလိုသည်။ ဤနေရာတွင် ကျွန်ုပ်တို့စိတ်စွမ်းအင်၏လုပ်ဆောင်မှုပါဝင်လာသည်။

(ရောမ ၆း၁၂) တွင် "ကိုယ်ခန္ဓာ၏တပ်မက်ခြင်း" တောင့်တလိုလားသည့်ဆန္ဒကိုဆိုသည်။ ထိုသို့သောဆန္ဒသည် အကောင်းရှိသကဲ့သို့ အဆိုးလည်းရှိသည်။ အပြစ်သည် ကိုယ်ခန္ဓာကို အုပ်စိုးရသော် မကောင်းသည့်အရာများကို လိုအင်ဆန္ဒရှိမည်ဖြစ်၏။ ဤခေါင်းမာသောသခင်ကို ကျော်လွှားအောင်မြင်နိုင်ရန် ယုံကြည်ခြင်းဖြင့်သာခံယူရရှိနိုင်မည်ဖြစ်၏။

"ထိုကြောင့်" ဆိုသည့်စကားရပ်သည်လည်း အရေးကြီးသည်။ လွန်ခဲ့သည့်အပိုဒ် ၁၀၊၁၁ တွင် ပြောခဲ့သောအရာများကို ပြန်လည်ရည်ညွှန်းခြင်းဖြစ်သည်။ ရေနှစ်ခြင်းခံသောသူသည် ဘုရားသခင်၌ အသက်ရှင်ခြင်းကိုဆိုလိုသည်။ ဘုရားသခင်သည် သူ၏အသစ်သောအသက်တာ၏ဗဟိုအချက်ဖြစ်သည်။

လူ့ကျင့်ဝတ်တရားရှိသူများအနေဖြင့် ကျွန်ုပ်တို့သည် လွတ်လပ်သောစိတ်ဆန္ဒရှိရမည်။ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး၊ ခရစ်တော်နှင့်ဤလောကတို့ကို လွတ်လပ်စွာရွေးချယ်သည့်တန်ခိုးကျွန်ုပ်တို့၌ရှိသည်။ လာမည့် (၂၄) နာရီတွင် လွတ်လပ်စွာရွေးချယ်နိုင်သည့်ကျင့်ဝတ်တရားကို သင်ဘယ်ကဲ့သို့အသုံးပြုနေသည်ကိုစဉ်းစားပါ။ ဤသန့်ရှင်းသောလက်ဆောင်ကို သင်ဘယ်ကဲ့သို့အသုံးပြုသည် (သို့မဟုတ်) အလွဲသုံးစားပြုသည်ကို စဉ်းစားပါ။

**အင်္ဂါ** **သြဂုတ် ၁၀**

**ပညတ်တရားလက်အောက်၌လော။ (ရောမ ၆း၁၄)။**

ကျွန်ုပ်တို့သည် (ရောမ ၆း၁၄) ကို ဘယ်ကဲ့သို့နားလည်ရမည်နည်း။ ပညတ်တော်ဆယ်ပါးသည် တရားမဝင်တော့သည်ကိုဆိုလိုပါသလား။ ဤသို့မဟုတ်ခဲ့သော် အဘယ်ကြောင့်နည်း။

သတ္တမနေ့ဥပုသ်သည် မလိုအပ်တော့ပြီဖြစ်ကြောင်း (ရောမ ၆း၁၄) ကိုသော့ချက်အဖြစ် မကြာခဏအသုံးပြုသည့်ကျမ်းပိုဒ်ဖြစ်သည်။ သို့သော် ထိုကျမ်းပိုဒ်သည် ထိုသို့သောအနက်မရှိပါ။ ပေါလုပြောဆိုနေသည်မှာ ပညတ်တရား (သို့မဟုတ်) ဂျူးလူမျိုးတို့၏စနစ်အောက်တွင် အသက်ရှင်နေထိုင်သောသူသည် အပြစ်၏အုပ်စိုးခြင်းကိုခံရမည်ဖြစ်ကြောင်း သို့သော် ကျေးဇူးတော်အောက်၌ အသက်ရှင်သောသူတစ်ဦးသည် အပြစ်ပေါ်အောင်မြင်ခြင်းရမည်ဖြစ်၏။

“ပညတ်တရားအောက်၌”ဆိုသည့်အချက်ကို ကျပ်တည်းစွာပြန်ဆိုခြင်းမပြုသင့်ပါ။ “ကျေးဇူးတော်အောက်၌” အသက်ရှင်သောသူတစ်ဦးသည် ဘုရားသခင်၏ပညတ်တရားများကို လိုက်နာခြင်းမပြုပါက ကျေးဇူးတော်ကိုရရှိမည်မဟုတ်ဘဲ တရားစီရင်ခြင်းကို ခံရမည်ဖြစ်၏။ “ကျေးဇူးတော်အောက်၌”ဆိုရာ၌ ဘုရားသခင်၏ကျေးဇူးတော်၌ ခရစ်တော်သည် ပညတ်တရားအားဖြင့် အပြစ်သားကို စီရင်ရန်ပယ်ရှားလိုက်ခြင်းကိုဆိုသည်။

ခရစ်တော်သည် မည်မျှအမှန်တကယ်ပင် ဝမ်းမြောက်ဖွယ်ကောင်းသည်ကို သင်ဘယ်ကဲ့သို့တွေ့ကြုံခံစားရသနည်း။ ခရစ်တော်သင့်အတွက် ဘာပြုလုပ်ခဲ့ကြောင်း ညွှန်ပြရန် ဘယ်ကဲ့သို့သက်သေပြနိုင်သနည်း။



**ဗုဒ္ဓဟူး** **သြဂုတ် ၁၁**

**ဆန့်ကျင်ဘက်သခင်နှစ်ဦး။ (ရောမ ၆း၁၆)။**

(ရောမ ၆း၁၆) တွင် ပေါလုမည်သည့်အချက်ကို ပြောနေသနည်း။

ပေါလုက လူတစ်ဦးတစ်ယောက်သည် အစေခံရန် သခင်များကိုရွေးချယ်ခွင့်ရှိကြောင်း ညွှန်ပြသည်။ သေခြင်းကိုပို့ဆောင်သောအပြစ်ကို အစေခံနိုင်သည်။ သို့တည်းမဟုတ် ထာဝရအသက်ကိုရရန်ဖြောင့်မတ်ခြင်းကိုအစေခံနိုင်သည်။ ပေါလုသည် ကျွန်ုပ်တို့ကိုအလယ်အလတ်နေရာတွင် ရွေးချယ်ရန်ခွင့်မပြုပါ။ တစ်ခုသို့တည်းမဟုတ်အခြားတစ်ခုကို ရွေးချယ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထာဝရအသက်ရှင်ခြင်း (သို့မဟုတ်) ထာဝရအသက်သေခံရခြင်းနှင့်ရင်ဆိုင်ရကြမည်ဖြစ်သည်။

(ရောမ ၆း၁၆) တွင် ပိုမိုရှင်းစေရန် အခန်းငယ် (၁၇) တွင် ပေါလုဘယ်ကဲ့သို့ပြောသနည်း။

နားထောင်ခြင်းသည် မှန်သောတရားနှင့်ဆက်နွှယ်နေသည်ကိုသတိပြုပါ။ ရောမမြို့ရှိခရစ်ယာန်များသည် ယခုဂင်းတို့လိုက်နာသောခရစ်ယာန်တို့၏ယုံကြည်ခြင်းဥပဒေသများကို သင်ကြားရသည်။ ထိုကြောင့်ပေါလုအနေဖြင့် ဖြောင့်သောတရားသည် ရောမသားတို့အားဖြောင့်မတ်ခြင်းတရား၏ကျွန်ဖြစ်စေသည်။ (ငယ် ၁၈)။

အပြစ်၏ကျေးကျွန်၊ ဖြောင့်မတ်ခြင်းတရား၏အစေတို့၏ခြားနားခြင်းသည် အလွန်ရှင်းသည်။ အကယ်၍ နှစ်ခြင်းခံပြီးသည်နောက် ကျွန်ုပ်တို့အပြစ်ကျူးလွန်ပါက ကျွန်ုပ်တို့သည် အမှန်တကယ်ကယ်တင်ခြင်းမရရှိသေးဟု ဆိုလိုပါသလား။ ခရစ်တော်၏နောက်လိုက်

ဖြစ်ပြီး အပြစ်လုပ်ဆဲဖြစ်ရခြင်းကို နားလည်နိုင်ရန် (၁ယော ၁း၈–၁၀) က ဘယ်ကဲ့သို့ပြောထားသနည်း။

## ကြာသပတေး ဩဂုတ် ၁၂

**သန့်ရှင်းခြင်းအကျိုးကိုရရှိခြင်း။ (ရောမ ၆း၁၉–၂၃)။**

ရောမ (၆) ကို လေ့လာခဲ့ပြီးသောအရာများကို နှလုံးသွင်းကာ ကျန်သည့်အခန်းငယ် (၁၉–၂၃) ကို ဆက်လက်ဖတ်ပါ။ ပေါလုရှင်းပြသည့်အရာကို စာပိုဒ်အတိုတစ်ခုဖြင့်ရေးပါ။ အရေးအကြီးဆုံးမှာ ဤအရေးကြီးသောဖြောင့်မတ်ခြင်းတရားသည် သင့်အသက်တာတွင် အမှန်တကယ်ဖြစ်စေရန် ဘယ်ကဲ့သို့ပြုလုပ်ရမည်ကို သင့်ကိုယ်သင်မေးပါ။ ဤနေရာတွင် မည်သည့်အခက်အခဲများရှိသည်ကိုလည်း သင့်ကိုယ်ကိုမေးပါ။

အပြစ်သားများ၏စရိုက်ကို ပေါလုကောင်းမွန်စွာနားလည်ကြောင်း ၎င်း၏စကားများကပြသည်။ ဇာတိပကတိ၏အားနည်းချက်များအကြောင်းကို သူပြောနေသည်။ ကျဆုံးပြီးသောဇာတိပကတိလူသားများသည် မိမိတို့ဘာသာထားခဲ့သော် မည်သည့်အရာကို ပြုလုပ်မည်ကိုပေါလုသိသည်။ ထို့ကြောင့် ပေါလုသည် ရွေးချယ်မှု၏တန်ခိုးအကြောင်း အာရုံစိုက်ပြန်သည်။ ကျွန်ုပ်တို့ခွန်အားနည်းသည့်ခန္ဓာကိုယ်ကို အသစ်သောသခင်ဖြစ်သည့် သခင်ယေရှုထံသို့အပ်နှံရန် ရွေးချယ်နိုင်သည့်တန်ခိုးသည် ကျွန်ုပ်တို့၌ရှိသောတန်ခိုးဖြစ်သည်။

သခင်နှစ်ဦး၏ပုံပမာကိုလည်း ပေါလုအသုံးပြုထားသည်ကို သတိပြုပါ။ ဤပုံပမာတွင် သခင်တစ်ဦး၏အစေကို ခံသောသူသည် အခြားတစ်ဦး၏အစေမှလွတ်မည်ဖြစ်ကြောင်းကို ပေါလုပြသည်။



တစ်ဖန်ကျွန်ုပ်တို့သည် ပြတ်သားသောရွေးချယ်မှုကို တွေ့ရသည်။ တစ်ဦးမဟုတ်လျှင် အခြားတစ်ဦးဖြစ်သည်။

ဤကျမ်းပိုဒ်များသည် အပြစ်ကိုအစေခံနေသောမည်သူမဆို တန်ခိုးကြီးမားသောခေါ်ခြင်းဖြစ်သည်။ အပြစ်သည် ရှက်ဖွယ်သောလုပ်ဆောင်မှုများ၏ပေးဆပ်ရန် အဖိုးအခသည် သေခြင်းမှတစ်ပါး အခြားသောအရာမရှိပါ။ ထိုကြောင့် ပညာရှိသောသူတစ်ဦးသည် ဤဆိုးယုတ်သောအပြစ်တရားမှ လွတ်မြောက်ရန် ဆန္ဒရှိသင့်သည်။ ဖြောင့်မတ်ခြင်းကို အစေခံသောသူသည် ဖြောင့်မှန်သောအရာနှင့် ချီးမွမ်းဖွယ်ကောင်းသည့်အရာများကိုသာ လုပ်ဆောင်သည်။ ကယ်တင်ခြင်းရရှိရန် ကောင်းသောအလုပ်ကိုလုပ်ဆောင်ခြင်းမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား အသစ်သောတွေ့ကြုံခံစားရသည့်အသီး၏ရလဒ်ကြောင့် သူတို့သည် ကောင်းသောအကျင့်ကို ကျင့်ခြင်းဖြစ်သည်။

## သောကြာ ဩဂုတ် ၁၃

**ထပ်ဆင့်လေ့လာရန်။**

"သခင်ယေရှုသည် အပြစ်ကိုအရှုံးမပေးပါ။ အတွေးအားဖြင့်နှင့်ပင်လျှင် စုံစမ်းနှောင့်ယှက်ခြင်းကို အရှုံးမပေးပါ။ ထိုနည်းတူကျွန်ုပ်တို့လည်း ဖြစ်ရမည်။ ခရစ်တော်၏လူဇာတိသည် သူ၏ဘုရားသခင်သဘာဝနှင့်ပေါင်းစပ်လိုက်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အတွင်း၌ကိန်းအောင်းနေခြင်းကြောင့် လောက၌ရှုန်းကန်ခြင်းအတွက် သူသည် အသင့်ပြင်ဆင်ပြီးဖြစ်၏။ ထိုနောက်သူသည် ဘုရားသခင်၏စရိုက်ကို ကျွန်ုပ်တို့နှင့်အတူတကွဖက်စပ်လက်တွဲရန် ဆင်းလာခဲ့သည်။ သူနှင့်ယုံကြည်ခြင်းဖြင့် ပေါင်းစည်းနေသရွေ့ အပြစ်သည်

ကျွန်ုပ်တို့အပေါ် ချုပ်ထိန်းနိုင်ခြင်းရှိမည်မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းလက်ကို ကိုင်ဆောင်ကာ ခရစ်တော်၏ဝိညာဉ် ပကတိကို လက်ခံရန် ပို့ဆောင်တော်မူ၏။ ဤကဲ့သို့သောနည်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ပြည့်စုံသည့်အကျင့်စရိုက်ကို ရောက်ရှိနိုင်မည်ဖြစ်၏။" E.G.White, DA, p.123 မှကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၈)
## ရောမအဆုံးအမစာ (၇) မှပုဂ္ဂိုလ်
ဩဂုတ် ၁၄ – ၂၀

**ဥပုသ်နေ့မွန်းလွဲပိုင်း ဩဂုတ် ၁၄**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ (၇)

**အလွတ်ကျမ်းချက်**

**"ယခုမူကား၊ ကျမ်းစာ၌ပါသောတရားဟောင်းကို မမှီဘဲ ဝိညာဉ်တော်တရားသစ်ကိုမှီ၍ အမှုဆောင်ရွက်ခြင်းအလိုငှါ ငါတို့သည်သေသဖြင့် အုပ်ချုပ်သောပညတ်တရားလက်မှ လွတ်ခြင်းသို့ ရောက်ကြပြီ။" (ရောမ ၇း၆)။**

ကျမ်းစာထဲတွင် ရောမ (၇) ထက် သဘောကွဲလွဲခြင်း၊ ငြင်းခုံခြင်းပြုသည့်ကျမ်းပိုဒ်အနည်းငယ်သာရှိသည်။ The SDA Bible Commentary ဤကဲ့သို့ပြောသည်။ "ရောမအဆုံးအမစာတစ်ခုလုံးမှ အခန်းငယ် (၁၄–၂၅) သည် အခက်အခဲအများဆုံးဆွေးနွေးသည့် ကျမ်းပိုဒ်ဖြစ်သည်။ မေးခွန်းအချုပ်မှာ ပေါလုသည် မိမိကိုယ်တိုင် အပြစ်နှင့်ရုန်းကန်မှုကို ရေးနေသလောဟူသောအချက်ဖြစ်သည်။" The SDA Bible Commentary vol 6, p. 553 မှကောက်နုတ်သည်။

ကျမ်းလေ့လာသူများက ရောမ (၇) သည် ပေါလုပြောင်းလဲပြီး (သို့မဟုတ်) မပြောင်းလဲမီ ၎င်း၏အတွေ့အကြုံများဖြစ်သည်ဟုသဘောတူညီခြင်းမရှိပါ။ သို့သော် ပို၍အရေးကြီးသည့်အချက်မှာ

သခင်ယေရှု၏ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့ကိုဖုံးကွယ်ပေးတော်မူခြင်းဖြစ်၏။ သူ၏ဖြောင့်မတ်ခြင်း၌ ကျွန်ုပ်တို့သည်လည်း သန့်ရှင်းစေခြင်း၊ အပြစ်ကိုကျော်လွှားအောင်မြင်ခြင်း၊ ၎င်းသားတော်၏ပုံသဏ္ဍာန်နှင့်တူရန် ပြုလုပ်ပေးမည့်ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့သည် စုံလင်စွာရပ်တည်နိုင်မည်ဖြစ်၏။ (ရောမ ၈း၂၉)။ ထာဝရဧဝံဂေလိတရားကို နိုင်ငံတကာသို့ဖြန့်ချိရာ၌ ဤအရေးကြီးသောအချက်များကို ကျွန်ုပ်တို့သိရှိရန်ဖြစ်သည်။

## တနင်္ဂနွေ ဩဂုတ် ၁၅

**ပညတ်တရား၌ချည်နှောင်ထားသလော။ (ရောမ ၇း၁၆)။**

ပေါလုသည် သူ၏စာဖတ်ပရိသတ်နှင့်ပညတ်တရားဆက်စပ်ပုံကို (ရောမ ၇း၁–၆) တွင် ဘယ်ကဲ့သို့ဥပမာပြသနည်း။ ဤဥပမာဖြင့် သူသည် မည်သည့်အချက်ကို ညွှန်ပြနေသနည်း။

ပေါလု၏ဥပမာကား ဤသို့ဖြစ်သည်။ မိန်းမတစ်ယောက်သည် ယောကျာ်းတစ်ယောက်နှင့်လက်ထပ်သည်။ ထိုသူအသက်ရှင်သရွေ့ သူမသည် သူနှင့်ဆက်နွယ်နေသည်။ သူအသက်ရှင်စဉ် သူမသည် အခြားယောကျာ်းများနှင့်မသွားရ။ သို့သော် သူသေဆုံးသည့်အခါ သူမသည် သူနှင့်ချည်နှောင်ထားသည့်လင်ဝတ်ပညတ်နှင့်လွတ်၏။ (ငယ် ၃)။

ဂျူးလူမျိုးတို့၏ဘာသာရေးစနစ်ကို လက်ထပ်ခြင်းပညတ်သဘောတရားဖြင့် ရှင်းပြရန် ဘယ်ကဲ့သို့အသုံးပြုသနည်း။

မိန်းမသည် ယောကျာ်းသေဆုံးသည့်အခါ လင်ဝတ်မှလွတ်၏။ ထိုနည်းတူ ဇာတိပကတိအသက်ဟောင်းသေခြင်းသည် ပညတ်





တရားမှ ၎င်းတို့အား လွတ်စေသည်။ ဂျူးလူမျိုးတို့သည် မေရှိယကြွလာပြီး ၎င်း၏လုပ်ငန်းများပြည့်စုံသည်အထိ ပညတ်တရားကို စောင့်ရန် မျှော်မှန်းထားသည်။

ယခုမူကား၊ ဂျူးတို့သည် ပြန်လည်လက်ထပ်ရန် လွတ်လပ်ပြီးဖြစ်သည်။ အသက်ရှင်ပြန်ထမြောက်သောမေရှိယကို လက်ထပ်ရန်ဖိတ်ကြားခြင်းခံရသည်။ ထိုနောက် သူတို့သည် ဘုရားသခင်ထံတော်သို့ အသီးကိုယူဆောင်လာရမည်။ ဂျူးလူမျိုးတို့သည် ၎င်းတို့၏စနစ်ဟောင်းကို၊ လွတ်လပ်စွာစွန့်လွှတ်နိုင်ကြောင်းကို နားလည်ရန် ပေါလုသာဓကပြသည့်လက်နက်တစ်ခုဖြစ်သည်။

## တနင်္လာ ဩဂုတ် ၁၆

**ပညတ်တရားသည်အပြစ်လော။ (ရောမ ၇း၈–၁၁)။**

(ရောမ ၇း၈–၁၁) ကိုဖတ်ပါ။ ပညတ်တရားနှင့်အပြစ်ဘယ်ကဲ့သို့ဆက်စပ်ကြောင်း ပေါလုပြောနေသနည်း။

ပေါလုရှင်းပြနေသည်မှာ လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင် လောဘသဘောကိုသူသိမည်မဟုတ်ပါ။ အကယ်၍ အပြစ်သားတစ်ဦးသည် ဘုရားသခင်၏အလိုဆန္ဒကို သေချာမသိဘဲ နားထောင်ခြင်းမရှိခဲ့သော် ထိုသူသည် အပြစ်ကျူးလွန်ရာသို့မရောက်ပါ။ လူတစ်ဦးသည် ဘုရားသခင်၏အလိုဆန္ဒကို သိရှိနားလည်သည့်အခါ သူသည် အပြစ်သားဖြစ်ကြောင်း စတင်သိရှိလာ၏။ သူသည် အပြစ်ရှိ၍ သေသင့်ကြောင်းလည်း နားလည်သည်။ ဤသဘောဖြင့် လူသေသည်။

ရောမအဆုံးအမစာတွင် ပေါလုသည် နားလည်မှုတံတားတည်ဆောက်နေသည်။ ပညတ်တရားကို အလွန်အထင်ကြီးသောဂျူးလူမျိုးတို့ကို ခရစ်တော်သည် ပညတ်တရားတစ်ခုလုံးကို ပြီးပြည့်စုံအောင်ပြုလုပ်ကြောင်းကို နားလည်စေလိုသည်။ ပညတ်တရားသည် လိုအပ်ကြောင်းပေါလုပြနေသည်။ သို့သော် ပညတ်တရားပြုလုပ်သည်မှာအကန့်အသတ်ရှိသည်။ ပညတ်တရားသည် ကယ်တင်ခြင်းလိုအပ်သည်ကိုပြသည်။ ပညတ်တရားသည် လူတို့ကယ်တင်ခြင်းရရှိရန်လမ်းအဖြစ် ဘယ်သောအခါမျှဆိုလိုခြင်းမရှိပါ။

ပညတ်တရားရှေ့၌ သင်ဘယ်ကဲ့သို့သောသဘောနှင့် "သေ" သနည်း။ သခင်ယေရှုသည် သင့်အားအသစ်သောအသက်သင့်အတွက်ပြုလုပ်ပေးခြင်းဖြင့် (ရောမ ၇) ကို သင်ဘယ်ကဲ့သို့ပိုမိုနားလည်သနည်း။

**အင်္ဂါ** **ကြာဂုတ် ၁၇**

**သန့်ရှင်းသောပညတ်တရား။ (ရောမ ၇း၁၂)။**

ပေါလုဆွေးနွေးသည့်အပေါ် အခြေခံပြီး (ရောမ ၇း၁၂) ကို ကျွန်ုပ်တို့ဘယ်ကဲ့သို့နားလည်သနည်း။

(ရောမ ၇း၁၃) တွင် သူသေရသည့်အခြေအနေကို ပေါလုသည် ဘယ်သူကိုအပြစ်တင်သနည်း။ အဘယ်အရာကို သူခွင့်ပြုပေးသနည်း။ ပညတ်တရားသည် ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ပညတ်တရားသည် ဘုရားသခင်၏စရိုက်အဆင့် "စံ" ဖြစ်သည်။ သို့သော် အပြစ်သားအနေဖြင့် ပေါလုသည် ပညတ်တရားဖြင့် အပြစ်ရှိကြောင်း စီရင်ခြင်းခံရသည်။



(ရောမ ၇း၁၄၊၁၅) အရ ပေါလုကိုကြောက်ဖွယ်ရာကောင်းသောအပြစ်သားအဖြစ် အဘယ်ကြောင့် အောင်မြင်စွာပြနိုင်သနည်း။

ဇာတိပကတိဆိုသည်မှာ သွေးသားနှင့်ဆိုင်သည်။ ပေါလုသည် ယေရှုခရစ်ကိုလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်တစ်ဦးတည်းသာလျှင် အပြစ်ကိုယူဆောင်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ (ရောမ ၈း၁)။

ပေါလုသည် မိမိကိုယ်ကိုအပြစ်တရား၏ကျေးကျွန်ဟုဆိုသည်။ ဂျူးတို့သည် မေရှိယကိုလိုအပ်ကြောင်း ဤဥပမာအားဖြင့် ပေါလုကြိုးစားပြသသည်။ အောင်မြင်ခြင်းသည် ကျေးဇူးတော်အောက်၌သာရရှိနိုင်ကြောင်းကို ပေါလုပြခဲ့ပြီးဖြစ်သည်။ (ရောမ ၆း၁၄)။

အပြစ်သည် သင့်အားကျေးကျွန်ဘယ်ကဲ့သို့ဖြစ်စေသည်ကို သင်၏အတွေ့အကြုံက ဘယ်ကဲ့သို့ရှိသနည်း။

**ဗုဒ္ဓဟူး** **ကြာဂုတ် ၁၈**

**ရောမ (၇) မှပုဂ္ဂိုလ်။ (ရောမ ၇း၁၆၊၁၇)။**

(ရောမ ၇း၁၈–၂၀) တွင် ပေါလုသည် သူ၏စာဖတ်ပရိသတ်တို့အား မည်သည့်အရေးကြီးသည့်အချက်ကို ညွှန်ပြနေသနည်း။

ခရစ်တော်ကို လူတစ်ဦးတစ်ယောက်က လိုအပ်ကြောင်းကို ပိုမိုနားလည်ရန် ထိုသူကိုသန့်ရှင်းသောဝိညာဉ်တော်သည် မကြာခဏ "ပဋိညာဉ်ဟောင်း" အတွေ့အကြုံမျိုးဖြင့် ပို့ဆောင်သည်။ ဝမ်းနည်းဖို့ကောင်းသည်မှာ များစွာသောခရစ်ယာန်တို့သည် ၎င်းတို့၏အသက်တာကို ခရစ်တော်ထံသို့နေ့စဉ်အသစ်ပြန်လည်အပ်နှံရန်ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ပြုခြင်းဖြင့် ၎င်းတို့သည် မဝန်ခံ

သော်လည်း အပြစ်၏ကျေးကျွန်ဖြစ်နေသည်။ ၎င်းတို့အကြောင်းပြသည်မှာ သူတို့သည် သာမန်ခရစ်ယာန်များကြီးထွားခြင်းတွေ့ကြုံခံစားမှုကို ကျော်ဖြတ်နေခြင်းဖြစ်သည်ဟု ဆိုကြသည်။ ၎င်းတို့ဆက်သွားရန် ခရီးအလွန်ဝေးစွာရှိသေးသည်ဟု ဆင်ခြေပေးသည်။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့၏အပြစ်ကို ခရစ်တော်ထံသို့ယူဆောင်လာပြီး အပြစ်အပေါ် အောင်မြင်ရန် တောင်းခံမည့်အစား သူတို့သည် (ရောမ ၇) နောက်တွင် ဖုံးကွယ်လျက်ရှိသည်။ (ရောမ ၇) သည် အမှန်တရားကို ဘယ်လိုမျှမလုပ်နိုင်ကြောင်း ၎င်းတို့အား ပြောသည်ဟုထင်သည်။ သို့သော် ဤကျမ်းပိုဒ်သည် အပြစ်၏ကျေးကျွန်ဖြစ်သောသူတစ်ဦးသည် အမှန်ကိုမလုပ်နိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ သို့သော် အောင်မြင်ခြင်းသည် သခင်ယေရှုခရစ်၌ အမှန်တကယ်ဖြစ်နိုင်သည်။

ခရစ်တော်ကျွန်ုပ်တို့ကို ကတိပေးသည့်အပြစ်နှင့်မိမိကိုယ်ပေါ်အောင်မြင်ခြင်းကို သင်ရရှိနေပြီလား။ မည်သည့်မှားသောရွေးချယ်မှုများကို သင်ပြုလုပ်နေပါသနည်း။

## ကြာသပတေး ဩဂုတ် ၁၉

### သေခြင်းမှကယ်တင်ခြင်း။ (ရောမ ၇း၂၁–၂၃)။

(ရောမ ၇း၂၁–၂၃) ကိုဖတ်ပါ။ ခရစ်ယာန်တစ်ဦးဖြစ်စေကာမူ သင်၏အသက်တာတွင် ဤတူညီသည့်ရုန်းကန်မှုကို သင်ဘယ်ကဲ့သို့တွေ့ကြုံရသနည်း။

သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်မှုဖြင့် ပေါလုသည် ဤပညတ်တရားကို လက်ခံသည်။ စောင့်ရှောက်ရန် စိတ်ဆုံးဖြတ်ထားသည်။ သို့သော် သူကြိုးစားသည့်အခါ သူတတ်နိုင်စွမ်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ခန္ဓာကိုယ်သည် အပြစ်ပြုလုပ်လိုသောကြောင့်ဖြစ်သည်။ ဤကဲ့သို့တူသောရုန်းကန်မှုကို ဘယ်သူမခံစားရသနည်း။ သင်၏စိတ်တွင် သင်ဘာလုပ်လိုသည်ကိုသိသည်။ သို့သော် ဇာတိပကတိစိတ်သည် အခြားအရာကိုပြုလုပ်လိုသည်။

(ရောမ ၇း၂၄၊၂၅) အရ ကျွန်ုပ်တို့ကျရောက်နေသည့် ဤခက်ခဲသောအခြေအနေထောင်ချောက်ထဲမှ ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ကယ်တင်မည်နည်း။

"ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်လွှတ်တော်မူသောဘုရားသခင်၏ကျေးဇူးတော်ကြီးလှပေ၏" ဟု ပေါလုဆိုခဲ့ပြီးမှ အပြစ်၏ရုန်းကန်မှုအကြောင်းများကို တစ်ဖန်အဘယ်ကြောင့် ပြန်ပြောသည်ကိုအချို့သောသူများသည် အံ့သြကြသည်။ အချို့သောသူတို့သည် တိုတောင်းသည့်ကျေးဇူးတင်ခြင်းဆုတောင်းချက်ဟု နားလည်ကြသည်။ ဤအချက်သည် (ရောမ ၈) တွင် ဖော်ပြထားသည့်ထူးမြတ်သောလွှတ်ခြင်းချမ်းသာအကြောင်း မဆွေးနွေးမီပြောခြင်းဖြစ်သည်။ ဤအချက်ကိုမည်ကဲ့သို့ပင်နားလည်သည်မဆို အချက်တစ်ခုသည် ရှင်းလင်းစွာနားလည်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်မပါဘဲ အထီးကျန်ဖြစ်နေသော် အပြစ်ကိုဆန့်ကျင်ရင်ဆိုင်ရန် တတ်နိုင်မည်မဟုတ်ဆိုသည့်အချက်ပင်ဖြစ်၏။

## သောကြာ ဩဂုတ် ၂၀

### ထပ်ဆင့်လေ့လာရန်။

"ဘုရားသခင်၏ပညတ်တရားကို ကျူးလွန်ချိုးဖေါက်ခြင်းဖြင့် အဘယ်သို့သောလုံခြုံမှု၊ ငြိမ်သက်မှု၊ ကောင်းမှုကိုမျှမရရှိနိုင်ပါ။ ခရစ်တော်

၏ခွင့်လွှတ်ခြင်းကိုခံရသော်လည်း သူသည် ဆက်လက်အပြစ်လုပ်နေပါက လူသည် ဘုရားသခင်ရှေ့၌ အပြစ်ကင်းမဲ့စွာရပ်တည်နိုင်ရန် မျှော်လင့်ခြင်းမရှိ၊ သူ၌လည်း ငြိမ်သက်ခြင်းမရရှိနိုင်ပါ။" E.G.White, SM, Book 1, p. 213 မှကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၉)
## ခရစ်တော်၌လွတ်လပ်ခြင်း

ဩဂုတ် ၂၁ – ၂၇

**ဥပုသ်နေ့မွန်းလွဲပိုင်း ဩဂုတ် ၂၁**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမ ၈း၁–၁၇)

**အလွတ်ကျမ်းချက်**

**"ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း ငါ့ကိုကယ်လွှတ်ပြီ။" (ရောမ ၈း၁၊၂)။**

ရောမ (၈) သည် ရောမ (၇) ၏ပေါလုအဖြေဖြစ်သည်။ ရောမ (၇) တွင် ပေါလုသည် အောင်မြင်ခြင်း၏အတားအဆီးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရခြင်းအကြောင်းပြောသည်။ ဆုံးရှုံးခြင်းနှင့်အပြစ်စီရင်ခြင်းအကြောင်းလည်းပြောသည်။ ရောမ (၈) တွင် အပြစ်စီရင်ခြင်းမပါတော့ပြီ။ ခရစ်တော်၌အောင်မြင်ခြင်းနှင့်လွတ်လပ်ခြင်းအကြောင်းဖြင့် အစားထိုးပြောဆိုသည်။

ဤလွတ်လပ်မှုသည် မတိုင်းတာ၊ မရေတွက်နိုင်သည့်ကြီးစွာသောအဖိုးအခဖြင့် ဝယ်ယူရကြောင်းလည်း ပေါလုဆက်လက်ရှင်းပြသွားသည်။ ဘုရားသခင်၏သားတော်ခရစ်တော်သည် လူ့ဇာတိကိုခံယူခဲ့သည်။ ဤကဲ့သို့သောနည်းတစ်ခုတည်းဖြင့်သာ သူသည် ကျွန်ုပ်တို့ကိုကောင်းစွာနားလည်ကာ ကောင်းသောပုံသက်သေဖြစ်ပြီး ကျွန်ုပ်တို့အစားအသေခံနိုင်မည်ဖြစ်သည်။ "အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဍာန်ကိုဆောင်သောမိမိ၏သားတော်ကို စေလွှတ်တော်မူ၍" ဟုအငယ် (၈) တွင် ဖေါ်ပြထားသည်။ ထိုကြောင့် သန့်ရှင်းဖြောင့်မတ်ရန် ပညတ်တရားမှကျွန်ုပ်တို့အားလုပ်ဆောင်ရန် တောင်းခံခြင်းကို (အငယ် ၈) တွင် ပြည့်စုံစေနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ခရစ်တော်သည် အပြစ်အပေါ် တိုက်ပွဲအောင်မြင်ခဲ့သည်။ ပညတ်တရားကိုလည်း သူသည် ပြည့်စုံစေခဲ့သည်။

## တနင်္ဂနွေ ဩဂုတ် ၂၂

**စီရင်ခြင်းနှင့်လွတ်ခြင်း။ (ရောမ ၈း၁)။**

(ရောမ ၈း၁) တွင် စီရင်ခြင်းနှင့်လွတ်ခြင်းဆိုသည်မှာ အဘယ်နည်း။ မည်သည့်စီရင်ခြင်းမှလွတ်သနည်း။ အဘယ်ကြောင့် ဤမျှလောက်ကောင်းသည့်သတင်းဖြစ်သနည်း။

ရောမအဆုံးအမစာ (၇) တွင် လူတစ်ဦးသည် ခရစ်တော်ထံသို့မလာမီနှင့်မိမိကိုယ်ကိုမအပ်နှံမီ လောက၏သေခြင်းသာသက်ဆိုင်ကြောင်းဖေါ်ပြသည်။ ထိုသူသည် အပြစ်၏ကျေးကျွန်ဖြစ်သည်ဟုဆိုသည်။ သူသည် သေခြင်းတရား၏စီရင်ခြင်းအောက်တွင်ရှိသည်ဟုဆိုသည်။ (အခန်းငယ် ၁၁း၁၃၊၂၄)။



သို့သော်သူသည် သခင်ယေရှုထံ၌ အပ်နှံ၏။ သူနှင့်ဘုရားသခင်တို့၏ဆက်ဆံရေးသည် ချက်ချင်းပြောင်းလဲသွားသည်။ သူသည် တရားဥပဒေကိုချိုးဖေါက်သူအဖြစ် တရားစီရင်ခြင်းခံရသည်။ သို့သော် ထိုသူသည် ဘုရားသခင်ရှေ့တော်၌ ပြည့်စုံစွာဖြင့် ရပ်တည်နေ၏။ သူသည် တစ်ခါမျှအပြစ်မကျူးလွန်သကဲ့သို့ဖြစ်၏။ စီရင်ခြင်းမှလွတ်ပြီးဖြစ်သည်။

(ရောမ ၈း၂) အရ လူတစ်ဦးကို အပြစ်၏ကျေးကျွန်မှ မည်သည့်အရာက လွတ်စေသနည်း။

"အသက်ရှင်စေသောဝိညာဉ်တော်၏တရား" ဆိုသည်မှာ လူသားများကို ကယ်တင်ရန် ခရစ်တော်၏စီမံကိန်းဖြစ်သည်။ ရောမအဆုံးအမစာအခန်းကြီး (၇) တွင် သင်ကြားခဲ့ရသည့် "အပြစ်နှင့်သေခြင်းပညတ်တရား" နှင့်ကွာခြားသည်။ ထိုပညတ်တရားသည် သေခြင်းသို့ပို့သောတရားဖြစ်သည်။ သို့သော် ခရစ်တော်၏ပညတ်တရားသည် အသက်ရှင်ခြင်းနှင့်လွတ်လပ်ခြင်းကို ယူဆောင်လာသည်။

သင်သည် ကျေးကျွန် (သို့မဟုတ်) ခရစ်တော်၌ လွတ်လပ်သောသူဖြစ်ပါသလား။ သေချာအောင်သင်ဘယ်ကဲ့သို့သိမည်နည်း။

## တနင်္လာ ဩဂုတ် ၂၃

**ပညတ်တရားမပြုလုပ်နိုင်သည့်အရာ။ (ရောမ ၈း၃၊၄)။**

(ရောမ ၈း၃၊၄) တွင် ပညတ်တရားမလုပ်နိုင်သည်ကို ခရစ်တော်ဘာလုပ်ခဲ့သနည်း။

ဘုရားသခင်သည် အပြစ်၏အခက်အခဲကိုဖြေရှင်းရန်အပြစ်နှင့်ပြည့်စုံသော၊ ဇာတိပကတိ၏သဏ္ဍာန်ကိုဆောင်သော မိမိ၏

သားတော်ကို စေလွှတ်တော်မူခဲ့သည်။ "ဇာတိပကတိ၌ အပြစ်ကို ဒဏ်ခတ်ပေးတော်မူ၏" အခန်းငယ် (၄) တွင် ဖော်ပြထားသော "ကျင့်" ဆိုသည့်စကားသည် လူတစ်ဦး၏အပြုအမူကိုဆိုလိုသည်။ ဇာတိပကတိဆိုသည်မှာ ခရစ်ကိုလက်ခံပြီး (သို့မဟုတ်) လက်မခံမီအပြစ်နှင့်ပြည့်ဝသောသူကိုဆိုလိုသည်။ ဇာတိပကတိအတိုင်းကျင့်သည်ဟုဆိုသည်မှာ မိမိကိုယ်ကိုတစ်ကိုယ်ကောင်းစိတ်ဆန္ဒဖြင့် ချုပ်ထိန်းစေခြင်းဖြစ်သည်။

ထိုကဲ့သို့ဆန့်ကျင်ပြီး "ဝိညာဉ်ပကတိအတိုင်းကျင့်သည် ဆိုသည်မှာ ပညတ်တရားကိုလိုက်လျှောက်ကြခြင်းကိုဆိုသည်ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီဖြင့်သာလျှင် ပညတ်တရား၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ခရစ်တော်၌ သာလျှင် ကျွန်ုပ်တို့သည် ပညတ်တရား၏လိုအပ်ချက်များကို လွတ်လပ်စွာလုပ်နိုင်မည်ဖြစ်၏။ ခရစ်တော်မပါလျှင် ထိုသို့သောလွတ်လပ်မှုကိုမရရှိနိုင်၊ အပြစ်၏ကျေးကျွန်ဖြစ်သောသူသည် သူကောင်းသည်ဟု ရွေးချယ်ထားသောအရာကို ဘယ်ကဲ့သို့သောနည်းဖြင့် ပြုလုပ်နိုင်မည် မဟုတ်ပါ။

သင်သည် ပညတ်တရားကို အဘယ်မျှကောင်းအောင် စောင့်ရှောက်ခဲ့သနည်း။ ကယ်တင်ခြင်းကို ပညတ်တရားဖြင့် ရယူနိုင်သည်ဆိုသည့်သဘောကို သင်လက်လွှတ်လိုက်ပြီလော။ သင်၏ အသက်တာသည် ဖြောင့်မတ်ခြင်းတရားကို လိုက်လျှောက်နားထောင်သည့်ကောင်းသောပုံသက်သေဖြစ်ပါသလား။ မဟုတ်ခဲ့သော် အဘယ်ကြောင့်နည်း။ သင်၏မှားသည့်လုပ်ရပ်များကို ဘယ်ကဲ့သို့သောဆင်ခြေမှုများဖြင့် အသုံးပြုနေပါသနည်း။



**အင်္ဂါ ဩဂုတ် ၂၄**

**ဇာတိပကတိနှင့်ဝိညာဉ်ပကတိတို့၏ဆန့်ကျင်ဘက်။ (ရောမ ၈း၅၊၆)။**

(ရောမ ၈း၅၊၆) ကိုစဉ်းစားဆင်ခြင်ပါ။ ဤကျမ်းပိုဒ်မှ မည်သည့်အခြေခံသတင်းစကားသင်ရရှိသနည်း။ သင်၏အသက်တာ ဘယ်ကဲ့သို့နေထိုင်သည့်အကြောင်း ၎င်းကျမ်းပိုဒ်များက ဘာကိုပြောနေသနည်း။ လူတစ်စုသည် ဇာတိပကတိအလိုကိုဖြည့်ဆည်းရန် ဆန္ဒရှိ၏။ အခြားသောတစ်အုပ်စုသည် ဝိညာဉ်ပကတိ၏ခေါင်းဆောင်မှုနောက်သို့လိုက်ရန် ဆန္ဒရှိသည်။ စိတ်သည်လူ၏ပြုမူလုပ်ဆောင်ခြင်းတို့ကိုဆုံးဖြတ်သဖြင့် ထိုအုပ်စုနှစ်ခုသည် ခြားနားသောအသက်တာ၌ အသက်ရှင်လျက်ရှိသည်။

(ရောမ ၈း၇၊၈) အရ ဇာတိပကတိစိတ်သည် မည်သည့် အရာကိုမပြုလုပ်နိုင်သနည်း။ ခရစ်တော်မပါရှိဘဲ ဘုရားသခင်၏ ပညတ်တရားကို စောင့်ရှောက်ရန် မဖြစ်နိုင်ကြောင်းကို ပေါလုညွှန်ပြနေခြင်းဖြစ်သည်။ ထပ်ခါတလဲလဲဤခေါင်းစဉ်သို့ ပေါလုပြန်လည်ဆွေးနွေးလျက်ရှိသည်။ လူတစ်ဦးတစ်ယောက်သည် ခရစ်တော်မပါရှိဘဲ မည်မျှပင်ကြိုးစားသော်လည်း ပညတ်တရားကို ဘယ်ကဲ့သို့သောနည်းနှင့်မျှ အမှန်တကယ်မစောင့်ရှောက်နိုင်ပါ။

လွန်ခဲ့သည့် (၂၄) နာရီအတွင်း သင်၏အသက်တာအကြောင်းကိုစဉ်းစားပါ။ သင်၏ပြုမူလုပ်ဆောင်ချက်များသည် ဇာတိပကတိ (သို့မဟုတ်) ဝိညာဉ်ပကတိလော။ အဖြေသည် သင့်အကြောင်း ဘယ်ကဲ့သို့ပြောသနည်း။

## ဗုဒ္ဓဟူး ဩဂုတ် ၂၅

**ကျွန်ုပ်တို့၌ဝိညာဉ်တော်ကိန်းဝပ်ခြင်း။ (ရောမ ၈း၉–၁၄)။**

(ရောမ ၈း၉–၁၄) တွင် ခရစ်တော်ထံ မိမိကိုယ်ကိုလုံးလုံးလျားလျားအပ်နှံသောသူများတွင် မည်သည့်ကတိတော်များရှိသနည်း။

ဤကျမ်းပိုဒ်များတွင် ပေါလုသည် (ရောမ ၆း၁–၁၁) ၌ဖော်ပြသည့်ဗတ္တိဇံပုံပမာကို ပြန်ပြောနေခြင်းဖြစ်သည်။ ဗတ္တိဇံခံယူရာ၌ အပြစ်ကိုအစေပြုသည့်ခန္ဓာကိုယ်သည် သေကြေပျက်စီးသွားပြီးဖြစ်သည်။ သို့သော် ဗတ္တိဇံ၌သင်္ဂြိုဟ်ခြင်းနှင့်ထမြောက်ခြင်းရှိသည်။ ထိုနည်းတူ ရေနှစ်ခြင်းခံသူတစ်ဦးသည် အသစ်သောအသက်တာတွင် ရှင်ပြန်လျှောက်လှမ်းနေ၏။ ဤရွေးချယ်မှုသည် တစ်ရက်ပြီးတစ်ရက်၊ တစ်နာရီပြီးတစ်နာရီလုပ်ဆောင်ရမည်ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့၏လွတ်လပ်မှုကို ဖျက်ဆီးရန်မလုပ်ပါ။ အပြစ်သားလူဟောင်းသည် ပျက်စီးသွားသော်လည်း အပြစ်ကိုကျူးလွန်နိုင်ဆဲပင်ဖြစ်သည်။

ပြောင်းလဲခြင်းခံရပြီးနောက် ကျွန်ုပ်တို့သည် အပြစ်နှင့်ရန်းကန်ဆဲပင်ဖြစ်၏။ ခြားနားခြင်းသည် ဝိညာဉ်ကိန်းဝပ်သောသူတို့သည် အောင်မြင်နိုင်ရန် ဘုရားသခင်၏တန်ခိုးသည် သူတို့၌ရှိသည်။ ကြောက်မက်ဖွယ်ကောင်းသည့်အပြစ်သခင်မှ လွတ်မြောက်လာပြီဖြစ်၍ သူသည် အပြစ်ကိုဘယ်သောအခါမျှ အစေမပြုရန် ဘုရားသခင်သည် သူ့အားခေါ်မည်ဖြစ်၏။

ဤသဘောတရားကိုစဉ်းစားပါ။ ခရစ်တော်ကိုသေခြင်းမှ ရှင်ပြန်ထမြောက်သောဘုရားသခင်၏ဝိညာဉ်သည် အကယ်၍ ကျွန်ုပ်တို့ခွင့်ပြုသော် ကျွန်ုပ်တို့တွင် ကိန်းဝပ်သည့်ဝိညာဉ်နှင့်အတူတူဖြစ်၏။



ကျွန်ုပ်တို့၌အလွန်တန်ခိုးကြီးသည့်အရာရှိကြောင်း စဉ်းစားပါ။ ဘယ်အရာသည် ဤတန်ခိုးကိုအသုံးပြုရန် ကျွန်ုပ်တို့အား တားမြစ်ထားသနည်း။

## ကြာသပတေး ဩဂုတ် ၂၆

**မွေးစားသားနှင့်ကျေးကျွန်။ (ရောမ ၈း၁၅)။**

ခရစ်တော်၌အသစ်သောဆက်နွယ်မှုကို (ရောမ ၈း၁၅) တွင် ဘယ်ကဲ့သို့ပေါလုဖော်ပြသနည်း။ ဤကတိတော်တွင် ကျွန်ုပ်တို့အတွက် အဘယ်သို့သောမျှော်လင့်ခြင်းကို တွေ့ရှိနိုင်သနည်း။

ဤအသစ်သောအမျိုးတော်စပ်မှုသည် ကြောက်ရွံ့ခြင်းမှ လွတ်ငြိမ်းခြင်းကိုဆိုလိုသည်။

သို့သော် ခရစ်တော်ကိုလက်ခံသောသူတို့သည် အစေခံကဲ့သို့မဟုတ်ပါ။ ထိုသူသည်–

၁။ ဝန်ဆောင်မှုကိုအခမဲ့ပေးဆောင်မည်ဖြစ်၏။

၂။ ကြောက်ရွံ့ခြင်းနှင့်ကင်းမဲ့သည်။ “စုံလင်သောမေတ္တာသည် သံဝေဂကိုဖယ်ရှားတတ်၏။ (၁ယော ၄း၁၈)။

၃။ မွေးစားသား/သမီးအဖြစ် ကယ်တင်ခြင်းရသောသူသည် တန်ဖိုးမဖြတ်နိုင်သောအမွေကို ခံစားရသောအမွေခံစားသူဖြစ်သည်။

(ရောမ ၈း၁၆) အရ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများအဖြစ် အမှန်တကယ်လက်ခံကြောင်း ဘယ်ကဲ့သို့သောအာမခံချက်ပေးသနည်း။

ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်ကိန်းအောင်းခြင်းသည် ဘုရားသခင်ကျွန်ုပ်တို့ကိုလက်ခံကြောင်းပြ၏။ ခံစားခြင်းဖြင့်သာသွား

သည်မှာအကောင်းဆုံးမဟုတ်ကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ ထိုစကားတော်၏အလင်းနောက်သို့လိုက်သောသူတို့သည် ၎င်းတို့အတွင်း၌ဘုရားသခင်၏အသံသည် ၎င်းတို့အား သား/သမီးများအနေဖြင့် လက်ခံပြီးဖြစ်ကြောင်း ပြောနေသည်ကို ကြားရမည်ဖြစ်၏။

သင်သည် ဘုရားသခင်နှင့်မည်မျှနီးကပ်စွာရှိပါသနည်း။ သင်သူ့ကိုအမှန်တကယ်သိပါသလား၊ (သို့မဟုတ်) သူ့အကြောင်းကို သိပါသလား။ သင်၏ကယ်တင်ရှင်၊ ဖန်ဆင်းရှင်နှင့်နီးကပ်စွာအတူတကွလျှောက်လှမ်းနိုင်ရန် သင့်အသက်တာတွင် မည်သည့်ပြောင်းလဲမှုများပြုလုပ်ရမည်နည်း။

## သောကြာ ဩဂုတ် ၂၇

**ထပ်ဆင့်လေ့လာရန်။**

"ဘုရားသခင်၏ပလ္လင်တော်မှ ကျလာသောသံကြိုးသည် အငယ်ဆုံးသောအပြစ်သားအထိရောက်ရှိရန် ရှည်လျားစွာရှိသည်။ ခရစ်တော်သည် အဆိုးဆုံးသောထောင်ချောက်မှအပြစ်အများဆုံးသူကိုထာဝရဆုလာဘ်၊ ဘုရားသခင်၏သားသမီး၊ ခရစ်တော်နှင့်အတူအမွေခံများဖြစ်ရန် ထိုနေရာမှ၎င်းတို့အား ဆွဲတင်ထားရှိနိုင်စွမ်းရှိ၏။" E.G.White, Testimonies for the Church vol. 7, p. 229 မှကောက်နုတ်သည်။

–၀–



# သင်ခန်းစာ (၁၀)
# ဂျူးနှင့်တစ်ပါးအမျိုးသားများအတွက် ကယ်တင်ခြင်း

ဩဂုတ် ၂၈ – စက်တင်ဘာ ၃

## ဥပုသ်နေ့မွန်းလွဲပိုင်း ဩဂုတ် ၂၈

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ (၉)။

**အလွတ်ကျမ်းချက်**

**"ထိုသို့နှင့်အညီ ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုတော်မူ၏။ ခိုင်မာစေလိုသောသူကိုလည်း ခိုင်မာစေတော်မူ၏။" (ရောမ ၉း၁၈)။**

"ယာကုပ်ကိုငါချစ်၏။ ဧသောကိုမုန်း၏ဟုကျမ်းစာလာသတည်း"–––"ဘုရားသခင်က၊ ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ သနားလိုသောသူကိုလည်း သနားမည်ဟု မောရှေကိုမိန့်တော်မူ၏။ (ရောမ ၉း၁၃၊၁၅)။

ပေါလုသည် ဘာကိုပြောနေသနည်း။ ပို၍လေးနက်စွာလေ့လာခြင်းဖြင့် ပေါလုဘာကိုပြောနေသည်ကိုတွေ့ရှိမည်ဖြစ်သည်။ ပေါလုသည် ဆွေးနွေးမှုလမ်းကြောင်းတစ်ခုအပေါ် အကျိုးအကြောင်းပြောနေသည်။ ထိုအကြောင်းအရာသည် ဘုရားသခင်သည် သူရွေးချယ်လိုသူကို ရွေးနုတ်မည်ဖြစ်ကြောင်း ပေါလုကြိုးစားပြသနေသည်။

ဘုရားသခင်သည် ဘယ်သူကိုမျှထာဝရအသက်အတွက် အခွင့်အရေးကိုဖြတ်တောက်မည်မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏လုပ်ဆောင်ချက်များသည် သူ၏လွတ်လပ်သောစည်းမျဉ်းများနှင့်ဆန့်ကျင်ခြင်းမရှိပါ။ ထိုထက်မက အလွန်အရေးကြီးသည်မှာ လူသားများအားလုံးအတွက် ခရစ်တော်အသေခံခြင်းဆိုသည့်ကြီးမြတ်သောဖြောင့်မတ်ခြင်းနှင့်ဆန့်ကျင်၍လည်းမရှိပါ။ လူတိုင်းကယ်တင်ခြင်းရရှိရန် သူအလိုဆန္ဒရှိသည်။

ရောမအဆုံးအမစာအခန်းကြီး (၉) သည် အချို့သောအလုပ်ကိုလုပ်ဆောင်ရန် ဘုရားသခင်ခေါ်သောသူတို့အတွက် ဘုရားသခင်သည် ကိုယ်ပိုင်ကယ်တင်ခြင်းရရှိရန် ကိုင်တွယ်နေခြင်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့သတိရရန်လိုအပ်မည်။

## တနင်္ဂနွေ ဩဂုတ် ၂၉

## ပေါလု၏ဝန်ထုပ်ဝန်ပိုး။ (ထွက် ၁၉း၆)။

လူသားတို့၏ရှုံးနိမ့်ခြင်း၌ ဘုရားသခင်၏သစ္စာရှိမှုအကြောင်းကို (ရောမ ၉း၁–၁၂) တွင် ပေါလုဘယ်ကဲ့သို့ညွှန်ပြသနည်း။

ပေါလုသည် ၎င်း၏ဆွေးနွေးချက်ကို တစ်စစီတည်ဆောက်နေသည်။ ကျန်ကြွင်းပြီး သစ္စာရှိသောလူအချို့တို့ကို ဘုရားသခင်သည် ၎င်း၏အမှုတော်ကိုထမ်းဆောင်ရန် အသုံးပြုဆဲပင်ဖြစ်သည်။ ဤသစ္စာရှိသောလူနည်းစုအကြောင်းဆွေးနွေးရန် ပေါလုသည် ဣသရေလအမျိုးတို့၏သမိုင်းကို ပြန်လှန်ကြည့်သည်။ ဘုရားသခင်သည် အစဉ်အမြဲမှန်ကန်စွာရွေးချယ်သည်ကို သူပြသသည်။ (၁)။ ဘုရားသခင်သည် အာဗြဟံ၏အမျိုးအားလုံးကို သူ၏လူမျိုးအဖြစ်





ရွေးချယ်ခြင်းမပြုပါ။ ဣဇာက်၌သာရွေးချယ်ခဲ့သည်။ (၂)။ ဣဇာက်၏အမျိုးအားလုံးကို မရွေးချယ်ပါ။ ယာကုပ်၏အမျိုးကိုသာရွေးချယ်ခဲ့သည်။

ရွေးချယ်ခြင်းခံရသည့် အမျိုးနွယ်မှသက်ဆိုင်သောသူတို့သည် ကယ်တင်ခြင်းရမည်ဟုမဆိုလိုသည်ကို နားလည်ရန်လည်းအရေးကြီးသည်။ သင်သည် မျိုးနွယ်မှန်၏။ အိမ်ထောင်စုလည်းမှန်၏။ ဘုရားကျောင်းပင်လျှင်မှန်၏။ သို့သော် သင်သည် ကတိတော်အပြင်ဘက်၌ ပျောက်ဆုံးနိုင်ဆဲပင်ဖြစ်၏။ ချစ်ခြင်းဖြင့်ရရှိသောယုံကြည်ခြင်းသာလျှင် “ကတိတော်နှင့်ဆိုင်သောသားတို့အမျိုးအနွယ်မှန်သည်ဟုမှတ်တော်မူ၏။” (ရောမ ၉း၈)။

(ရောမ ၉း၆) ကိုဖတ်ပါ။ “ဣသရေလနှင့်ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလလူမှန်မဟုတ်” Seventh-day Adventists များအနေဖြင့် ကျွန်ုပ်တို့အတွက် ဤကျမ်းပိုဒ်သည်မည်သည့်အရေးကြီးသောသတင်းစကားပါရှိသနည်း။

## တနင်္လာ ဩဂုတ် ၃၀

## ရွေးချယ်ခံရခြင်း။ (ရောမ ၉း၁၂၊၁၃)။

ကျွန်ုပ်တို့ဖတ်ရှုသည့်ကျမ်းပိုဒ်နှင့် (ရောမ ၉း၁၄၊၁၅) ကိုနှိုင်းယှဉ်သော် မည်ကဲ့သို့နားလည်မည်နည်း။

ပေါလုက အချို့သောသူတို့သည် ကယ်တင်ခြင်းရမည်မဟုတ်ဟု ပြောဆိုနေခြင်းမဟုတ်ပါ။ ဤအရာသည် ကယ်တင်ခြင်းနှင့်သက်ဆိုင်လာသော် ဘုရားသခင်သည် လူတိုင်းကိုကရုဏာပေးတော်မူသည်။ “လူအပေါင်းတို့ကို ကယ်တင်တတ်သောဘုရားသခင်၏

ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။" (တိတု ၂း၁၁)။ သို့သော် ဘုရားသခင်သည် လူမျိုးတကာတို့ကိုပါဝင်စေသည်။ သူတို့ ပါဝင်ရန် ငြင်းဆိုနိုင်ဖွယ်ရှိသည်။ သို့သော် ဘုရားသခင်၏ရွေးချယ်မှုကိုတားဆီးနိုင်ခြင်းမရှိပါ။ ဧသောသည် မည်မျှပင်မရှိယအဖ (သို့မဟုတ်) ရွေးချယ်ခြင်းခံရသူအဖြစ် လိုလားသော်ငြားလည်း ထိုသို့ကားမဖြစ်လာနိုင်ချေ။

အဆုံး၌ဧသောကို ကယ်တင်ခြင်းမှပိတ်လိုက်ခြင်းသည် ဘုရားသခင်၏ရွေးချယ်မှုမဟုတ်ပါ။ ခရစ်တော်၌ဘုရားသခင်၏ကျေးဇူးတော်သည် လူတိုင်းအတွက် အခမဲ့ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ပျောက်ဆုံးခြင်း (သို့မဟုတ်) ကယ်တင်ခြင်းရရှိရန် ရွေးချယ်ခဲ့ပြီးဖြစ်သည်။ (ဧဖက် ၁း၄၊၅။ ၂ပေ ၁း၁၀)။ ခရစ်တော်၌ထာဝရအသက်ကတိတော်မှတားဆီးခြင်းသည် ဘုရားသခင်၏အမှုမဟုတ်၊ ကျွန်ုပ်တို့၏ရွေးချယ်မှုသာဖြစ်သည်။ ကမ္ဘာမတည်မီကပင် ခရစ်တော်၌ကယ်တင်ခြင်းရရှိရန် သင့်အား ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ဤအရာသည် ခရစ်တော်မှဘုရားသခင်သည် သင့်အားခေါ်တော်မူခြင်း၊ ရွေးကောက်ခြင်းစသည်တို့အားလုံးပေးပြီးဖြစ်သည်။ မည်မျှဂုဏ်ပြုခြင်း၊ မည်မျှမျှော်လင့်ခြင်းပါတကား။ ဤကြီးမြတ်သောကတိတော်နောက်၌ အဘယ်ကြောင့် ခပ်သိမ်းသောအရာတို့သည် အဘယ်သို့သောအရာမျှမဟုတ်တော့သနည်း။

**အင်္ဂါ** **ဩဂုတ် ၃၁**

**လျှို့ဝှက်ဆန်းကြယ်မှုများ။ (ဟေရှာယ ၅၅း၈၊၉)။**

ဖတ်သွားပြီးသောအရာများအပေါ် အခြေခံပြီး (ရောမ ၉း၁၇–၂၄) တွင် ပေါလု၏အဓိကအချက်ကို ဘယ်ကဲ့သို့နားလည်သနည်း။



အဲဂုတ္တုပြည်မှထွက်လာစဉ် ဘုရားသခင်သည် အဲဂုတ္တုလူမျိုးနှင့်ကိုင်တွယ်နေသည့်အချိန်ဖြစ်သည်။ အချိန်ကာလအားလုံး၌ လူအားလုံးကယ်တင်ခြင်းရရှိရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်ကိုအဲဂုတ္တုပြည်၌ ကျရောက်သောကပ်များတွင်ထင်ရှားစေခဲ့သည်။ သူ၏လူများကို ကျွန်သပေါက်ဘဝမှလွတ်ရန် ခေါ်ဆောင်သွားခြင်းဖြင့် မိမိကိုယ်ကိုပြသည်။ ဤဖြစ်ပျက်သည့်ဥပမာများသည် ဣသရေလအမျိုးတို့၏ဘုရားသခင်သည် အဲဂုတ္တုပြည်သားများကို စစ်မှန်သောဘုရားသခင်ဖြစ်ကြောင်းပြခြင်းဖြစ်သည်။ အခြားသောနိုင်ငံသားတို့အား ၎င်းတို့၏ဘုရားများကိုစွန့်ကာ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန် တောင်းဆိုသောနည်းလမ်းလည်းဖြစ်သည်။

ဖါရောဘုရင်သည် ဘုရားသခင်နှင့်ဆန့်ကျင်ပြီး ရွေးချယ်မှုကိုပြုလုပ်သည်မှာရှင်း၏။ ထိုကြောင့် ဘုရားသခင်သည် ဖါရောဘုရင်၏စိတ်ကိုမာကျောစေခြင်းဖြင့် ကယ်တင်ခြင်းရရန် အခွင့်အရေးများဖြတ်တောက်လိုက်ခြင်းမဟုတ်ပါ။ ဖါရောဘုရင်၏စိတ်မာကျောသည်မှာဣသရေလအမျိုးကိုလွှတ်ရန် ငြင်းဆန်ခြင်းပင်ဖြစ်သည်။ သူ့စိတ်သည် ဘုရားသခင်၏ကယ်တင်ခြင်းနှင့်ဆန့်ကျင်မာကျောခြင်းမဟုတ်ပါ။

မှန်ပါ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်များကိုအမြဲတစေနားလည်နိုင်စွမ်းမရှိပါ။ သို့သော် ခရစ်တော်သည် ဘုရားသခင်ဘယ်ကဲ့သို့ဖြစ်ကြောင်းကို လာရောက်ပြသခဲ့သည်။ (ယော ၁၄း၉)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ခြင်းအကြောင်းပြသခဲ့သည့်ခရစ်တော်၏စရိုက်ကို အမြဲစဉ်းစားရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။ ဘုရားသခင်၏စရိုက်ကိုသိခြင်းဖြင့် တရားမျှတ

မှုမရှိသောအခက်အခဲများကို သစ္စာရှိစွာတည်ကြည်နိုင်ရန် ကျွန်ုပ်တို့အား ဘယ်ကဲ့သို့ကူညီထောက်ပံ့ပါသနည်း။

**ဗုဒ္ဓဟူး စက်တင်ဘာ ၁**

**ငါ၏လူ။ (ရောမ ၉:၂၅-၂၉)။**

(ရောမ ၉:၂၅) တွင် ပေါလုသည် (ဟောရှေ ၂:၂၃) ကို ရည်ညွှန်းသည်။ အခန်းငယ် (၂၆) တွင် (ဟောရှေ ၁:၁၀) ကို ရည်ညွှန်းသည်။ နောက်တွင် ဘုရားသခင်သည် 'ပြည့်တန်ဆာမိန်းမ' ကိုသိမ်းပိုက်ရန် ဟောရှေအားမိန့်တော်မူရာ၌ ဘုရားသခင်နှင့်ဣသရေလ အမျိုးတို့၏ဆက်နွှယ်မှုကို ပုံပမာပြရန်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဣသရေလအမျိုးတို့သည် မှားယွင်းသောဘုရားသခင်များကို ဝတ်ပြုကိုးကွယ်ခြင်းကြောင့်ဖြစ်သည်။

(ရောမ ၉:၂၅-၂၉) ကိုဖတ်ပါ။ (ရောမ ၉:၂၅-၂၉) တွင် ပေါလုဓမ္မဟောင်းကျမ်းကို ရည်ညွှန်းသည်ကိုသတိပြုပါ။ သူ့ခေတ်သူ့ကာလ၌ ဖြစ်ပေါ်နေသည့်အရာများကို ညွှန်ပြရန် ဤကဲ့သို့ပြုလုပ်ခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်များတွင် အခြေခံသဘောတူညီသည့် သတင်းစကားကား အဘယ်နည်း။ စာဖတ်သူများအား မည်သည့်မျှော်လင့်ခြင်းကို ကမ်းလှမ်းသနည်း။

ပေါလု၏အချို့သောမိတ်ဆွေနှင့် အိမ်နီးချင်းများသည် ဧဝံဂေလိတရားကို လက်ခံရန်ငြင်းဆိုခြင်းသည် ပေါလုကိုအလွန်စိတ်မကောင်းဖြစ်စေသည်။ (ရောမ ၉:၂) ကိုဖတ်ပါ။ သို့သော် သစ္စာရှိသောလူအနည်းစုကားရှိ၏။ ကျွန်ုပ်တို့ကတိမတည်သော်လည်း ဘုရားသခင်၏ကတိတော်များသည် ဘယ်သောအခါမျှမပျက်သုဉ်းပါ။



အချိန်ရောက်လာသည်နှင့်အညီ ဘုရားသခင်၏ကတိတော်များသည် ပြည့်စုံလာမည်ဆိုသည့်ကတိမှာ ကျွန်ုပ်တို့ရရှိထားသည်။ အကယ်၍သာ ဤကတိတော်များကို ကျွန်ုပ်တို့အတွက် ရယူလိုပါက ထိုကတိတော်များသည် ပြည့်စုံလိမ့်မည်ဖြစ်၏။

လူတို့သည် သင့်အားမည်မျှနစ်နာပျက်ကွက်စေခဲ့သနည်း။ သင်သည်လည်း မိမိကိုယ်နှင့်သူတစ်ပါးအား မည်မျှဆုံးရှုံးနစ်နာစေခဲ့သနည်း။ သင်မရေမတွက်နိုင်သည့်အကြိမ်ပေါင်းဖြစ်ကောင်းဖြစ်နိုင်မည်။ မှန်ပါသလား။ ဤဆုံးရှုံးမှုများမှသင်၏ယုံကြည်ကိုးစားမှု ဘယ်နေရာတွင် ရပ်တည်ရန်လိုအပ်သည်ကို သင်ဘယ်ကဲ့သို့သင်ခန်းစာယူနိုင်မည်နည်း။

**ကြာသပတေး စက်တင်ဘာ ၂**

**ထိမိ၍လဲခြင်း။ (ရောမ ၉:၃၀-၃၂)။**

(ရောမ ၉:၃၀-၃၂) တွင် မည်သည့်သတင်းစကားရှိသနည်း။ ခရစ်တော်သည် ၎င်းတို့တောင့်တမျှော်မှန်းသည့်မေရှိယဖြစ်သင့်သည် အတိုင်းအတာနှင့်မကိုက်ညီကြောင်း ဣသရေလလူမျိုးတို့ခံစားရသည်။ ထို့ကြောင့် ခရစ်တော်ကြွလာသောအခါ သူ့အားနောက်ကျောလှည့် လိုက်သည်။

ဤအခန်းကြီး (၉) မဆုံးမီ ပေါလုသည် ဓမ္မဟောင်းကျမ်း တစ်ပိုဒ်ကို ရည်ညွှန်းခဲ့သည်။ "ကျမ်းစာလာသည်ကား ထိမိ၍လဲစရာ ကျောက်၊ မှားယွင်းစရာကျောက်ကို ဇိအုန်တောင်ပေါ်မှ ငါချထား၏။ ထိုကျောက်ကိုအမှီပြုသောသူမူကား၊ ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု လာသည်နှင့်အညီ ထိုကျောက်ကိုဣသရေလလူတို့သည် ထိမိ၍လဲ ကြ၏။" (ရောမ ၉:၃၃)။

လူတို့ထိမိ၍လဲစေသောကျောက်၊ သို့သော် ထိုကျောက်ကို ယုံကြည်သောသူမူကား၊ ရှက်ကြောက်ခြင်းသို့မရောက်။ မှန်ပေ၏။ များစွာသောသူတို့အတွက် ခရစ်တော်သည် ထိမိ၍လဲစရာကျောက်ဖြစ်၏။ သို့သော် သူ့ကိုသိသောသူ၊ သူ့ကိုချစ်သောသူတို့အတွက် သူသည် အခြားသောကျောက်ဖြစ်သည်။ "အကျွန်ုပ်ကယ်တင်ရာကျောက်ဖြစ်တော်မူ၏။" (ဆာလံ ၈၉း၂၆)။

သင်သည် သခင်ယေရှုခရစ်တော်ကို "ထိမိ၍လဲစရာကျောက်" (သို့မဟုတ်) "စော်ကားမော်ကားကျောက်" ဟု တွေ့မြင်ခဲ့ဖူးပါသလား။ မြင်ခဲ့သော် ဘယ်ကဲ့သို့နည်း။ သင့်အားထိုကဲ့သို့သောအခြေအနေကို ရောက်ရှိရန် ဘယ်အရာသည် သင့်ကိုပို့ဆောင်သနည်း။ ထိုအခြေအနေမှသင်မည်ကဲ့သို့ရုန်းထွက်သနည်း။ ခရစ်တော်နှင့်တစ်ဖန်ပုန်ကန်မှုဘယ်သောအခါမျှမဖြစ်စေရန် သင်ဘယ်ကဲ့သို့သင်ခန်းစာရသနည်း။

## သောကြာ စက်တင်ဘာ ၃

### ထပ်ဆင့်လေ့လာရန်။

"ဘုရားသခင်၏စရိုက် (သို့မဟုတ်) ၎င်း၏အလုပ်ကို အဘယ်သို့သောလူသား၏စိတ်မျှ ပြည့်စုံစွာနားလည်နိုင်စွမ်းမရှိပါ။ ခွန်အားအကြီးမားဆုံးနှင့်ပညာရည်အမြင့်ဆုံးသောသူ၊ ခွန်အားအနည်းဆုံးနှင့်ပညာကင်းမဲ့ဆုံးသောသူတို့၏စိတ်တို့တွင် ဘုရားသခင်သည် လျှို့ဝှက်ဝတ်ရုံဖြင့် လွှမ်းခြုံကာရှိမည်ဖြစ်၏။ "မိုးတိမ်နှင့်မှောင်မိုက်တို့သည် ထာဝရဘုရားသခင်၏ပတ်ဝန်းကျင်၌ ရှိကြ၏။" (ဆာလံ ၉၇း၂)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ကိုင်တွယ်သည့်အထိသာလျှင် ကျွန်ုပ်တို့နားလည်နိုင်မည်ဖြစ်၏။ အကန့်အသတ်မရှိသည့်တန်ခိုးနှင့်ချည်နှောင်ထားသောသူ၏ကရုဏာတော်ကို ဘယ်သောအခါမျှပြည့်စုံစွာနားလည်နိုင်မည်မဟုတ်ပါ။ သူ၏ရည်ရွယ်ချက်များကို ကျွန်ုပ်တို့နားလည်နိုင်စွမ်းရှိသရွေ့သာ နားလည်နိုင်မည်ဖြစ်၏။ ဤသည်ထက်ကျော်လွန်၍ ချစ်ခြင်းနှင့်ပြည့်ဝသောနှလုံးသား၊ အလုံးစုံသောတန်ခိုးနှင့်ပြည့်ဝသောလက်တော်ကို ကျွန်ုပ်တို့ကိုးစားနိုင်ဆဲပင်ဖြစ်၏။" E.G.White, Education, p. 169 မှကောက်နုတ်သည်။



–၀–

## သင်ခန်းစာ (၁၁)
## ကျေးဇူးတော်၏ရွေးချယ်ခြင်း
စက်တင်ဘာ ၄ – ၁၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာ ၄**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမအဆုံးအမစာ ၁၀။ ၁၁)

**အလွတ်ကျမ်းချက်**

**“သို့ဖြစ်လျှင် ဘုရားသခင်သည် မိမိလူမျိုးကိုပယ်တော်မူပြီလောဟုမေးသော် ပယ်တော်မမူဟုဆိုရ၏။ ငါပင်ဣသရေလလူဖြစ်၏။ အာဗြဟံအမျိုး၊ ဗယ်္ာမိန်အနွယ်ဖြစ်၏။” (ရောမ ၁၁း၁)။**

ယခုအပတ် (ရောမအဆုံးအမစာ ၁၀ နှင့် ၁၁ ကို လေ့လာမည်ဖြစ်သည်။ သို့သော် ရောမအဆုံးအမစာ ၁၁ ကို အထူးအလေးထားလေ့လာမည်ဖြစ်သည်။ ကျမ်းပိုဒ်အခန်းကြီး (၂) ပိုဒ်လုံးကိုဖတ်မှသာလျှင် ပေါလု၏တွေးခေါ်သည့်လမ်းကြောင်းပေါ်ဆက်လက်လိုက်လျှောက်နိုင်မည်ဖြစ်၏။

ဤကျမ်းပိုဒ်အခန်းကြီး ၁၀ နှင့် ၁၁ သည် များစွာသောအရေးကြီးသည့်ဆွေးနွေးချက်များရှိပြီး ထိုကဲ့သို့ဆက်လက်တည်ရှိနေအုံးမည်ဖြစ်သည်။ သို့သော် ၎င်းတို့အချက်များအနက် တစ်ခုသောအရာသည် အလွန်ပေါ်လွင်ထင်ရှားသည်။ ၎င်းအချက်သည် လူတို့ကိုဘုရားသခင်ချစ်တော်မူ၏ဆိုသည့်အချက်ပင်တည်း။



ဤအချက်နှင့်ဆက်ပြီး ပေါလုသည် (ရောမ ၁၁) တွင်ဆက်လက်ဆွေးနွေးသည်။ ရွေးချယ်ခေါ်တော်မူခြင်းအကြောင်းနှင့်ပေါလုပြောနေသည်မှာ ကယ်တင်ခြင်းအကြောင်းပြောနေခြင်းမဟုတ်ပါ။ သူသည် ဘယ်ကဲ့သို့လောကကိုရောက်ရှိရန် ဘုရားသခင်၏စီမံကိန်းအခန်းကဏ္ဍအကြောင်းကို ပြောနေခြင်းဖြစ်သည်။ ဘယ်သို့သောအဖွဲ့ကိုမျှ ကယ်တင်ခြင်းရရှိရန် မငြင်းပယ်ပါ။ ကပ်တိုင်ပြီးသည်နောက် ပေါလုသည် တစ်ပါးအမျိုးသားများထံသို့ ဧဝံဂေလိသတင်းစကားကို ဖြန့်ဝေခဲ့သည်။ ထိုနောက် ယုံကြည်သူများ၏ဦးစွာသောလှုပ်ရှားမှုသည် ကမ္ဘာလောကတစ်ခုလုံးကို ခရစ်ယာန်သာသနာပြုရန်၊ ဂျူးနှင့်တစ်ပါးအမျိုးသားများတို့သည် တာဝန်ယူခဲ့ကြသည်။

**တနင်္ဂနွေ** **စက်တင်ဘာ ၅**

**ပညတ်တရား၏ရည်ရွယ်ချက်။ (ရောမ ၁၀း၁–၄)။**

(ရောမ ၁၀း၁–၄) တွင် ပါဝင်သည့်သတင်းစကားသည် အဘယ်အရာနည်း။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း၌သာ ကြိုးစားယုံကြည်ခြင်းဖြင့် ယနေ့ကျွန်ုပ်တို့ဘယ်ကဲ့သို့အန္တရာယ်ဖြစ်နိုင်သနည်း။

(ရောမ ၁၀း၄) သည် ရောမမြို့သားတို့အားပေးသောပေါလု၏အခြေခံသတင်းစကားများရှင်းလင်းသည့် အရေးကြီးသောကျမ်းပိုဒ်တစ်ခုဖြစ်သည်။

လူတစ်ဦးသည် ပညတ်တော် (၁၀) ပါးကို လိုက်လျှောက်ရန်မလိုတော့ပြီဟုထင်မည်။ သို့သော် ဤအချက်သည် ပညတ်တော် (၁၀) ပါးကိုပယ်ရှားလိုက်ခြင်းမဟုတ်၊ လူ့ကျင့်ဝတ်တရားသည် ကျွန်ုပ်တို့၏အပြစ်၊ အမှားအယွင်းနှင့်အားနည်းချက်တို့ကို ညွှန်ပြသည်။

ကျွန်ုပ်တို့ကယ်တင်ရှင်လိုအပ်ကြောင်း၊ အပြစ်မှခွင့်လွှတ်ခြင်းလိုအပ်ကြောင်း၊ ဖြောင့်မတ်ခြင်းတရားကို လိုအပ်ခြင်းသို့ပို့ဆောင်သည်။ သို့သော် ဤအရာအားလုံးသည် ခရစ်တော်၌သာ တွေ့ရှိနိုင်သည်။ တစ်နည်းဖြင့်ဆိုရသော် ခရစ်တော်သည် ပညတ်တရား၏နဂိုးဖြစ်သည်။ ပညတ်တရားသည် သူ့ထံသို့နှင့်သူ၏ဖြောင့်မတ်ခြင်းသို့ ပို့ဆောင်သည်။ ခရစ်တော်သည် ပညတ်တရားရည်ရွယ်ချက်၏အပြီးသတ်ဖြစ်သည်။ ပညတ်တရား၏အဓိကရည်ရွယ်ချက်သည် ကျွန်ုပ်တို့ကိုသခင်ယေရှုထံသို့ ပို့ဆောင်ရန်ပင်ဖြစ်၏။

## တနင်္လာ စက်တင်ဘာ ၆

## ကျေးဇူးတော်ဖြင့်ရွေးကောက်ခြင်း။ (ရောမ ၁၁း၁–၇)။

(ရောမ ၁၁း၁–၇) တွင် မည်သည့်တူညီသောသွန်သင်ချက်များကိုရှင်းလင်းစွာငြင်းဆန်ထားသနည်း။

ခရစ်ယာန်တို့၏အစောပိုင်း၌ ယုံကြည်သူများသည် ဂျူးများအားလုံးဖြစ်သည်ကိုသတိရသင့်သည်။ ထိုသူတို့သည် ပင်တေကုတ္တေနေ့၌ ပြောင်းလဲခြင်းခံရသောသူများဖြစ်သည်။ တစ်ပါးအမျိုးသားများသည် ခရစ်တော်၏ကျေးဇူးတော်တရားကိုလည်း ရပိုင်ခွင့်ရှိသည်ကို ပေတရုနားလည်အောင်ပြောရန် အထူးဖော်ပြချက်နှင့်နိမိတ်လက္ခဏာလိုအပ်၏။ (တမန် ၁၀။ ၁၅း၇–၉) ကိုလည်းဖတ်ပါ။ ပေတရုသည်လည်း တစ်ပါးအမျိုးသားများဧဝံဂေလိတရားကို လက်ခံပိုင်ခွင့်ရှိသည်ကိုလည်း နားလည်သည်။

(ရောမ ၁၁း၇–၁၀) ကိုဖတ်ပါ။ သခင်ယေရှုကိုငြင်းပယ်ခြင်းကြောင့် ဘုရားသခင်သည် ဣသရေလအမျိုးသားများကို ကယ်တင်



ခြင်းရရန် မျက်စိကန်းစေသည်ဟု ပေါလုပြောဆိုနေပါသလား။ ထိုသဘောတရားသည် အဘယ်ကြောင့် မှားနေပါသနည်း။ ဤကျမ်းပိုဒ်များကိုနားလည်ရန် ကျွန်ုပ်တို့သည် (ရောမ ၉) ၏ရှင်းလင်းချက်ကိုနားလည်ရန်အတွက် သတိရရန် လိုအပ်သည်။ ပေါလုသည် လူတချို့တို့၏ကယ်တင်ခြင်းအကြောင်းကို ပြောနေခြင်းမဟုတ်ပါ။ ဘုရားသခင်သည် ကယ်တင်ခြင်းအတွက် ဘယ်သို့သောလူတစ်စုလုံးကိုမျှငြင်းပယ်ခြင်းမလုပ်ပါ။ ဤအကြောင်းအရာသည် ဤလူများဘုရားသခင်၏အလုပ်ကို ဘယ်ကဲ့သို့လုပ်သည့်အပေါ်မူတည်သည်။

လူတစ်စုကိုတပေါင်းတည်းကယ်တင်ရန် ဘုရားသခင်သည် ငြင်းပယ်သည်ဆိုသည့်သဘောသည် ဘယ်ကဲ့သို့မှားနေသနည်း။ အဘယ်ကြောင့် ဤအချက်သည် ဧဝံဂေလိတရား၏သွန်သင်ချက်တစ်ခုလုံးနှင့်ဆန့်ကျင်သနည်း။

## အင်္ဂါ စက်တင်ဘာ ၇

## ကိုင်းဆက်ထားသည့်အကိုင်း။ (ရောမ ၁၁း၁၁–၁၅)။

(ရောမ ၁၁း၁၁–၁၅) တွင် ပေါလုမည်သည့်ကြီးစွာသောမျှော်လင့်ခြင်းကိုပေးသနည်း။

ပေါလုသည် ဂျူးလူမျိုးတို့အား ခေတ္တခဏသာစွန့်ထားခြင်းကိုခံရပြီး ထိုနောက်၎င်းတို့အား အပြည့်အဝပြန်လည်လက်ခံမည်ဟု မျှော်မှန်းထားသည်။

(ရောမ ၁၁း၁၆–၂၄) တွင် ပေါလုမည်သည့်အကြောင်းကိုပြောနေသနည်း။

ပေါလုသည် ဣသရေလအမျိုး၌ ယုံကြည်သူလူနည်းစုကလေးကို ကောင်းသောသံလွင်ပင်နှင့် နှိုင်းယှဉ်ထားသည်။ ဤအပင်၌ယုံကြည်သောတစ်ပါးအမျိုးသားများတို့သည် ကိုင်းဆက်ပေးခြင်းခံရသည်။ သခင်ယေရှုကိုမယုံကြည်သောသူများခံရသကဲ့သို့ မယုံကြည်သောဂျူးလူမျိုးများလည်း ခံရမည်ဖြစ်၏။ ကျမ်းစာတော်မြွတ်သည် "တစ်ကြိမ်ကယ်တင်ခြင်းရခြင်းဖြင့် အမြဲကယ်တင်ခြင်းရပြီ" ဆိုသည့်သဘောတရားကို သွန်သင်ခြင်းမပြုပါ။ ဘုရားသခင်သည် ကယ်တင်ခြင်းကို လွတ်လပ်စွာပေးသကဲ့သို့ လူတို့သည်လည်း ကယ်တင်ခြင်းကိုလွတ်လပ်စွာငြင်းပယ်နိုင်သည်။

မည်သည့်ယုံကြည်သူတစ်ဦးတစ်ယောက်မျှ မိမိသည်သူတစ်ပါးထက်ကောင်းမြွတ်သည် (သို့မဟုတ်) သူတစ်ပါးထက်ပို၍တော်သည်ဟု ဝါကြွားခြင်းမပြုသင့်ပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် အဖိုးအခပေး၍ရသည်မဟုတ်၊ ကျွန်ုပ်တို့အားဆုလက်ဆောင်မွန်အဖြစ်ပေးခြင်းဖြစ်သည်။ ကပ်တိုင်ရှေ့၌ဘုရားသခင်၏သန့်ရှင်းခြင်း "စံ" သည် ကျွန်ုပ်တို့အားလုံး ညီတူညီမျှဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကရုဏာတော်ကိုလိုအပ်သောအပြစ်သားများသာဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည်သန့်ရှင်းခြင်းကို ကျေးဇူးတော်တစ်ခုတည်း၌သာ ရရှိမည်ဖြစ်၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ခရစ်တော်ပေါ်၌ လုံးလုံးလျားလျားမှီခိုနေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်မပါလျှင်ဤလောကမှပေးနိုင်သောအရာထက် မကျော်သည့်မျှော်လင့်ခြင်းကိုသာရရှိမည်ဖြစ်သည်။



**ဗုဒ္ဓဟူး စက်တင်ဘာ ၈**

**လျှို့ဝှက်ချက်ကိုဖော်ပြခြင်း။ (ရောမ ၁၁:၂၅–၂၇)။**

ဤကျမ်းများအပေါ် ခရစ်ယာန်တို့သည် နှစ်ပေါင်းများစွာဆွေးနွေးငြင်းခုံနေကြသည်။ သို့သော် အချို့သောအချက်များသည်ရှင်း၏။ စပြောရန်အတွက် ခေါင်းစဉ်သည် ဘုရားသခင်သည် တစ်ပါးအမျိုးသားတို့ကိုလက်လှမ်းခေါ်ယူခြင်းဖြစ်၏။ ပေါလုပြောဆိုနေသည်မှာ ကျမ်းပိုဒ်အခန်းအစက ပေးထားသောမေးခွန်း၏အဖြေဖြစ်သည်။ "ဘုရားသခင်သည် မိမိလူတို့ကိုပယ်တော်မူမည်လော" ပေါလု၏အဖြေသည် "ပယ်တော်မမူဟု ငါဆို၏" ၎င်း၏ရှင်းလင်းချက်သည်– (၁)။ ထိုသို့ဖြစ်ခြင်းသည် တစ်စိတ်တစ်ပိုင်းသာဖြစ်သည်။ (၂)။ ထိုသို့ဖြစ်ခြင်းသည် တိုတောင်းသည့်ကာလမျှသာကြာမြင့်မည်။ "တစ်ပါးအမျိုးသားအပေါင်းတို့သည် မဝင်မီတိုင်အောင်" သာကြာမြင့်မည်။

"တစ်ပါးအမျိုးသားအပေါင်းတို့သည် မဝင်မီတိုင်အောင်" ဆိုသည်မှာ အဘယ်နည်း။ ဧဝံဂေလိတရားဟောကြားရန် အမိန့်ပြည့်စုံသည့်အခါဟု များစွာသောသူတို့သည် အနက်ယူကြသည်။ ဤအချက်သည် ဧဝံဂေလိတရား၊ တစ်လောကလုံးကကြားပြီးသောအချိန်ဟုလည်း အနက်ဆောင်သည်။

ဂျူးလူမျိုးတို့၏ခရစ်ယာန်ယုံကြည်ခြင်းအရင်းအမြစ်ကို အချိန်အနည်းငယ်ယူပြီး စဉ်းစားပါ။ ဂျူးတို့၏ဘာသာရေးကိုသေချာစွာလေ့လာခြင်းဖြင့် သင်၏ခရစ်ယာန်ယုံကြည်ခြင်းကို ပိုမိုနားလည်ရန်ဘယ်ကဲ့သို့ထောက်ကူပြုသနည်း။

## ကြာသပတေး — စက်တင်ဘာ ၉

**အပြစ်သားများ၏ကယ်တင်ခြင်း။ (ရောမ ၁၁း၂၈–၃၆)။**

ဂျူးလူမျိုးတို့အတွက်သာမဟုတ်ဘဲ လူအပေါင်းတို့အတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုပြရန် (ရောမ ၁၁း၂၈–၃၆) တွင် ပေါလုဘယ်ကဲ့သို့ဖေါ်ပြသနည်း။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးနှင့်၎င်း၏အံ့ဩဖွယ်ကောင်းလှသောလျှို့ဝှက်ချက်ကို ပေါလုဘယ်ကဲ့သို့ပြသနည်း။ ဤကျမ်းပိုဒ်များသည် ဂျူးနှင့်တစ်ပါးအမျိုးသားများ ထူးခြားစွာကွာခြားချက်ကို ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။ သို့သော် အချက်တစ်ခုကား ရှင်း၏။ ဘုရားသခင်၏ကရုဏာ၊ ချစ်ခြင်းနှင့် ကျေးဇူးတော်သည် အပြစ်သားအားလုံးအပေါ်သို့ကျရောက်သည်။ ကမ္ဘာဦးမစမီကပင် ဘုရားသခင်၏အကြံအစည်သည် လူတို့ကို ကယ်တင်ရန်နှင့်သူ၏အကြံအစည်ပြည့်စုံစေရန် အခြားလူသားများ၊ နိုင်ငံအရပ်ရပ်တို့ကိုပင် သူ၏လက်နက်အဖြစ် အသုံးပြုမည်ဖြစ်၏။

ကျမ်းအပိုဒ်ငယ် (၃၁) ကိုဆုတောင်းခြင်းဖြင့် သေချာစွာ ဖတ်ရှုပါ။ ဂျူးလူမျိုးများသာမက ကျွန်ုပ်တို့မြင်သူအားလုံးကို ဤကျမ်းပိုဒ်မှသက်သေခံခြင်းအကြောင်းကို မည်သည့်အရေးကြီးသည့် အချက်ကို ကျွန်ုပ်တို့သင်ကြားရယူမည်နည်း။

ခရစ်တော်၌ပေးသည့်ကရုဏာကို ခရစ်ယာန်များအားလုံး လက်ခံရန် အလွန်အရေးကြီးပါသည်။ အခြားသူများကိုလည်း ကရုဏာတရားပြရန်လည်း လိုအပ်ပါသည်။ ဤကဲ့သို့မပြုသော် ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်မည်မဟုတ်ပါ။ (မဿဲ ၁၈း၂၃–၃၆) ကို ဖတ်ပါ။



သင်သည် မထိုက်တန်သောသူတစ်ဦးကို ကရုဏာပြသရန် လိုအပ်သည်ဆိုသောလူအချို့ရှိပါသလား။ မည်ကဲ့သို့ပင်ခက်ခဲစေကား ထိုသူအား အဘယ်ကြောင့်ကရုဏာမပြနိုင်သနည်း။ ဤကဲ့သို့ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပြုလုပ်ခဲ့သည်မဟုတ်လော။

## သောကြာ — စက်တင်ဘာ ၁၀

**ထပ်ဆင့်လေ့လာရန်။**

"ဂျူးလူမျိုးထဲ၌ တာရှမြို့သားရှောလု (ပေါလု) ကဲ့သို့ ကျမ်းစာတော်မြတ်ကိုလေ့လာသောခွန်အားကြီးသည့်ပုဂ္ဂိုလ်များလည်း ရှိသည်။ သူတို့သည် ဘုရားသခင်၏ဖြောင့်မတ်သောပညတ်တရားကို အံ့ဩဖွယ်ကောင်းလှသည့်ခွန်အားဖြင့် ဟောပြောကြသည်။––– ကြာမြင့်စွာမေ့ပျောက်နေသောသူများအတွက် ခရစ်တော်ဆောင်ရွက်သကဲ့သို့ ခရစ်တော်၏အစေများသည် ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ခဲ့ရာ သူ၏ကယ်တင်ခြင်းကိုပြသမည်ဖြစ်၏။" E.G.White, The Acts of the Apostles, p. 381 မှကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၁၂)
## ချစ်ခြင်းမေတ္တာနှင့်ပညတ်တရား
စက်တင်ဘာ ၁၁ – ၁၇

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာ ၁၁**
**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ (၁၂ နှင့် ၁၃)။

**အလွတ်ကျမ်းချက်**
**"သင်တို့သည် လောကပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော၊ ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည့်အကြောင်း စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ကြလော့။" (ရောမ ၁၂:၂)။**

ပေါလုသည် ရောမမြို့သားတို့အား မှားယွင်းသောပညတ်တရား၏သဘောများကို စွန့်လွှတ်ကြရန် တိုက်တွန်းခဲ့သည်။ သို့သော် သူသည် ခရစ်ယာန်များအားလုံးကို အဆင့်မြင့်သည့်နားထောင်ခြင်းသို့လည်း ခေါ်ယူသည်။ ဤနားထောင်ခြင်းသည် အကျင့်မပါဘဲလျက် မဖြစ်နိုင်ပါ။

အကျင့်သည် ခရစ်ယာန်တို့၏ကြီးသောယုံကြည်ခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ ပေါလုသည် အကျင့်တရားမလိုအပ်ဟု ဘယ်သောအခါမျှမဆိုလိုပါ။ ရောမ ၁၃၊၁၄ နှင့် ၁၅ တွင် ယုံကြည်





ခြင်းအတွက် အလုပ်သည် မည်မျှအရေးကြီးကြောင်းကို သူပြသခဲ့သည်။ ဤအချက်သည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းကိုငြင်းဆန်သည်ဟု မဆိုလိုပါ။ အကျင့်သည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းကိုပြသည့်နည်းဖြစ်၏။ မည်ကဲ့သို့ကောင်းစွာနေထိုင်ရန် ပုံသက်သေကို ဓမ္မသစ်အချိန်ရှိ ခရစ်ယာန်များကိုပေးခဲ့သည်။ ဤပုံပမာကား ခရစ်တော်ပင်ဖြစ်သည်။ သူသည်သာလျှင် ကျွန်ုပ်တို့လိုက်လျှောက်ရမည့်ပုံပမာဖြစ်သည်။ "ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။" (ဖိလိပ္ပိ ၂:၅)။ ထိုထက်မြင့်သောအဆင့်ရှိမည်မဟုတ်ပါ။

**တနင်္ဂနွေ** **စက်တင်ဘာ ၁၂**
**အသက်ရှင်သောယဇ်။ (ရောမ ၁၂:၁)။**

ကျွန်ုပ်တို့မည်ကဲ့သို့နေထိုင်ရမည့်ပုံပမာကို (ရောမ ၁၂:၁) က ဖေါ်ပြထားသနည်း။ ဤအချက်နှင့် (ရောမ ၁၂:၂) သည် ဘယ်ကဲ့သို့ဆက်နွယ်နေသနည်း။

(ရောမ ၁၂:၁) တွင် ပေါလုသည် ဓမ္မဟောင်းခေတ်၏ ယဇ်ပူဇော်ခြင်းအကြောင်းများကို ပြောနေသည်။ ဓမ္မဟောင်းခေတ်တွင် သတ္တဝါများကို ဘုရားသခင်ထံယဇ်ကောင်အဖြစ် ပူဇော်သည်။ သို့သော် ယခုခရစ်ယာန်များသည် မိမိကိုယ်ကိုဘုရားသခင်ထံအပ်နှံသင့်သည်။ အသက်ရှင်သောယဇ်အဖြစ် ဘုရားသခင်ကို အစေပြုရမည်။

သမ္မာကျမ်းစာခေတ် ဣသရေလလူမျိုးတို့အချိန်၌ ပူဇော်ရန်အသုံးပြုမည့်ယဇ်ကောင်များကို သေချာစွာစစ်ဆေးရကြမည်။ ထိုယဇ်ကောင်သည် မစုံလင်ပါက ပယ်ခြင်းကိုခံရသည်။ အဘယ်ကြောင့်

ဤသို့ဖြစ်ရသည်ဆိုသော် ဘုရားသခင်၏အမိန့်တော်သည် ယဇ်ကောင်မှာအပြစ်ကင်းမဲ့ပြီးပြည့်စုံရမည်ဖြစ်သည့်အတွက်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ခရစ်ယာန်များကို မိမိတို့၏ကိုယ်ခန္ဓာအား ကောင်းမြတ်ခြင်း၊ စုံလင်ခြင်း၊ ဘုရားသခင်အလိုရှိသည့်အတိုင်း အပ်နှံပူဇော်ရန်ဖြစ်၏။ ဤကဲ့သို့ပြုလုပ်နိုင်ရန် သူတို့၏ခွန်အားများကို အကောင်းဆုံးအခြေအနေမှာထားရှိရမည်။ ကျွန်ုပ်တို့တစ်စုံတစ်ယောက်မျှစုံလင်ခြင်းမရှိပါ။ သို့သော် ကျွန်ုပ်တို့သည် သစ္စာရှိနိုင်သရွေ့ရှိရန် ကြိုးစားနေထိုင်သင့်သည်။

ကျွန်ုပ်တို့၏အပြစ်နှင့်မှားယွင်းမှုများအတွက် ဆင်ခြေပေးရန် အမြဲလွယ်ကူပါသည်။ ထပ်တလဲလဲထိုထောင်ချောက်အတွင်း၌ကျခဲ့ရာ သင်၏ရိုးနေသောဆင်ခြေကား အဘယ်နည်း။ ဆင်ခြေများကို ပယ်ထားပြီး ကတိတော်များကို ခံယူရရှိရန် အချိန်တန်ပြီမဟုတ်လော။ ဘုရားသခင်၏တန်ခိုးတော်သည် နောက်ဆုံးသင်၏ဆင်ခြေမှုများထက် ကြီးမြတ်ပါသည်။

## **တနင်္လာ** **စက်တင်ဘာ ၁၃**

## **မိမိကိုယ်ကိုဆင်ခြင်ခြင်း။ (ရောမ ၁၂:၃–၂၁)။**

ဤကွာတာတွင် ဘုရားသခင်၏ပညတ်တရားသည် ထာဝရရပ်တည်နေကြောင်း များစွာပြောခဲ့ပြီးဖြစ်၏။ ပညတ်တော်ဆယ်ပါးကို ရောမအဆုံးအမစာတွင် ဖယ်ရှားလိုက်သည်မှာမဟုတ်ကြောင်း ပေါလုထပ်တလဲလဲသူ၏သတင်းစကားမှညွှန်ပြခဲ့ပြီ။

သို့သော် ကျွန်ုပ်တို့သည် ပညတ်တရားစကားအပေါ် အလွန်အာရုံစိုက်ခြင်းဖြင့် နောက်ခံ၌ရှိသောဝိညာဉ်ကို မေ့ပျောက်ခဲ့သည်။



ပညတ်တရားနောက်၌ မေတ္တာတရားဖြစ်သည်ကို မေ့နေမည်ဖြစ်၏။ ချစ်ခြင်း၏ပညတ်တရားသည် ဘုရားသခင်ကို ချစ်ခြင်းနှင့်တစ်ယောက်နှင့်တစ်ယောက်ချစ်ခြင်းဖြစ်သည်။ နေ့စဉ်အသက်တာ၌ ထိုချစ်ခြင်းကိုပြသနေသည်မှာ မှန်ကန်သည့်စစ်ဆေးခြင်းပင်ဖြစ်၏။ (ရောမ ၁၂:၃–၂၁) အရ ကျွန်ုပ်တို့သည် သူတစ်ပါးကိုဘယ်ကဲ့သို့ချစ်ခြင်းမေတ္တာပြရမည်နည်း။ ဝိညာဉ်တော်၏ဆုကျေးဇူးတော်ကို ကိုင်တွယ်ပြီးနောက် ပေါလုသည် ချစ်ခြင်းမေတ္တာကို ဂုဏ်ပြုလိုက်သည်။ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (၁ယော ၄:၈)။ ချစ်ခြင်းသည် ဘုရားသခင်၏စရိုက်ကိုဖော်ပြသည်။ ချစ်ခြင်းဆိုသည်မှာဘုရားသခင်ပြုမူသကဲ့သို့ အခြားသူကိုပြုမူပြီး ဘုရားသခင်ဆက်ဆံသကဲ့သို့ အခြားသူတို့ကို ကျွန်ုပ်တို့ဆက်ဆံရမည်ဖြစ်၏။

ဤနေရာတွင် ပေါလုက ချစ်ခြင်းမေတ္တာသည် ဘယ်ကဲ့သို့ဖြစ်ပြီး ဘယ်ကဲ့သို့အသုံးဝင်သောနည်းဖြင့် အသုံးပြုသင့်ကြောင်းပြသည်။ အရေးကြီးသည့်စည်းမျဉ်းတစ်ခုပါလာသည်။ ထိုစည်းမျဉ်းသည် ကိုယ်ကိုနှိမ့်ချခြင်းပင်ဖြစ်သည်။ "သင်တို့သည် ကိုယ်ကိုထင်သင့်သည်အတိုင်းထက်လွန်၍ မထင်ဘဲ" (ရောမ ၁၂:၃) ၌ဆိုထားသည်။ ဆိုလိုသည်မှာ "ညီအစ်ကိုချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တစ်ယောက်ကိုတစ်ယောက်စုံမက်ကြလော့။" (ငယ် ၁၀)။ ထိုနောက် "အချင်းချင်းစိတ်သဘောတညီတညွတ်တည်းရှိကြ" ရမည်။ (ငယ် ၁၆)။ ခရစ်တော်မိမိကိုယ်ကိုပြောသည့်စကားကို ကျွန်ုပ်တို့၏စိတ်ထဲတွင် ထားသင့်သည်။ "ငါ့ထံ၌နည်းခံကြလော့။ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။" (မဿဲ ၁၁:၂၉)။

လူအားလုံးတို့တွင် ခရစ်ယာန်များသည် အနှိမ့်ချဆုံးသူများ ဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုကယ်တင်နိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်သည်။ အမှီပြုသူများဖြစ်၍၏။ ကျွန်ုပ်တို့ကိုကယ်တင်ရန် အပြင်မှဖြောင့်မတ်ခြင်းကိုလိုအပ်သည်။ ထိုနောက် မိမိကိုယ်ဖြင့် မဖြစ်နိုင်သောပြောင်းလဲခြင်းကို ကျွန်ုပ်တို့ ကိုယ်တွင်း၌ပြုလုပ်ရန် တန်ခိုးအပေါ်လည်း အမှီတံကဲပြုလျက်ရှိသည်။ ကျွန်ုပ်တို့ဘာများဝါကြွားစရာရှိပါသနည်း။

(ရောမ ၁၂း၁၈) ကိုဖတ်ပါ။ ယခုသင်၏အသက်တာတွင် (ရောမ ၁၂း၁၈) ၌ ပေါလုပေးသည့်အကြံဉာဏ်ကို ကောင်းအောင် ဘယ်ကဲ့သို့အသုံးချသနည်း။ ကျမ်းစာတော်မြတ်ပြောတော်မူသည့် အတိုင်း ပြုလုပ်နိုင်ရန် သင်၏သဘောထားများကို ဘယ်ကဲ့သို့ပြောင်းလဲ ရမည်နည်း။

### အင်္ဂါ စက်တင်ဘာ ၁၄

### ခေါင်းဆောင်များနှင့်အတူတကွအလုပ်လုပ်ခြင်း။ (ရောမ ၁၃း၁–၇)။

အစိုးရမင်းများနှင့်ဘယ်ကဲ့သို့အလုပ်လုပ်ရန် အခြေခံစည်းမျဉ်း များကို (ရောမ ၁၃း၁–၇) တွင် ဘယ်ကဲ့သို့သင်ကြားရယူမည်နည်း။

ပေါလုဤစကားများကို ရေးသားချိန်၌ ဘာသာရေးတရား မရှိ၊ နတ်ဝတ္တု၊ သဘာဝရေမြေကို ကိုးကွယ်သောသူများက ကမ္ဘာကို အုပ်စိုးသည့်ရောမအင်ပါယာ (empire) ခေတ်ဖြစ်သည်မှာ အလွန်စိတ် ဝင်စားဖွယ်ကောင်းသည်။ ရောမခေတ်သည် အလွန်ရက်စက်ဆိုးညစ် သောခေတ်ဖြစ်သည်။ မှန်ကန်သည့်ဘုရားသခင်အကြောင်းကို လုံးဝ



သိရှိခြင်းမရှိပါ။ များမကြာမီနှစ်တွင် ထိုဘုရားသခင်ကိုကိုးကွယ်သော ခရစ်ယာန်များကို ရောမတို့စတင်တိုက်ခိုက်တော့မည်ဖြစ်သည်။ ပေါလု သည် ရောမအစိုးရ၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ထိုသို့သော အုပ်စိုးသူများအောက်၌ပင် ခရစ်ယာန်များကို ကောင်းသည့်နိုင်ငံသား များဖြစ်ရန် ပေါလုတိုက်တွန်းပါသလား။ မှန်ပါ၏။ အဘယ်ကြောင့် ဆိုသော် အစိုးရဆိုသည့်သဘောကို ကျမ်းစာတစ်လျှောက်လုံးတွင် တွေ့ရှိနိုင်ခြင်းကြောင့်ဖြစ်သည်။ အစိုးရ၏ဥပဒေသများသည် ဘုရားသခင်ကောင်းချီးပေးသည်။ လူသားများသည် စည်းမျဉ်း စည်းကမ်း၊ ဥပဒေသစိုးမိုးသည့် လူ့အဖွဲ့အစည်းထဲ၌ နေထိုင်ရန် လိုအပ်သည်။ အစိုးရမရှိသောတိုင်းပြည်သည် ကျမ်းစာတော်မြတ်က အားပေးခြင်းမရှိပါ။

သို့သော် ဤအချက်ကား အစိုးရတိုင်းကို ဘုရားသခင် ထောက်ခံသည်မဟုတ်ပါ။ သမိုင်းနှင့်ယနေ့ကမ္ဘာတွင် ရက်စက်သည့် အစိုးရမင်းများလည်းရှိသည်။ ထိုသို့သောအခြေအနေများ၌ပင် ခရစ်ယာန်များသည် တိုင်းပြည်၏ဥပဒေများကို ဖြစ်နိုင်သမျှ လိုက်လျှောက်သင့်သည်။ ဘုရားသခင်၏အလိုတော်နှင့် မဆန့်ကျင် ခဲ့သော် ခရစ်ယာန်များသည် အစိုးရအပေါ်သစ္စာရှိပြီး ထောက်ပံ့ရ မည်ဖြစ်သည်။ အစိုးရကိုမဆန့်ကျင်မီ သေချာစွာဆုတောင်းပြီး စဉ်းစား သင့်သည်။ ပရောဖက်များဟောကြားထားသည်မှာ ဘုရားသခင်၏ သစ္စာရှိနောက်လိုက်များသည် တစ်နေ့သောအချိန်၌ လောကကိုအုပ်စိုး ရသောတန်ခိုးနှင့်ဆန့်ကျင်ကာ ဘုရားသခင်၏ဥပဒေရှေ့တွင် ရပ်ကာ စီရင်ခြင်းခံရမည်ဖြစ်၏။ ထိုအချိန်ရောက်ရှိသည်အထိ ကျွန်ုပ်တို့သည် မည်သည့်နိုင်ငံမှာနေထိုင်သည်မဆို ကောင်းသောနိုင်ငံသားများတတ် နိုင်သရွေ့ဖြစ်သင့်သည်။

## **ဗုဒ္ဓဟူး** **စက်တင်ဘာ ၁၅**

**သူတစ်ပါးနှင့်ပြုမူဆက်ဆံခြင်း။ (ရောမ ၁၃း၈)။**

(ရောမ ၁၃း၈) ကို ဘယ်ကဲ့သို့နားလည်သနည်း။ ကျွန်ုပ်တို့တွင် ချစ်ခြင်းမေတ္တာရှိပါက ဘုရားသခင်၏ပညတ်တရားကို စောင့်ရန်မလိုဟုဆိုသလော။

(ရောမ ၁၃း၉၊၁၀) တွင် ပညတ်တရားကိုစောင့်ခြင်းဖြင့် ချစ်ခြင်းမေတ္တာ၏စည်းမျဉ်းများကိုပြရန် မည်သည့်ပညတ်ကို ဥပမာအဖြစ် ပေါလုအသုံးပြုသနည်း။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ချစ်ခြင်းမေတ္တာသည် အသစ်စည်းမျဉ်းမဟုတ်ပါ။ (ဝတ် ၁၉း၁၈) ကို ပေါလုရည်ညွှန်းကောက်နုတ်ပြသည်။ "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ ချစ်ခြင်းမေတ္တာ၏စည်းမျဉ်းသည် ဓမ္မဟောင်းကျမ်းစနစ်တွင် အရေးကြီးသောအပိုင်းဖြစ်သည်ကို ပေါလုပြသသည်။

အဓိကသတင်းစကားကို လေ့လာပါ။ ပေါလုသည် တစ်ယောက်နှင့်တစ်ယောက်ဘယ်ကဲ့သို့ဆက်ဆံရမည်ကို ပြောနေခြင်းဖြစ်သည်။ ကိုယ်တိုင်တစ်ဦးနှင့်တစ်ဦးဆက်ဆံပုံကို ပြောနေခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ဤဆက်ဆံမှုနှင့်ဆိုင်သည့်ပညတ်တရားများကို ဗဟိုပြုပြီး စာရင်းပြုစုခြင်းဖြစ်သည်။

သင်နှင့်ဘုရားသခင်ဆက်ဆံပုံကို စိတ်ဝယ်ထားပြီး သင်နှင့်အခြားသူများဆက်ဆံပုံကို ဘယ်ကဲ့သို့ပြသနည်း။ ထိုသို့ဆက်ဆံခြင်း၌ချစ်ခြင်းမေတ္တာသည် အဘယ်မျှအရေးကြီးပါသနည်း။



## **ကြာသပတေး** **စက်တင်ဘာ ၁၆**

**ကျွန်ုပ်တို့ယုံကြည်သည်ထက်သာ၍နီး။ (ရောမ ၁၃း၁၁)။**

(ရောမ ၁၃း၁၁–၁၄) တွင် ပေါလုသည် မည်သည့်အဖြစ်အပျက်ကို ဖေါ်ပြနေသနည်း။ ထိုအဖြစ်အပျက်ကိုစောင့်နေစဉ် ကျွန်ုပ်တို့ဘယ်ကဲ့သို့ပြုမူနေထိုင်သင့်သနည်း။

ယုံကြည်သူများအား ပေါလုစကားပြောနေသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်။ သခင်ယေရှုပြန်လည်ကြွလာတော်မူမည်ဖြစ်သဖြင့် နိုးထပြီးအသင့်ဖြစ်ရန် သူတို့အား ပြောနေခြင်းဖြစ်သည်။ ထိုအခြင်းအရာများသည် နှစ်ပေါင်းနှစ်ထောင်လောက်ကပင် ရေးသားထားခြင်းဖြစ်သည်။ သို့သော် ခရစ်တော်ကြွလာလုနီးပြီဆိုသည်ကိုအမြဲမျှော်မှန်းထားရမည်။ မနက်ဖြန်၊ နောက်တစ်ပတ်၊ နောက်အနှစ် (၄၀) ၌ ကျွန်ုပ်တို့သည် သေခြင်းဖြင့် မျက်စိမှိတ်ရသော်လည်း ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အစဦး၌ ယုံကြည်ကစဉ်ထက်ပို၍နီးပြီဖြစ်၏။

ရောမအဆုံးအမစာတွင် ပေါလုသည် ဒုတိယကြွလာခြင်းအကြောင်းကို များစွာရေးသားထားခြင်းမရှိပါ။ သို့သော် ကောရိåKနှင့် သက်သာလောနိတ်အဆုံးအမစာများတွင် ပေါလုအသေးစိတ်ရေးသားထားသည်။ ဓမ္မသစ်ကျမ်းတွင် ဒုတိယကြွလာခြင်းသည် အလွန်အရေးကြီးသောခေါင်းစဉ်ဖြစ်သည်။ ဤအကြောင်းနှင့်၎င်း၏မျှော်လင့်ခြင်းမရှိခဲ့သော် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အလဟဿဖြစ်မည်သာတည်း။ ဒုတိယကြွလာတော်မူခြင်းမဖြစ်ခဲ့သော် "ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာသို့ရောက်၏" ဆိုသည်မှာ မည်သို့အနက်ရှိမည်နည်း။

ခရစ်တော်နောက်လတွင် တစ်ဖန်ပြန်ကြွလာမည်မှာသေချာသည်ဟု သင်သိသော် သင်၏အသက်တာကို ဘယ်ကဲ့သို့ပြောင်းလဲမည်နည်း။ အဘယ်ကြောင့်နည်း။ အကယ်၍သင်သည် သခင်ယေရှုမကြွလာမီ တစ်လအလိုမှာ ဤပြောင်းလဲမှုများကိုပြုလုပ်ရန် လိုအပ်ကြောင်းယုံကြည်ခဲ့သော် အဘယ်ကြောင့် ပြောင်းလဲခြင်းကို ယခုမပြုလုပ်သနည်း။ သင်၏သဘောထားဘယ်ကဲ့သို့ခြားနားပါသနည်း။

**သောကြာ** **စက်တင်ဘာ ၁၇**

**ထပ်ဆင့်လေ့လာရန်။**

"သခင်ဘုရားသည် မကြာမီကြွလာတော့မည်။ ကျွန်ုပ်တို့သည် သူ၏ပေါ်ထွန်းလာမှုအတွက် အဆင်သင့်စောင့်နေရမည်။ ကယ်တင်ခြင်းခံရသူများအဖြစ် သူ့ကိုတွေ့မြင်ရပြီး ကြိုဆိုရခြင်းသည် မည်မျှအံ့သြဖွယ်ကောင်းလိမ့်မည်နည်း။ ကျွန်ုပ်တို့စောင့်မျှော်နေသည်မှာကြာမြင့်ပြီ။ သို့သော် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းသည် လျော့နည်းလာရန်မဟုတ်ပါ၊ ဘုရင်အား တန်ခိုးနှင့်မြင်ရသောကျွန်ုပ်တို့သည် ထာဝရကောင်းချီးမင်္ဂလာရရှိမည်ဖြစ်၏။ ကျွန်ုပ်ကျယ်လောင်စွာအော်ပြောရမည်ဟု ခံစားရသည်။ "အိမ်တော်သို့ဦးတည်ပြီ" သူ၏အသွေးတော်ဖြင့် ကယ်တင်ခြင်းခံရသူအပေါင်းတို့အား ၎င်းတို့၏ထာဝရအိမ်တော်သို့ယူဆောင်သွားရန် ခရစ်တော်သည် တန်ခိုးကြီးစွာဖြင့် ပြန်လာတော့မည့်အချိန်သည် နီးပြီဖြစ်၏။"E.G. White, Testimonies for the Church, vol 8, p. 253 မှ ကောက်နုတ်သည်။

–ဝ–



**သင်ခန်းစာ (၁၃)**

## ဝေဖန်သုံးသပ်ခြင်း

စက်တင်ဘာ ၁၈ – ၂၄

**ဥပုသ်နေ့မွန်းလွဲပိုင်း** **စက်တင်ဘာ ၁၈**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ရောမ (၁၄–၁၆)။

**အလွတ်ကျမ်းချက်**

**"သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့် စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်ကြောင့် မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်တော်ရှေ့သို့ရောက်ရကြမည်။ (ရောမ ၁၄း၁၀)။**

လူတစ်ဦးသည် နာမည်ကျော်ဂျူးဘာသာရေး (Rabbi) ဆရာကြီးတစ်ဦးကို ခြေတစ်ချောင်းတည်းပေါ်ရပ်ကာ (TORAH) မောရှေ၏ပညတ်အထုံးအဖွဲ့များ၏အနက်ကို ရှင်းပြရန် တောင်းဆိုလိုက်သည်။ ခြေတစ်ချောင်းပေါ်ရပ်နေသော (Rabbi) ဆရာကြီးက "ခင်ဗျားကိုနာစေမည်ဟု ထင်သောအရာကို သူတစ်ပါးအား မပြုနှင့်၊ ဒါဟာ (TORAH) တစ်ခုလုံးဖြစ်တယ်။ ကျန်တာတွေက ဝေဖန်သုံးသပ်ချက်တွေပဲ" ဟု ပြန်လည်ဖြေဆိုလိုက်သည်။

(Rabbi) ဆရာကြီး၏ဖြေဆိုချက်ကို တစ်ဦးတစ်ယောက်သောသူသည် သဘောတူမည်မဟုတ်ပါ။ သို့သော် ဆရာကြီးပြောသည်မှာကောင်းသည့်အချက်ပါသည်။ ကျွန်ုပ်တို့ယုံကြည်ခြင်းတချို့

သည် အခြားယုံကြည်ချက်အပေါ် အခြေခံသောဖြောင့်မတ်ခြင်းများဖြစ်သည်။ ကျန်အခြားအချက်များသည် ဝေဖန်ပြောဆိုချက်များဖြစ်သည်။ ယခုအပတ်သင်ခန်းစာသည် ထိုဝေဖန်သုံးသပ်ချက်များအပေါ် ဆွေးနွေးမည်ဖြစ်သည်။ ဒီမတိုင်မီ ပေါလုသည် ကယ်တင်ခြင်းအကြောင်း၏အရေးကြီးသောစည်းမျဉ်းများအကြောင်းပြောနေခြင်းဖြစ်သည်။

ထိုနောက်ပေါလုသည် ဝေဖန်သုံးသပ်ခြင်းအချို့တို့ကို ဆွေးနွေးသည်။ ပေါလုသည် အချို့အချက်များတွင် အလွန်အားသန်သည်။ သို့သော် အချို့တို့တွင် အေးဆေးစွာပြောသည်။ အရေးမကြီးသည့်အတွက်ဖြစ်သည်။ ဝေဖန်ချက်များသာဖြစ်သည်။ အကြောင်းအချက်များမှာအရေးကြီးမည်မဟုတ်သော်လည်း ဤအရာများနှင့်သက်ဆိုင်ပြီး ကိုင်တွယ်ဆွေးနွေးသည့်ခရစ်ယာန်များတစ်ဦးနှင့်တစ်ဦးအပေါ် သဘောထားသည် အရေးကြီးမည်ဖြစ်၏။

## တနင်္ဂနွေ စက်တင်ဘာ ၁၉

**အားနည်းသောညီအစ်ကို။ (ရောမ ၁၄း၁–၃)။**

(ရောမ ၁၄း၁–၃) တွင် မည်သည့်စည်းမျဉ်းများကို ကျွန်ုပ်တို့ယူသင့်သနည်း။ အပိုဒ် (၃) တွင် ယုံကြည်အားနည်းသောသူအကြောင်းကို ပေါလုမကောင်းကြောင်းပြောဆိုနေသည်မဟုတ်ကြောင်းကိုနားလည်ရန် အရေးကြီးသည်။ ထိုသူကိုအဘယ်ကဲ့သို့ခွန်အားကြီးစေရန် အကြံပေးခြင်းမဟုတ်ပါ။ အယူသီးသူဟု ထင်ခြင်းခံရသောခရစ်ယာန်တစ်ဦးသည် ဘုရားသခင်လက်ခံတော်မူသည်ကို ပေါလုငြင်းခုံပြောဆိုသည်။ "ဘုရားသခင်သည် သူ့ကိုလက်ခံတော်မူပြီ။"



လေ့လာပြီးသည့်အချက်ပိုမိုရှင်းစေရန် (ရောမ ၁၄း၄) က ဘယ်ကဲ့သို့ပြသနည်း။

ယနေ့သင်ခန်းစာတွင် တွေ့ရှိသည့်စည်းမျဉ်းများကို ဆက်လက်သတိရရန် လိုအပ်သည်။ သို့သော် သင်သည် သူတစ်ပါး၏နှလုံးသားနှင့်အပြုအမူကို ကြားဝင်စီရင်ရန် လိုအပ်သောအချိန်နှင့်နေရာကားရှိပါသလား။ အခြေအနေတိုင်း၌ ကျွန်ုပ်တို့သည် နောက်ဆုတ်ပြီး လက်ပိုက်ကြည့်နေရမည်လား။ (ဟေရှာယ ၅၆း၁၀) တွင် ကင်းစောင့်များကို "အ၍မဟောင်နိုင်သောခွေး" ဟု ဖေါ်ပြထားသည်။ ဘယ်အချိန်တွင် ပြောရမည်၊ ဘယ်အချိန်တွင် ငြိမ်သက်စွာနေရမည်ကို ဘယ်ကဲ့သို့သိနိုင်မည်နည်း။ ဟန်ချက်ညီအောင်မည်ကဲ့သို့ထားရမည်နည်း။

## တနင်္လာ စက်တင်ဘာ ၂၀

**အကြင်ချိန်၊ တင်းပမာဏအတိုင်း---။ (ရောမ ၁၄း၁၀)။**

ကျွန်ုပ်တို့သည် သူတစ်ပါးအားစီရင်ရာ၌ ဘယ်ကဲ့သို့သတိထားရမည်ကို (ရောမ ၁၄း၁၀) တွင် ပေါလုဘယ်ကဲ့သို့အကြောင်းပြသနည်း။

တစ်ခါတစ်ရံကျွန်ုပ်တို့သည် သူတစ်ပါးကို ပြင်းထန်စွာဝေဖန်တတ်သည်။ ကျွန်ုပ်ကိုယ်တိုင်ပြုလုပ်သည့်အရာများကိုပင်လျှင်သူတစ်ပါးအား ကျွန်ုပ်တို့ပြောဆိုဝေဖန်တတ်သည်။ သို့သော် ပြုလုပ်သောအရာသည်တူသော်လည်း ကျွန်ုပ်တို့လုပ်သည်မှာသူတစ်ပါးထက်မဆိုးပါဟု သင်မည်မျှထင်ခဲ့သနည်း။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသူတော်ကောင်းအဖြစ် ဟန်ဆောင်နိုင်မည်။ သို့သော် ဘုရားသခင်ကိုလိမ်လည်၍မရနိုင်ပါ။

(ရောမ ၁၄း၁၁) တွင် ပေါလုရည်ညွှန်းသည့်ဓမ္မဟောင်းကျမ်းပိုဒ်သည် မည်မျှအရေးကြီးပါသနည်း။

လူတိုင်းတရားစီရင်ခြင်းကိုခံရမည်ဆိုသည့်အချက်ကို (ဟေရှာယ ၄၅း၂၃) တွင် ထောက်ခံထားသည်ကို တွေ့နိုင်သည်။ မည်သူမျှမည်သူ့အစားဖြေဆိုခွင့်မရှိ။ ဤအရေးကြီးသည့်အချက်မှာ အကျွန်ုပ်သည် ကျွန်ုပ်၏ညီအစ်ကိုစောင့်ရသောသူမဟုတ်ပါဟု ဆိုသည့်အချက်တည်း။ ထိုအချက်ကိုနှလုံးသွင်းကာ (ရောမ ၁၄း၁၄) တွင် ပေါလုပြောနေသည့်အရာကို သင်ဘယ်ကဲ့သို့နားလည်သနည်း။

လူတစ်ဦး၏အမှားအမှန်ခွဲခြားတတ်သည့်စိတ်ကို မည်မျှပင်ထိခိုက်လွယ်သည်ဟု ထင်ရပါစေ၊ မချိုးနှိမ်သင့်ပါ။ အားကြီးသောအသင်းတော်မှအသင်းဝင်များသည် ဤအချက်ကိုရှင်းစွာနားမလည်ပါ။ ခွန်အားနည်းသောသူများ၏အားနည်းချက်ကို မုန်းတီးပြီး ၎င်းတို့ကိုထိမိ၍လဲစရာအကြောင်း ဖြစ်စေသည်။

**အင်္ဂါ** **စက်တင်ဘာ ၂၁**

**စော်ကားမော်ကားမပြုနှင့်။ (ရောမ ၁၄း၁၅–၂၃)။**

ကျွန်ုပ်တို့အသက်တာ၏နယ်ပယ်အသီးသီးတွင် အသုံးပြုရန် (ရောမ ၁၄း၁၅–၂၃) တွင် မည်သည့်စည်းမျဉ်းများကို သင်ကြားရယူနိုင်မည်နည်း။

အပိုဒ်ငယ် (၁၇–၂၀) တွင် ပေါလုသည် ခရစ်ယာန်များ၏သွန်သင်ခြင်းအပိုင်းအမျိုးမျိုးကို အစီအစဉ်တကျပြန်ထားသည်။ ခရစ်ယာန်တို့သည် သက်သတ်လွတ်စားခြင်းနှင့် (နတ်ဘုရားများကို



ပူဇော်ခဲ့ပြီးသော) အသားများကို စားခြင်း၏ရွေးချယ်မှုအပေါ် ငြင်းခုံပြောဆိုမသင့်ပါ။ ထိုသို့ဖြစ်မည့်အစား ခရစ်ယာန်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းအပေါ် အာရုံစိုက်သင့်သည်။

အပိုဒ်ငယ် (၂၂) သည် လူများကိုမိမိတို့၏အမှားအမှန်ခွဲခြားဝေဖန်တတ်သောစိတ်တွင် ထားခြင်းအပေါ် ဆွေးနွေးသွားသည်။ သို့သော် ပေါလုသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်သတိပေးနှိုးဆော်ချက်ကိုပေးထားသည်။ “ကိုယ်လက်ခံသောအမှုမှာ ကိုယ်ကိုမစစ်ကြောမစီရင်သောသူသည် မင်္ဂလာရှိ၏။” ပေါလုသည် မည်သည့်အရာကိုသတိပေးနေသနည်း။ ဤအချက်သည် သူသွန်သင်ခဲ့ပြီးသောအခြားသဘောတရားများကို ဘယ်ကဲ့သို့ဟန်ချက်ညီစေသနည်း။

ကျွန်ုပ်တို့၏အပြောအဆို၊ အပြုအမူနှင့်အစားအသောက်ပင်လျှင် သူတစ်ပါးကိုအကောင်းသော်လည်းကောင်း၊ အဆိုးသော်လည်းကောင်း ဩဇာသက်ရောက်စေနိုင်သည်။ ထိုသူကိုသင်မတိုက်တွန်းပါဟု ဆိုငြားသော်လည်း ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးအပေါ် တာဝန်ရှိသည်။ အကယ်၍ကျွန်ုပ်တို့၏ပုံပမာသည် သူတစ်ဦးကိုလမ်းလွဲစေသော် ကျွန်ုပ်တို့မှာတာဝန်ကင်းမည်မဟုတ်ပါ။ သင်သည် မည်ကဲ့သို့သောပုံသက်သေကို ဆောင်သနည်း။ သင့်ပုံပမာနယ်ပယ်အသီးသီးတွင် လူများလိုက်လျှောက်ရာ၌ သင်စိတ်ချမ်းသာမှုခံစားရပါသလား။ သင်၏အဖြေသည် သင့်အကြောင်း ဘယ်ကဲ့သို့ပြောသနည်း။

**ဗုဒ္ဓဟူး စက်တင်ဘာ ၂၂**

**အထူးနေ့များကိုဂုဏ်ပြုခြင်း။ (ရောမ ၁၄း၄–၁၀)။**

(ရောမ ၁၄း၄–၁၀) တွင် ပေါလုပြောဆိုနေသည့်အကြောင်းကိုကျွန်ုပ်တို့ဘယ်ကဲ့သို့နားလည်ရမည်နည်း။ စတုတ္ထပညတ်အကြောင်းဖော်ပြထားခြင်းရှိပါသလား။ မရှိခဲ့သော် အဘယ်ကြောင့်နည်း။

ပတ်စဉ်ဥပုသ်အကြောင်း (ရောမ ၁၄း၅) တွင် ဖော်ပြရန်အနက်မရှိပါ။ ပေါလုသည် စတုတ္ထပညတ်ကို အရေးမစိုက်သည့်သဘောထားရှိမည်ဟု ကျွန်ုပ်တို့စဉ်းစားနိုင်ဖွယ်မရှိပါ။ ယခုလေ့လာခဲ့သောသင်ခန်းစာကို သတိပြုမှတ်သားခဲ့သော် ပေါလုသည် ပညတ်တရားကို နားထောင်စောင့်ရှောက်ရမည့်အချက်သည် အလွန်အရေးကြီးကြောင်း ပြောဆိုခဲ့သည်။ ပေါလုသည် စတုတ္ထပညတ်ကိုနတ်များပူဇော်ထားသည့်အသားမစားသူများနှင့်တန်းတူမထားလိုပါ။ ဤကျမ်းပိုဒ်များကို ဝမ်းနည်းစွာဖြင့် များစွာသောခရစ်ယာန်တို့သည်သတ္တမနေ့ဥပုသ်ကို သန့်ရှင်းစွာစောင့်ရန်မလိုအပ်ကြောင်း ဥပမာအဖြစ် အသုံးပြုကြသည်။ ဤကျမ်းပိုဒ်များသည် ထိုကဲ့သို့မဆိုပါ။ ၎င်းတို့သည် ဤကျမ်းပိုဒ်ကိုမှားယွင်းစွာသုံးစွဲခြင်းသည် ပေါလု၏ရေးသားမှုများအပေါ် ပေတရုသတိပေးသည့်ဥပမာကောင်းတစ်ခုဖြစ်သည်။ ကျမ်းပိုဒ်များ၏အနက်ကို ပြောင်းလဲခြင်းဖြင့် မိမိကိုယ်ကိုပျက်စီးစေမည်ဖြစ်၏။ (၂ပေ ၃း၁၆)။



**ကြာသပတေး စက်တင်ဘာ ၂၃**

**မှန်သည့်အပိတ်မင်္ဂလာ။ (ရောမ ၁၅း၁–၃)။**

(ရောမ ၁၅း၁–၃) တွင် မည်သည့်အရေးကြီးသောခရစ်ယာန်တို့၏ဖြောင့်မတ်ခြင်းတရားကို တွေ့ရှိနိုင်သနည်း။ ပေါလုသည် သူ၏အဆုံးအမစာကိုပိတ်သည့်အခါ (ရောမ ၁၅း၅၊၆၊၁၃၊၃၃) တွင် မည်သည့်ကောင်းချီးမင်္ဂလာအမျိုးမျိုးကို ပေးသနည်း။

သည်းခံသည့်ဘုရားသခင်ဆိုသည်မှာ သူ၏သားသမီးများကိုဆက်လက်သစ္စာရှိအောင်ကူညီသောဘုရားသခင်ဖြစ်သည်။ သည်းခံခြင်းဆိုသည်မှာ ခံနိုင်ရည်သတ္တိ၊ တည်ကြည်စွာဆက်လက်ခံစားနိုင်သည့်တန်ခိုးဖြစ်သည်။ ခွန်အားရှိသောဘုရားသခင်သည် ခွန်အားပေး၏။ မျှော်လင့်ခြင်းဘုရားသခင်သည် သူ၏လူတို့ကိုမျှော်လင့်ခြင်းပေး၏။ ထိုနည်းတူ ငြိမ်သက်ခြင်းဘုရားသခင်သည် သူ၏လူများသူ၌ငြိမ်သက်ခြင်းရှိရန် ငြိမ်သက်ခြင်းကိုပေး၏။

လူများကိုကိုယ်တိုင်နှုတ်ဆက်ပြီးနောက် (ရောမ ၁၆း၂၅–၂၇) တွင် ၎င်း၏အဆုံးအမစာကို ဘယ်ကဲ့သို့ပိတ်လိုက်သနည်း။

ဘုရားသခင်ကိုတန်ခိုးတော်နှင့်ပြည့်ဝသောချီးမွမ်းခြင်းဖြင့် ပေါလုသည် ၎င်း၏စာကိုနဂုံးချုပ်လိုက်သည်။ ရောမမြို့ရှိခရစ်ယာန်များနှင့်ခရစ်ယာန်အားလုံးတို့သည် စိတ်ချစွာဖြင့် ဘုရားသခင်ကိုကိုးစားနိုင်သည်။ ထိုကဲ့သို့ပြုခြင်းကြောင့် ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ရောက်ရှိပြီး ယခုဘုရားသခင်၏ဝိညာဉ်တော်၏ပို့ဆောင်သောကယ်တင်ခြင်းရရှိသည့် သားသမီးများဖြစ်ကြောင်း ထောက်ခံပြသခြင်းဖြစ်၏။

**သောကြာ** **စက်တင်ဘာ ၂၄**

**ထပ်ဆင့်လေ့လာရန်။**

"အသင်းတော်တွင် မိမိကိုယ်ကိုလွန်စွာလွတ်လပ်သည်ဟု ခံစားရသောသူများအစဉ်ရှိခဲ့သည်။ ဝိညာဉ်ရေးလွတ်လပ်မှုသည် မိမိကိုယ်ကိုအထင်ကြီးခြင်းနှင့် မိမိတို့၏ဆုံးဖြတ်ချက်အပေါ် အလွန်ယုံကြည်ကိုးစားခြင်းသို့ပို့ဆောင်မည်ကို ၎င်းတို့နားလည်ခြင်းမရှိပါ။ အသင်းတော်တွင် အတွေ့အကြုံများပြီး အများသူငါကြည်ညိုသောသူတို့၏အကြံဉာဏ်နှင့်စီရင်ချက်ကို မလေးစားဘဲ ထိုကဲ့သို့ပြုခြင်းဖြစ်သည်။" E.G.White, The Acts of the Apostles, pp. 163, 164 မှကောက်နုတ်သည်။

–၀–